**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သီလနှင့်လည်းကောင်း၊ ဉာဏ်ပညာနှင့်လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကိုသိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်သောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။ ဓမ္မပဒ


# မြဝတီ နေ့စဉ်

အများအမှန်ပိုင်းခြားသိမြင် မြဝတီနေ့စဉ်


**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၆)၊ အမှတ်(၅)

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက်
၂၀၂၆ ခုနှစ်၊ မေ ၂၃ ရက်၊ ကြာသပတေးနေ့


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သောကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

## မြန်မာ-ထိုင်းနှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်သည်နှင့်အညီ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ ရင်းနှီးပွင့်လင်းစွာဆွေးနွေး

**နေပြည်တော် မေ ၂၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkaew ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၊ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်တို့ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ ထိုင်းနိုင်ငံခြားရေးဝန်ကြီး၏အကြံပေး ပုဂ္ဂိုလ်များဖြစ်ကြသည့် H.E. Mr. Kallayana Vipattipumiprates နှင့်

**စာမျက်နှာ ၅ ကော်လံ ၁ ★**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkaew ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

## မြန်မာ-ထိုင်း နိုင်ငံခြားရေးဝန်ကြီးများ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပ

စာ - ၁၂ သို့

## ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းအနေဖြင့် လမ်းပန်းဆက်သွယ်မှု ခက်ခဲသည့်မြို့တို့သို့ လေယာဉ်ခရီးစဉ်များ တိုးချဲ့ပျံသန်းပြေးဆွဲမည်

စာ - ၁၀ သို့




# အယ်ဒီတာ့အာဘော်

(၂၀၂၆ ခုနှစ်၊ ဧပြီ ၂၃ ရက်)

## လွတ်လပ်ပြီးကြိုတင်ကန့်သတ်ချက်မထားသည့်ဆွေးနွေးပွဲများ

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် လွတ်လပ်ပြီး ကြိုတင်ကန့်သတ်ချက်များ မထားသည့် ဆွေးနွေးပွဲများကျင်းပပြုလုပ်နိုင်ရန် လေးနက်စွာဖိတ်ခေါ်ခြင်းကို ရုပ်မြင်သံကြားတွင် ဧပြီလ ၂၁ ရက်နှင့် နေ့စဉ်ထုတ်သတင်းစာများတွင် ဧပြီလ ၂၂ ရက်က စတင်ဖော်ပြထားသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းရန် အထူးလိုအပ်သည်ဟုယုံကြည်သည့် အလျောက် ယခုကဲ့သို့ ဆွေးနွေးပွဲများကိုဖိတ်ခေါ်ခြင်းဖြစ်သည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့်တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးသည်မဖြစ်မနေလိုအပ်သည်။ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့်ပွင့်လင်းမြင်သာမှုတို့ကိုအခြေခံ၍ NCA ပါသဘောတူညီချက်များကို ပြီးစီးအောင်မြင်သည်အထိ အတူတကွပူးတွဲအကောင်အထည်ဖော်နိုင်ရေး တွေ့ဆုံဆွေးနွေးရမည်ဖြစ်သည်။ NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် မိမိတို့ဒေသနှင့်နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှစ်ဖက်သဘောတူညီထားသည့်သဘောတူညီချက်များအတိုင်း နိုင်ငံတော်အစိုးရနှင့်လက်တွဲပူးပေါင်းပြီး ရေရှည်တည်တံ့ခိုင်မြဲသောငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေး တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်ကြရမည်ဖြစ်သည်။

NCA လက်မှတ်ရေးထိုးထားပြီး အကြောင်းအမျိုးမျိုးကြောင့် NCA လမ်းကြောင်းမှသွေဖည်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများဖြင့် ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းအဖြေရှာနိုင်ရေးအတွက် နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးမှု (Political Dialogue) များ ပြန်လည်လုပ်ဆောင်ရမည်ဖြစ်သည်။ ဧပြီလ ၂၁ ရက်မှစ၍ ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်အတွင်း ငြိမ်းချမ်းရေးဖိတ်ခေါ်မှုကိုအသိအမှတ်ပြုလျက် ဆွေးနွေးပွဲများဆောင်ရွက်ရန် လေးနက်စွာဖိတ်ခေါ်ထားခြင်းဖြစ်သည်။

သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့်လည်း တိုင်းရင်းသားပြည်သူလူထု၏အကျိုးစီးပွားနှင့် ငြိမ်းချမ်းရေးဆန္ဒကိုရှေးရှုပြီး နိုင်ငံတော်အစိုးရ၏ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းများကို ဆောင်ရွက်ရန် တာဝန်ပေးအပ်ထားသည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့်ဆက်သွယ်ဆောင်ရွက်နိုင်ပါရန်နှင့် ထိရောက်သောငြိမ်းချမ်းရေးဆွေးနွေးပွဲများဖြစ်မြောက်ရေးအတွက် သက်ဆိုင်ရာအသင်းအဖွဲ့များ၊ Stakeholder များမှ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီက တိုက်တွန်းထားသည်။

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးမှာအရေးအကြီးဆုံးအချက်ဖြစ်ပေရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် မိမိတို့၏ကိုယ်ကျိုးစီးပွားထက် ဒေသခံပြည်သူတို့၏ကောင်းကျိုးစီးပွားကို တန်ဖိုးထားသင့်ပြီဖြစ်သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အစိုးရအဆက်ဆက်တွင် အလေးထားဆောင်ရွက်ခဲ့ကြသည်။ ရလဒ်ကောင်းများပေါ်ထွက်ရန် အခြေအနေကောင်းများရှိနေစဉ်တွင် မလိုစိတ်ထားဖြင့်နှောင့်ယှက်သူများကြောင့် ငြိမ်းချမ်းရေးမှာ ရှေ့မတိုးသာနောက်မဆုတ်သာဖြစ်နေခဲ့သည်။ အချို့သောလက်နက်ကိုင်အဖွဲ့များအနေဖြင့် နောက်ပြန်လှည့်သည့်အခြေအနေများ၊ ငြိမ်းချမ်းရေးကို ဖျက်ဆီးမှုအခြေအနေများနှင့်ကြုံတွေ့ခဲ့ရသည်။

တပ်မတော်အနေဖြင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့်ဆက်လက်လျှောက်လှမ်းလျက်ရှိပြီး ငြိမ်းချမ်းရေးကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက်လည်း ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ်သတ်မှတ်ဆောင်ရွက်ခဲ့သည်။ NCA လက်မှတ်ရေးထိုးပြီးသည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် (၈၉) ကြိမ်၊ NCA လက်မှတ်ရေးထိုးထားခြင်းမပြုရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့်(၂၅)ကြိမ်၊ နိုင်ငံရေးပါတီများနှင့် (၂၂)ကြိမ်၊ ငြိမ်းချမ်းရေးအကျိုးဆောင်များနှင့် (၁၃)ကြိမ် စုစုပေါင်း (၁၄၉)ကြိမ် တွေ့ဆုံညှိနှိုင်းဆွေးနွေးနိုင်ခဲ့သည်။

တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိမှသာ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် NCA လက်မှတ်ရေးထိုးထားသော EAOs များ၊ NCA လက်မှတ်ရေးထိုးမထားသော EAOs များအပြင် PDF များအားလုံးအနေဖြင့် ပြည်ထောင်စုကြီးတစ်ခုလုံး၏အကျိုးစီးပွားကိုရှေးရှုပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကိုဦးစားပေးဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရက လေးနက်စွာဖိတ်ခေါ်ကမ်းလှမ်းသည့် ငြိမ်းချမ်းရေးအခင်းအကျင်းသစ်ဆီသို့ သတ်မှတ်ရက်အမီအရောက်လှမ်းလာကြရန်ဖြစ်ပါကြောင်း တိုက်တွန်းအပ်ပါသည်။ ။

# အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ခန့်အပ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

အမိန့်အမှတ် ၄၇/၂၀၂၆

၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၇ ရက်

(၂၀၂၆ ခုနှစ်၊ ဧပြီလ ၂၂ ရက်)

**အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်ခန့်အပ်ခြင်း**

နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်သမ္မတရုံးတို့အား အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဘက်ပေါင်းစုံမှ လေ့လာသုံးသပ်အကြံပြုနိုင်ရန်အတွက် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းအား အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)မင်းအောင်လှိုင်**

**နိုင်ငံတော်သမ္မတ**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# မုံရွာမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော မြေပဲစိုက်ခင်းများ ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး

မုံရွာ ဧပြီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်၌ ဆောင်းသီးနံ့စိုက်ပျိုးချိန်တွင် မြေပဲဧက ၆၈၆၀ အထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် စိုက်ပျိုးထားသောမြေပဲစိုက်ခင်းများကို ဇန်နဝါရီလမှစတင်၍ နုတ်သိမ်းကြရာ ယခုအချိန်တွင် ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးနေပြီဖြစ်သည်။

"မုံရွာမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ မြေပဲသီးနှံဧက ၆၈၆၀ အထိပဲစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲစိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့်နုတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်ကပြောသည်။

မုံရွာမြို့နယ်၌ မြေပဲစိုက်ခင်းများအား အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် စိုက်ခင်းများအတွင်းကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ဆောင်ရွက်ပေးသည်။

စိုက်ပျိုးမြေများတွင် တစ်သီးစားကိုသာစိုက်ပျိုးခြင်းထက် သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကာ စိုက်ပျိုးရေးအခြေခံလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေနှင့်စိုက်ပျိုးရေးနည်းစနစ်ကို မှန်ကန်စွာအသုံးချခြင်းဖြင့် တောင်သူများ စိုက်ပျိုးဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (၄၀၉)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၃-၄-၂၀၂၆(ကြာသပတေးနေ့)

၁။ ၀၆:၀၃ တရားတော်
၂။ ၀၆:၄၅ ဓမ္မပူဇာတေး
၃။ ၀၇:၀၀ နုပျိုလှပကျန်းမာဖို့ လမ်းလျှောက်ကြပါစို့
၄။ ၀၇:၁၀ ကိုယ်လက်လှုပ်ရှား အားကစား
၅။ ၀၈:၂၀ မျိုးချစ်တပ်မတော်
၆။ ၀၉:၂၀ ကျန်းမာသုတ
၇။ ၁၀:၃၀ သာယာသီကြွေးခေတ်ဆန်းတေး
၈။ ၁၁:၄၅ လူတိုင်းကျန်းမာသိမှတ်စရာ
၉။ ၁၂:၃၀ မြန်မာသံစဉ်ချိုနားဝင်
၁၀။ ၁၃:၁၅ တစ်ပတ်အတွင်း ထိပ်တန်းရောက် ကမ္ဘာ့သတင်းသုံးသပ်ချက်များ
၁၁။ ၁၄:၅၅ မှတ်သားလိုက်နာ ပုံပမာ
၁၂။ ၁၇:၂၀ လူသားတို့နှင့်ဆိုက်ဘာအန္တရာယ်
၁၃။ ၁၇:၃၅ ကျင့်ကြံပွားများလိုက်နာစရာ (၃၈) ဖြာမင်္ဂလာ
၁၄။ ၁၇:၅၀ ယဉ်ကျေးလိမ္မာ ဓမ္မတေးကဗျာ
၁၅။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း**
**ပုဂံမှာသာတဲ့လ (ဒုတိယပိုင်း)**
**သရုပ်ဆောင်-ရန်အောင်၊**
**မေသန်းနု**
**ဒါရိုက်တာ-မြတ်တင်အေး**

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဆွေဇင်သိမ့်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၆၇-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၇-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၄၄၄၁၈၆၉၁၊ ၀၈၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ရန်ကုန်မြို့၌ မဟာသင်္ကြန်ပွဲတော်ကာလအတွင်း မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ (CNG) များကို ယခင်နှစ်ထက် ပိုမိုရောင်းချပေးနိုင်ခဲ့



ရန်ကုန် ဧပြီ ၂၂

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာနအနေဖြင့် ရန်ကုန်မြို့၌ ယခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလ အတွင်း မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့(CNG) များကို ယခင်နှစ်ထက် တစ်ရက်လျှင် ယာဉ်အစီးရေ ၅၀၀၀ ခန့်အတွက် ပိုမိုရောင်းချပေးနိုင်ခဲ့ကြောင်း မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာနမှ သိရသည်။

ပြီးခဲ့သည့်သင်္ကြန်ပွဲတော်ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး၌ အများပြည်သူသွားလာရေးအဆင်ပြေချောမွေ့စေရန် သင်္ကြန်အကြိုနေ့မှ သင်္ကြန်အတက်နေ့အထိ (ဧပြီလ ၁၃ ရက်မှ ၁၆ ရက်အထိ) ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပိုက်လိုင်းဖြင့်ပို့လွှတ်ပြီး ဖြန့်ဖြူးရောင်းချနေသော CNG အရောင်းဆိုင် ၃၅ ဆိုင်ကို ဖွင့်လှစ်ရောင်းချကာ တွဲကားများဖြင့် ဖြန့်ဖြူးရောင်းချနေသော CNG အရောင်းဆိုင်ခြောက်ဆိုင်ကို ခေတ္တအရောင်းပိတ်ထားခဲ့သည်။

"ဒီနှစ်သင်္ကြန်ပွဲတော်ကာလအတွင်း သင်္ကြန်အကြိုနေ့ကနေ အတက်နေ့အထိ တစ်ရက်ကို ယာဉ်အစီးရေ ၂၅၀၀၀ လောက်အတွက် CNG ဖြည့်တင်းရောင်းချပေးခဲ့ပါတယ်။ အရင်နှစ်သင်္ကြန်တုန်းကတော့ တစ်ရက်ကို ပျမ်းမျှအားဖြင့် ယာဉ်အစီးရေ ၂၀၀၀၀ လောက်အတွက် ဖြည့်တင်းရောင်းချပေးခဲ့တဲ့အတွက် ဒီနှစ်မှာ ပြီးခဲ့တဲ့နှစ်ထက် တစ်ရက်ကို ယာဉ်အစီးရေ ၅၀၀၀ လောက်အတွက် ပိုမိုရောင်းချပေးနိုင်ခဲ့ပါတယ်"ဟု မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာန ညွှန်ကြားရေးမှူး ဦးခွန်မျိုးသန့်ကပြောသည်။

ယခင်နှစ်က မဟာသင်္ကြန်ပွဲတော်ကာလအတွင်း CNG အရောင်းဆိုင် ၂၂ ဆိုင်သာ ဖွင့်လှစ်ရောင်းချခဲ့ပြီး ယခုနှစ် သင်္ကြန်ပွဲတော်ကာလအတွင်း တွဲကားများဖြင့် ဖြန့်ဖြူးရောင်းချပေးနေသော CNG အရောင်းဆိုင်များမှအပ ကျန် CNG အရောင်းဆိုင်အားလုံးကို ဖွင့်လှစ်ရောင်းချပေးခဲ့ကြောင်း၊ ထို့ပြင် ယခင်နှစ်သင်္ကြန်ပွဲတော်ကာလအတွင်း တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ကုဗပေ ၁၀ သန်းခန့် ဖြန့်ဖြူးရောင်းချပေးခဲ့ပြီး ယခုနှစ်သင်္ကြန်ပွဲတော်ကာလအတွင်း တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ကုဗပေ ၁၃ သန်းခန့် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်း သိရသည်။ **ဆောင်းဦး**

## အသက် ၁၁ နှစ်မှ ၁၄ နှစ်အရွယ် ကျောင်းသား ကျောင်းသူများအတွက် ဂျပန်စာသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဧပြီ ၂၂

အသက် ၁၁ နှစ်မှ ၁၄ နှစ်အရွယ် ကျောင်းသား၊ ကျောင်းသူများအတွက် ဂျပန်စာအခမဲ့သင်တန်း ဖွင့်လှစ်မည်ဖြစ်ကြောင်း ဂျပန်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်အရ သိရသည်။

ဂျပန်ဖောင်ဒေးရှင်း ရန်ကုန်-ဂျပန် ယဉ်ကျေးမှုစင်တာ(JFYG) မှ ၂၀၂၄ ခုနှစ် နွေရာသီဂျပန်စာအခမဲ့သင်တန်းဖွင့်လှစ်ပေးမည်ဖြစ်ပြီး ဂျပန်စာသင်တန်းတွင် တက်ရောက်ဖူးသူများလည်း လျှောက်ထားနိုင်ကြောင်း သိရသည်။

ယင်းသင်တန်းကို ဧပြီလ ၂၈ ရက်မှ မေလ ၂၂ ရက်အတွင်း အပတ်စဉ် အင်္ဂါနေ့နှင့် သောကြာနေ့ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားပေးမည်ဖြစ်သည်။

အဆိုပါဂျပန်စာသင်တန်းတက်ရောက်မည့်သူများအနေဖြင့် အုပ်ထိန်းသူနှင့်အတူ ဂျပန်ဖောင်ဒေးရှင်းသို့ လာရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက်ရန် လူဦးရေကန့်သတ်ထားကြောင်း သိရသည်။

ဂျပန်စာသင်တန်း တက်ရောက်လိုသူများအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် နတ်မောက်လမ်းရှိ ဂျပန်ဖောင်ဒေးရှင်း ရန်ကုန်-ဂျပန် ယဉ်ကျေးမှုစင်တာ(JFYG)၌ လျှောက်ထားနိုင်ကြောင်း သိရသည်။

**ဖြူဖြူ**

## အုတ်တွင်းမြို့နယ် ကသစ်တန်းရပ်ကွက်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးကွင်းဆင်းဆောင်ရွက်



အုတ်တွင်း ဧပြီ ၂၂

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်အတွင်း စာပေဖတ်ရှုသည့်အလေ့အကျင့်ကောင်းများရရှိစေရန်၊ အသိပညာဗဟုသုတများ တိုးပွားစေရန်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးခြင်းကို ဧပြီလ ၂၁ ရက်က ကသစ်တန်းရပ်ကွက်၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မူမူဝင်းက လူငယ်ရေးရာဆိုင်ရာ အကြောင်းအရာများကို အသိပညာပေးဟောပြောပြီး မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ ဌာနခွဲစာရေးဦးအောင်ဝင်းက စားသုံးသူကာကွယ်ရေးဆိုင်ရာများနှင့် စားသုံးသူအခွင့်အရေးရှစ်ချက်ကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်ခင်မာက ကျောင်းသား၊ ကျောင်းသူများအား စာပေဖတ်ရှုခြင်းဖြင့် ရရှိလာမည့်အကျိုးကျေးဇူးများကို အသိပညာဟောပြောပြီး အသိပညာဗဟုသုတများတိုးပွားစေရန်နှင့် စာဖတ်သည့်အလေ့အကျင့်များရရှိစေရန် ရည်ရွယ်၍ စာအုပ်စာစောင်များနှင့် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များကို သုံးဘီးမော်တော်ယာဉ်ဖြင့် လှည့်လည်ပြသခဲ့ကြောင်း သိရသည်။ **ခင်ခင်မာ(ပြန်/ဆက်)**

## ကျောက်ဖြူမြို့နယ်၌ မျှင်ငါးပိများဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ကျောက်ဖြူ ဧပြီ ၂၂

ရခိုင်ပြည်နယ် ... 



# အရိပ်

**မစန္ဒာ**

**ယမန်နေ့မှအဆက်**

စုလှိုင်သည် မှည့်ဝါနေသောသနပ်ခါးပန်းများကို အခိုင်လိုက် ခူးယူလိုက်သည်။ ညီလင်းသည် စုလှိုင်၏မျက်နှာလေးကို စူးစိုက်ကြည့်နေသည်။ သံဝေဂ၏အရိပ်အယောင်များ ယှက်သန်းနေသောမျက်နှာလေးသည် ညှိုးရော်နေသည်။ စွဲမက်ဖွယ်၊ သနားဖွယ်ကောင်းနေသည်။ သနပ်ခါးပွင့်ဝါဝါလေးများက သင်းပျံ့မွှေးထုံနေလေသည်။ အမှည့်လွန်နေသော အပွင့်ဝါလေးများကမူ မြေပေါ်သို့ကြွေကျသွားကြလေသည်။

'မမစု၊ အားကိုးရာဖို့ကောင်းပြီ'

"ဒို့က အဖေအရင်း၊ အမေအရင်းကိုတောင် အားကိုးခဲ့တာမဟုတ်ဘူး"

ညီလင်းညိုကိုမြင်သောအခါ ထွန်းသည် အိမ်ထဲမှပြေး၍ထွက်လာသည်။ သို့သော် စုလှိုင်နှင့်ရပ်၍ စကားပြောနေသည်ကိုတွေ့သောအခါတွင်ကား ခြေလှမ်းတုံ့သွားလေသည်။ ညီလင်းကို ပြုံးရယ်ပြလိုက်ပြီး ကွေ့ရှောင်ထွက်သွားလေသည်။

'မမစုက တစ်သက်လုံး ကိုယ်ထင်တာ ကိုယ်လုပ်ခဲ့တာပဲ၊ ဘယ်သူ့ကိုမှ အားမကိုးဘူးဆိုတာ ကျွန်တော်သိပါတယ်'

'စုက မွေးလာကတည်းက တစ်ယောက်တည်းပါ၊ သေရင်လည်း တစ်ယောက်တည်း သေရမှာပဲ မဟုတ်လား'

'ဟုတ်ပါတယ်၊ လူတိုင်း လူတိုင်းတစ်ယောက်တည်းမွေးပြီး တစ်ယောက်တည်း သေကြရတာပဲ၊ ဒါပေမဲ့ နေတဲ့ဘဝမှာတော့ အမှီသဟဲရှိကြတယ်၊ အဖော်ရှိကြတယ်လေ'

'စု ဘယ်သူ့ကိုမှ မယုံဘူး'

'ကျွန်တော့်ကိုရော'

'မယုံဘူးကွယ်၊ ဘယ်လိုလုပ်ပြီး ယုံရမှာလဲ'

'ကောင်းပါတယ်၊ မယုံပါနဲ့၊ ကျွန်တော်ကလည်း မမစုကိုမယုံဘူး'


'ဘာရယ်'

'စုကိုမယုံဘူး၊ ဒါပေမဲ့ သနားနေတယ်'

'မသနားရဘူး၊ ဒီစကားထပ်မပြောနဲ့'

စုလှိုင်က ကဲကဲဆတ်လေးပြောသည်။ မှုန်ရီဝေမှိုင်းနေသော မျက်လုံးလေးတွင် မာနရိပ်ကလေးပြန်ပြီး ထင်ဟပ်လာလေသည်။ ညီလင်း၏ရင်ခွင်တွင် ပန်းလျှစွာနွဲ့မှီလိုစိတ်နှင့် ခါးသီးစွာတွန်းပစ်လိုစိတ်က ရင်ထဲတွင် ပဋိပက္ခဖြစ်လာကြရပြန်လေသည်။

ညီလင်းသည် သူ့လက်ထဲမှ သနပ်ခါးပန်းဝါဝါလေးကို ရှိုက်နမ်းရင်း မချိပြုံးပြုံးလိုက်သည်။ သူ့လက်ခုံပေါ်မှအမာရွတ်ကလေးကို စိုက်ကြည့်ရင်း အတန်ကြာ



အောင် ငြိမ်နေလေသည်။ အမာရွတ်ဖြူဖြူလေးက ကွေးကွေး ဝိုက်ဝိုက်လေးဖြစ်သည်။ စုလှိုင်က သူ့လက်ခုံကို တအားကိုက်လိုက်စဉ်က ခံစားခဲ့ရသလို ယခုပြန်ပြီး တစစ်စစ်နာကျင်နေသည်ဟု ထင်မိသည်။

'ကျွန်တော်လည်း မိန်းမယူရတော့မလားမသိဘူး'

'ဟင်'

'မေမေတို့က စပ်နေကြတယ်၊ ဖေဖေ့မိတ်ဆွေတစ်ယောက်ရဲ့သမီးပဲ'

ညီလင်းက စုလှိုင်ကို အကဲခတ်သလိုကြည့်နေသည်။ စုလှိုင်သည် ရုတ်တရက်မျက်နှာပျက်သွားသော်လည်း ချက်ချင်းပြင်လိုက်သည်။ သူ့ကို စူးစိုက်ပြီးကြည့်နေသောညီလင်းကို အပြုံးချိုချိုလေးပြုံးပြလိုက်လေသည်။

'ဟုတ်လား၊ ဩော် ညီလင်း လက်ထပ်တော့မယ်လား'

စုလှိုင်က တစ်ဦးတည်းပြောနေသလို ပြောလိုက်သည်။ ထို့နောက် ပြုံးရယ်လိုက်ပြန်သည်။ ရင်ထဲမှ နှလုံးသားကမူ စည်းချက်ကျကျလှုပ်ရှားနေရာမှ နှေးလိုက်မြန်လိုက်ဖြစ်လာသည်။ လက်ဖျားလေးများ အေးလာသည်။

'ကောင်းတာပေ့ါကွယ် ကောင်းတာပေ့ါ'

'ဩော်၊ ကောင်းသတဲ့လား'

'ဒါပေ့ါ'

'စုက သဘောတူတယ်ပေ့ါလေ'

'ဘာများမတူစရာရှိလို့လဲကွယ်'

'ကျွန်တော် မိန်းမယူလိုက်ရတော့မယ်ပေ့ါ'

'ယူပေ့ါ'

'တကယ်လား'

'ဩော်ကွယ် တကယ်ပေ့ါ'

သူတို့နှစ်ဦးသည် တစ်ဦးကိုတစ်ဦး ငြိုးသူရန်ဘက်လို ကြည့်မိကြပြန်သည်။ နှစ်ဦးစလုံး၏ရင်ထဲတွင် ကျင်နေအောင်နာနေသည်။ သို့သော် တစ်ဦးကိုတစ်ဦး အသိမပေးချေ။ နာကျင်နေသောနှလုံးသားကို သံသယအစိုင်အခဲ၊ မာနအစိုင်အခဲများကြားထဲတွင် ဝှက်ထားကြလေသည်။

'ကောင်းပြီ ကျွန်တော် ဖိတ်စာပို့လိုက်မယ်'

'ဆက်ဆက်ပို့'

စုလှိုင်က ရွှင်ပျစွာပြောသည်။ သူ့ကို အသေအချာအကဲခတ်နေသောညီလင်းကို တစ်ချိန်လုံး ပြုံးပြနေခဲ့သည်။ ညီလင်း၏မျက်နှာသည် နီနေသော်လည်း အပြုံးမပျက်၊ နှုတ်ဆက်ပြီးပြန်သွားလေသည်။

သူ့ကို ကျောခိုင်းသွားသောညီလင်း၏ကျောပြင်ကိုစိုက်ကြည့်ရင်း စုလှိုင်သည် နှုတ်ခမ်းကို တင်းတင်းလေးဖိပြီး ကိုက်ထားမိသည်။ ညီလင်း၏ သုံးဘီးကားကလေး ခြံထဲမှထွက်သွားသည်အထိ မလှုပ်မယှက်ငြိမ်နေသည်။ ကားလေးပျောက်သွားသောအခါမှ သူ့လက်ထဲမှ သနပ်ခါးပန်းများကိုဖိခြေပြီး မြေပေါ်သို့ လွှင့်ကြဲပစ်လိုက်လေသည်။ သူ့နှုတ်ခမ်းတွင် ခိုတွယ်နေသော အပြုံးချိုချိုလေးသည်လည်း လွင့်စဉ်ပြီး ထွက်ပြေးသွားလေသည်။ ထို့နောက် မျက်ရည်တစ်စက်မှမကျဘဲ ရှိုက်လိုက်မိသည်။

'ဒက်ဒီ အို မာမီ၊ စုကိုဘာလို့ထားခဲ့ကြတာလဲ'

စုလှိုင်သည် မြက်ခင်းပေါ်တွင် ပန်းလျှနွမ်းနယ်စွာထိုင်ချလိုက်သည်။ ဒက်ဒီမဆုံးမီက စုလှိုင်ကို နိုင်ငံခြားသို့ စေလွှတ်ရန်စီစဉ်ခဲ့လေသည်။ အမေရိကားတွင်ရှိ သူ၏မိတ်ဆွေတစ်ဦးနှင့်ဆက်သွယ်ကာ စုလှိုင်အတွက် အလုပ်ရှာပေးခဲ့သည်။ 'ဟိုမှာက အစစအရာရာတိုးတက်တယ်စု၊ ဒက်ဒီတောင် ထွက်ချင်တာ၊ လုပ်ငန်းက ဒီမှာအခြေကျနေလို့၊ စု အလုပ်လုပ်ရင်း ပညာဆက်သင်'ဟုပြောခဲ့သည်။ အလုပ်ခန့်စာရောက်လာပြီဖြစ်သော်လည်း စုလှိုင်သွားဖို့ စိတ်မဆုံးဖြတ်မိပေ။ မြန်မာပြည်တွင် ပေးသွင်းခဲ့ရမည့်လျော်ကြေးကို ပေးခွင့်ရနေပြီဖြစ်သော်လည်း စုလှိုင်သွားရောက်မပေးမိသေးချေ။

ခုတော့ စုလှိုင်၏စိတ်တို့သည် ပြတ်သားလာကြသည်။ သွားမည် မြန်မာပြည်မှ ခွာတော့မည်။

■ ■ ■ ■ ■

လွန်ခဲ့သောလေးနှစ်ကျော်က စိုက်ထားခဲ့သော စံပယ်ပင်လေးသည် သန်စွမ်းလှချေပြီ။ အပင်များပွားပြီး စံပယ်ရုံလေးပင်ဖြစ်နေပြီဖြစ်လေသည်။ စံပယ်ပွင့်ဖွေးဖွေးများသည် မြစိမ်းရောင်အရွက်များနှင့် လိုက်ဖက်လှသည်။ အမာညိုကပင် 'ကျောက်စိမ်းစားပွဲပေါ်မှာ ပုလဲလုံးလေးတွေ စီထားတာနဲ့မတူဘူးလားဟင်'ဟု စိတ်ကူးမယဉ်တတ် ယဉ်တတ်နှင့် ယဉ်ခဲ့သေးလေသည်။

'ညီလင်းရေ ဒီအပင်က စံပယ်ပန်းတွေ ခူးခွင့်ရှိပြီလား'

'ဟင့်အင်း၊ မခူးရဘူး'

သက်သက်ကမေးသောအခါ ညီလင်းက ခေါင်းယမ်း၍ပြလိုက်လေသည်။

'တစ်ပွင့်တည်း၊ တစ်ပွင့်တည်းခူးမယ်လေ'

'မမသက်ရာ၊ ဟိုဘက်အပင်တွေက သွားခူးစမ်းပါ၊ ဟိုမှာအများကြီး'

'ဖြစ်နေလိုက်တာဟယ်၊ သမီးလေး၊ ဦးညီလစ်ရင် အဲဒီပန်းတွေခူးပစ်သိလား'

သက်သက်က သူ့သမီးစပ်စုမကိုမြှောက်ပေးသည်။ လမ်းလျှောက်တတ်ခါစ တောက်တောက်ပြေးနေပြီဖြစ်သော စပ်စုမလေးက စံပယ်ပွင့်လေးများကို မမီမကမ်းလှမ်းခူးသည်။ တူမငယ်လေးကိုတော့ ညီလင်း အလျှော့ပေးရလေသည်။

'ဟော့ မုန်တိုင်းထဲမှ သစ်ပင်မပိခဲ့တဲ့ စပ်စုမ၊ ငါ့ကိုဗိုလ်ကျဖို့လွှတ်လာတာလား'

'အဲဒီတုန်းကများ ကံကောင်းလို့ဟယ်'

သက်သက်က ပခုံးလေးကျုံ့ကာပြောသည်။ ကျော်ထွန်းညိုသည် ရန်ကုန်သို့ ပြန်လည်ပြောင်းရွှေ့လာရသည်။ သျှောင်နောက်ဆံထုံးပါဟူသော ဆိုရိုးစကားရှိသည်နှင့်အညီ ဌာနဆိုင်ရာလူကြီးများက သက်သက်ကိုလည်း ရန်ကုန်ဆေးရုံသို့ ပြောင်းပေးလေသည်။ ယခုတော့ သူတို့အိမ်ကြီးသည် လူကြီး၊ လူရွယ်ကလေးအစုံအလင်နှင့်စည်ကားနေချေသည်။ အမာညို၏သားနှစ်ယောက်နှင့် သက်သက်၏သမီးတို့သုံးဦးသားပေါင်းပြီး ဖြောင်းဆန်အောင် ဆော့တတ်ကြသည်။ ငြိမ်ငြိမ်အေးအေးလေး နေတတ်သော စပ်စုမသည် ရန်ကုန်ရောက်လာပြီးသည့်နောက်ပိုင်းတွင် လုံးဝပုံစံပြောင်းသွားသည်။ သူ့အစ်ကိုဟနုမာန်လုပ်သမျှ အကုန်လိုက်လုပ်တတ်လေသည်။ ဝုန်းခနဲ၊ ဒိုင်းခနဲပြိုလဲသံများကို မကြာခဏကြားရသည်။ သူတို့နှစ်ဦး၏ နဖူးနှင့်ချိုစောင်းတို့သည် သပြေသီးမှည့်များ အစဉ်သီးနေတတ်လေသည်။ မိခင်နှစ်ဦးက ပရုတ်ဆီဘူးကို ကိုယ်နှင့်မကွာ ဆောင်ထားကြရသည်။ ဒိုင်းခနဲကြားလိုက်တိုင်း ပြေးပြီး လိမ်းပေးနေကြရလေသည်။

**ဆက်လက်ဖော်ပြပါမည်။**

## အသိပညာပေးဟောပြောပွဲနှင့် အာဟာရကျွေးမွေးခြင်းဆောင်ရွက်

ညောင်ဦး ဧပြီ ၂၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်သင်ကြားလျက်ရှိသည့် စစ်တုရင်သင်တန်း၊ အခြေခံအင်္ဂလိပ်စာသင်တန်းနှင့် ပန်းချီသင်တန်းတို့တွင် တက်ရောက်လျက်ရှိသော သင်တန်းသား၊ သင်တန်းသူများအား အသိပညာပေးဟောပြောပွဲနှင့် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များက အာဟာရကျွေးမွေးခြင်းကို ဧပြီလ ၂၁ ရက်က ညောင်ဦးမြို့ရှိ ခရိုင်လူထုအခြေပြုဗဟိုဌာန၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ညောင်ဦးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ရည်မွန်သူက နွေရာသီကျောင်းပိတ်ရက်တွင် သင်တန်းများဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာဟိန်းက ကလေးအလုပ်သမားပပျောက်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကို အကျိုးရှိစွာ အသုံးချနိုင်စေရေး အသိပညာပေးပြောကြားသည်။

ထို့နောက် စစ်တုရင်သင်တန်း၊ အခြေခံအင်္ဂလိပ်စာသင်တန်းနှင့် ပန်းချီသင်တန်းတို့တွင် တက်ရောက်လျက်ရှိသည့် ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေးခြင်း၊ သင်တန်းတွင်လိုအပ်သည့် အသုံးအဆောင်များ ပေးအပ်ခြင်းနှင့် မေတ္တာဖြင့်သင်ကြားပေးသည့် ဆရာ၊




ဆရာမများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ကြကြောင်း သိရသည်။

ဒီပါလင်း



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkaew အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkaew တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

**❐ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဘုံသဘောတူညီချက်(၅)ရပ်ပါအချက်များတွင်ပါဝင်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကိစ္စရပ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးကြိုးပမ်းဆောင်ရွက်မှုများနှင့် အခြားအချက်များကို အကောင်းဆုံးပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ထိုင်းနိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရင်းနှီးမြှုပ်နှံမှု၊ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေး . . .**

☆ **ရှေ့ဖုံးမှအဆက်**

Gen. Nothapol Boonngam နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံသည် အိမ်နီးချင်းကောင်းနိုင်ငံများဖြစ်သည်နှင့်အညီ သံတမန်ဆက်ဆံမှုများ ရှည်ကြာကောင်းမွန်လျက်ရှိမှုအခြေအနေများနှင့် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများပပျောက်ရေး၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့များလျှော့ချနိုင်ရေးတို့အတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နယ်စပ်ဒေသကုန်သွယ်မှုများမြှင့်တင်နိုင်ရေးအတွက် ကုန်သွယ်မှုလမ်းကြောင်းများ ပြန်လည်ဖွင့်လှစ်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပြည်သူများကရွေးချယ်သည့် အစိုးရအဖွဲ့မှ နိုင်ငံတော်အား ဒီမိုကရေစီလမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းလျက်ရှိမှုအခြေအနေများ၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် ဖိတ်ခေါ်ထားရှိမှုအခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံဘုံသဘောတူညီချက်(၅) ရပ်ပါအချက်များတွင်ပါဝင်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာကိစ္စရပ်များ၊ ပြည်တွင်းငြိမ်းချမ်းရေး ကြိုးပမ်းဆောင်ရွက်မှုများနှင့် အခြားအချက်များကိုအကောင်းဆုံးပူးပေါင်းဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ထိုင်းနိုင်ငံမှ ပါဝင်ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ နှစ်နိုင်ငံအကြား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရင်းနှီးမြှုပ်နှံမှု၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ဘက်ပေါင်းစုံပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# အာမခံအလုပ်သမားများအတွက် အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများကိုပေးအပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်



ရန်ကုန် ဧပြီ ၂၂

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိအလုပ်သမားဆေးရုံကြီး (ရန်ကုန်) သို့သွားရောက်၍ဆေးရုံတက်ရောက်ကုသနေသော အာမခံအလုပ်သမားများကို ကြည့်ရှုအားပေးသည်။

ဦးစွာ ဆေးရုံအစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီးက ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများအားတွေ့ဆုံ၍ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်ဖြစ်သော ပညာရေးကဏ္ဍနှင့်ကျန်းမာရေးကဏ္ဍများကို အခြေခံအဆင့်မှစ၍ မြှင့်တင်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း။ ကျန်းမာရေးနှင့်စပ်လျဉ်း၍လည်း အလုပ်ရှင်နှင့် အာမခံအလုပ်သမားများ၏ အားကိုးယုံကြည်ရသည့် လူမှုဖူလုံရေးစီမံကိန်းဖြစ်စေရန်၊ အာမခံအလုပ်သမားများအတွက် အရည်အသွေးပြည့်မီသော ကျန်းမာရေးဝန်ဆောင်မှုများကို ပေးအပ်နိုင်ရန်လိုအပ်ကြောင်း၊ လူမှုဖူလုံရေးအဖွဲ့သည် အာမခံအလုပ်သမားများ အားကိုးအားထားပြုရသည့် အဖွဲ့အစည်းတစ်ခုဖြစ်စေရန်အတွက် အလုပ်ရှင်၊ အလုပ်သမားများ၏ အဓိကလိုအပ်ချက်ဖြစ်သော ကောင်းမွန်သည့်ဆေးကုသဝန်ဆောင်မှုကို ပေးအပ်နိုင်ရန်လိုအပ်ကြောင်း မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များမေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အလုပ်သမားဆေးရုံကြီးအတွင်း ပြင်ပလူနာဌာနနှင့် ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် အာမခံအလုပ်သမားလူနာများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးပြီး လှူဒါန်းငွေများပေးအပ်ကာ အလုပ်သမားဆေးရုံကြီး(ရန်ကုန်)တွင် အာမခံအလုပ်သမားလူနာများကို ကျောက်ကပ်သန့်စင်ခြင်းလုပ်ငန်းများ ဝန်ဆောင်မှုဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များမှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

လူမှုဖူလုံရေးအဖွဲ့အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အာမခံအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှုများကို အလုပ်သမားဆေးရုံကြီး(ရန်ကုန်)၊ အလုပ်သမားဆေးရုံ(ထန်းတပင်)၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၂၂ ခန်း၊ တိုင်းရင်းဆေးကုခန်း တစ်ခန်း၊ ဌာနကြီးဆေးခန်း ၂၁ ခန်း၊ စာချုပ်ဆေးခန်း ၅၃ ခန်း၊ မီးဖွားခြင်းဝန်ဆောင်မှုဆောင်ရွက်သည့် စာချုပ်ဆေးရုံ၊ သားဖွားခန်းငါးခန်းတို့ဖြင့် ဆောင်ရွက်လျက်ရှိပြီး ၂၀၂၅ ခုနှစ် ဧပြီလမှ ၂၀၂၆ ခုနှစ် မတ်လအထိ လူနာဦးရေ ၁၁၄၆၆၈၅ ကို ကုသမှုဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးဖိုးပြန်အမ်းအမှုတွဲ ၇၇၈၀၇ မှုအတွက် ငွေကျပ် ၇၉၇၄ ဒသမ ၃၉၆ သန်းကို ပြန်လည်ပေးအမ်းနိုင်ခဲ့ကြောင်း သိရသည်။

မြဝတီ

# တောင်တွင်းကြီးမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲများ ကွင်းဆင်းဆောင်ရွက်

တောင်တွင်းကြီး ဧပြီ ၂၂

ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန်၊ စာအုပ်စာပေနှင့် ရင်းနှီးကျွမ်းဝင်စေရန်၊ စာပေလေ့လာဖတ်ရှုမှတ်သားသည့်အလေ့အထဖြစ်ပေါ်စေရန်ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲများကို ဧပြီလ ၂၁ ရက်က အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(သပြေပင်)၌ တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသား၊ ကျောင်းသူများ ကျောင်းသင်ခန်းစာများကို အထောက်အကူဖြစ်စေမည့် စာအုပ်စာပေများကိုလည်း လေ့လာဖတ်ရှုမှတ်သားရန်နှင့် စာပေလေ့လာဖတ်ရှုခြင်း၏အကျိုးကျေးဇူးများကို အသိပညာပေးဟောပြောသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးနံရံကပ်စာစောင်များ၊ မြို့နယ်ပြည်သူ့စာကြည့်တိုက်၏ အသိပညာပေးလုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းများ၊ စာရေးဆရာကြီးများ၏ အဆိုအမိန့်များစသည့် နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ **နောင်နောင်(ဗိသနိုးမြေ)**



# မေလအတွင်း မြန်မာ့ဒူးရင်းပွဲတော် ကျင်းပရန်စီစဉ်

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်မြို့၌ လာမည့်မေလအတွင်း မြန်မာ့ဒူးရင်းပွဲတော်ကျင်းပရန်စီစဉ်နေကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

ဒူးရင်းသီးကို ပြည်ပပို့ကုန်အဖြစ်တိုးမြှင့်ရန်၊ မြန်မာ့ဒူးရင်းမျိုးအမည်ဖြင့် ဈေးကွက်ထိုးဖောက်ရန်၊ ခေတ်မီစိုက်ပျိုးရေးစနစ်များနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာများကို ဆွေးနွေးဖလှယ်ရန် ရည်ရွယ်၍ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာ့ဒူးရင်းပွဲတော်မှတစ်ဆင့် ဒူးရင်းဈေးကွက်ချဲ့ထွင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးကွန်ရက်ချိတ်ဆက်ခြင်းနှင့် ဈေးကွက်လိုအပ်ချက်နှင့်ကိုက်ညီသော အရည်အသွေးကောင်း ဒူးရင်းမျိုးများ ရွေးချယ်ဖော်ထုတ်နိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

မြန်မာ့ဒူးရင်းပွဲတော်တွင် ပါဝင်လိုသူများအနေဖြင့် မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့်ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သိရသည်။

**ဖြူဖြူ**

# သံတောင်ကြီးမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး


သံတောင်ကြီး ဧပြီ ၂၂

ကရင်ပြည်နယ် သံတောင်ကြီးခရိုင် သံတောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရွှေနန်းကြီး၊ ရွှေနန်းကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ တတိယအကြိမ်ထုတ်ချေးခြင်းကို ဧပြီလ ၂၂ ရက်က ဆောင်ရွက်သည်။

ရှေးဦးစွာ သံတောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်ဦးမွန်က မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ တခြားမိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် သံတောင်ကြီးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်ဦးမွန်နှင့်ဝန်ထမ်းများက ရွှေနန်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ ကျေးရွာနှစ်ရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း တတိယအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၉ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦး၊အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၁၆ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၁ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေ ငွေကျပ် သိန်း ၃၀၀ အား အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးကြောင်း သိရသည်။

**ကိုသက်**




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| မချမ်းဘော | (၀.၄၇)လက်မ |
| ပူတာအို | (၀.၃၅)လက်မ |
| တီးတိန် | (၀.၂၄)လက်မ |
| မူဆယ် | (၀.၁၂)လက်မ |

| ထူးခြားသည့်နေ့အပူချိန်များ | |
|---|---|
| ချောက် | ၄၄.၁ °C |
| မြင်းမူ | ၄၄ °C |
| မြင်းခြံ | ၄၃.၁ °C |
| ညောင်ဦး | ၄၂.၅ °C |
| ကလေးဝ | ၄၂.၄ °C |
| မုံရွာ | ၄၂.၄ °C |
| စစ်ကိုင်း | ၄၂.၄ °C |
| တံတားဦး(လေကြောင်းမိုးလေဝသ) | ၄၂.၃ °C |
| မကွေး | ၄၂.၂ °C |
| မင်းကင်း | ၄၂.၂ °C |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၁၈ | ၃၃ |
| ရှမ်း(မြောက်) | ၂၀ | ၃၇ |
| ရှမ်း(အရှေ့) | ၁၇ | ၃၈ |
| ရှမ်း(တောင်) | ၁၈ | ၃၄ |
| ချင်း | ၁၂ | ၂၆ |
| စစ်ကိုင်း(အထက်) | ၂၃ | ၄၂ |
| စစ်ကိုင်း(အောက်) | ၂၇ | ၄၂ |
| နေပြည်တော် | ၂၇ | ၃၈ |
| မန္တလေး | ၃၀ | ၄၃ |
| မကွေး | ၂၅ | ၄၃ |
| ရခိုင် | ၂၅ | ၃၄ |
| ပဲခူး | ၂၄ | ၃၉ |
| ရန်ကုန် | ၂၅ | ၃၈ |
| ဧရာဝတီ | ၂၃ | ၃၈ |
| ကယား | ၂၀ | ၃၇ |
| ကရင် | ၂၃ | ၃၉ |
| မွန် | ၂၅ | ၃၆ |
| တနင်္သာရီ | ၂၄ | ၃၆ |

# မြဝတီမြို့၌ FDA ခွင့်ပြုချက်မရှိသော စားသောက်ကုန်များ ဈေးကွက်အတွင်း ရောင်းချမှုမရှိစေရေး အသိပညာပေး

မြဝတီ ဧပြီ ၂၂

ကရင်ပြည်နယ် မြဝတီမြို့၌ FDA ခွင့်ပြုချက်မရှိသော စားသောက်ကုန်များ ဈေးကွက်အတွင်း ရောင်းချမှုမရှိစေရေးနှင့် ပြည်သူများ အစာအဆိပ်သင့်ခြင်း မဖြစ်စေရေးအတွက် ဧပြီလ ၂၁ ရက်က မြဝတီမြို့ ဘုရင့်နောင်ဈေး၊ ကျွန်းတောဈေး၊ ကြံခင်းဈေး၊ အင်ကြင်းမြိုင်ကျေးရွာနှင့် ရပ်ကွက်အတွင်းရှိ ဈေးဆိုင်များအား အဖွဲ့သုံးဖွဲ့ခွဲကာ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းကို ဆောင်ရွက်ခဲ့ပြီး အသိပညာပေးဆွေးနွေးခြင်းလုပ်ငန်းများကို အမှတ်(၅)ရပ်ကွက် ကိုးနဝင်းဘုန်းတော်ကြီးကျောင်းဓမ္မာရုံနှင့် အမှတ်(၃)ရပ်ကွက် ဓမ္မရန်အောင် ဘုန်းတော်ကြီးကျောင်းဓမ္မာရုံတို့၌ ဆောင်ရွက်သည်။



ရှေးဦးစွာ ကရင်ပြည်နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ချင်းက အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ရှိသူတို့က FDA ခွင့်ပြုချက်မရှိသော စားသောက်ကုန်များနှင့်သက်တမ်းလွန်နေသည့်စားသောက်ကုန်များ ဝယ်ယူစားသောက်ခြင်းမပြုကြရန်နှင့် အစာအဆိပ်သင့်ခြင်းနှင့်ပတ်သက်၍ အကျယ်တဝင့်ဆွေးနွေးပြောကြားပြီး တက်ရောက်လာသည့် ရပ်ကွက်နေပြည်သူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားပေးကြသည်။

ထို့နောက် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့က သိမ်းဆည်းရမိသည့် FDA ခွင့်ပြုချက်မရှိသော စားသောက်ကုန်များနှင့် သက်တမ်းလွန် စားသောက်ကုန်များကို အမှတ်(၁)ရပ်ကွက် ဘောလုံးကွင်းအတွင်း၌ မီးရှို့ဖျက်ဆီးဆောင်ရွက်ခဲ့ကြောင်းနှင့် ကျန်ရှိသည့် ရပ်ကွက်၊ ကျေးရွာများတွင်လည်း ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**ချမ်းမြေ့**

# (၁၃)ကြိမ်မြောက် ဦးဆောင်းပေးအပ်ပွဲအခမ်းအနား ကျင်းပ



**မန္တလေး ဧပြီ ၂၂**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပတ်ကုန်းပျော်ဘွယ်ရပ်ကွက် ၆၈ လမ်း၊ ၃၀ လမ်းနှင့် ၃၁ လမ်းကြားရှိ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သားဖွားသင်တန်းကျောင်း၌ ဧပြီလ ၂၂ ရက် နံနက်ပိုင်းတွင် ဘက်စုံသားဖွားဒီပလိုမာ ၂ နှစ်သင်တန်း (၁/၂၀၂၆)အတန်း ပထမနှစ်သင်တန်းသူများ၏ (၁၃) ကြိမ်မြောက် ဦးဆောင်းပေးအပ်ပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားပြီး သားဖွားသင်တန်းကျောင်း မန္တလေးကျောင်းအုပ်ကြီးနှင့် လက်ထောက်ညွှန်ကြားရေးမှူးတို့က အမှာစကားများ အသီးသီးပြောကြားကြသည်။

ထို့နောက် သင်တန်းသူများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဦးဆောင်းအပ်နှင်းပြီး ဆုရရှိသူများအား ဆုပေးအပ်သည်။ ဆက်လက်၍ သင်တန်းသူများက ကရုဏာအလင်းတေးသီချင်းဖြင့်သီဆိုဖျော်ဖြေကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကြသည်။

အဆိုပါအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တရားသူကြီးချုပ်ဒေါ်လှမြင့်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါက်တာမြင့်မိုရ်စိုး၊ မဟာအောင်မြေခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းရွှေ၊ ချမ်းအေးသာစံမြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ သားဖွားသင်တန်းကျောင်းမန္တလေးမှ ကျောင်းအုပ်ကြီး ပါမောက္ခချုပ်ဒေါ်ခင်ချိုမြင့်၊ နည်းပြဆရာ/ဆရာမများ၊ သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

(၄၀၂)

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့်ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓာတ်ဆားဓာတ်များဆုံးရှုံးမှုပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ ဖြစ်ပွားနိုင်သည့်အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးပုဂ္ဂိုလ်များနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါစသည့် နာတာရှည်ရောဂါအခံရှိသူများအနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင်အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းပါ၊ အရိပ်ရအေးမြသည့်နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် သို့မဟုတ် အရောင်ဖျော့သောပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) ပူပြင်းသောနေရောင်အောက်တွင် အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသော အခန်းနှင့်ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်းတို့ကိုရှောင်ကြဉ်ပါ၊

(၇) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၈) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင်သောက်သုံးပါ၊

(၉) မိတ်နှင့် ယားဖုများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၁၀) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာတွင်ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြားနှစ်ဖက်နှင့် ပေါင်ခြံနှစ်ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ ဆေးခန်း/ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက် ပြသ၍ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန
(မတ်လ၊ ၂၀၂၆)



# ကျိုက်ထိုမြို့နယ်၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ၏ ပင်စင်လစာများထုတ်ပေး

**ကျိုက်ထို ဧပြီ ၂၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်မြန်မာ့စီးပွားရေးဘဏ်၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ပင်စင်လစာငွေများကို ဧပြီလ ၂၂ ရက်တွင် ဆက်လက်ထုတ်ပေးလျက်ရှိကြောင်းသိရသည်။

ထိုသို့ထုတ်ပေးရာတွင် မြန်မာ့စီးပွားရေးဘဏ်မှ တာဝန်ရှိသူများက ပင်စင်လစာငွေများအား အလှည့်ကျစနစ်ဖြင့် ထုတ်ယူခွင့်ပေးပြီး အသက်အရွယ်ကြီးရင့်သူများကိုလည်း အခက်အခဲမရှိစေရေးအတွက် စနစ်တကျဆောင်ရွက်ပေးသည်။

အငြိမ်းစားဝန်ထမ်းများအနေဖြင့် မိမိတို့အဆင်ပြေသည့်နေ့တွင် ပင်စင်ငွေများကို လာရောက်ထုတ်ယူနိုင်ကြောင်း၊ ကိုယ်စားလှယ်ဖြင့် ထုတ်ယူလိုပါက လိုအပ်သည့် အထောက်အထားများဖြင့် လာရောက်ထုတ်ယူနိုင်ကြောင်းနှင့် ပင်စင်လစာထုတ်ယူရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်ပေးကြောင်း သိရသည်။

ပြည့်ဖြိုး(ပြန်/ဆက်)

# ဆင်ပေါင်ဝဲမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းဆောင်ရွက်

**ဆင်ပေါင်ဝဲ ဧပြီ ၂၂**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ်မီးသတ်ဦးစီးဌာနသည်ပြည်သူများ မီးဘေးအန္တရာယ်မှ ကင်းဝေးစေရန်နှင့် မီးဘေးသတိရှိစေရန်ရည်ရွယ်၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဧပြီလ ၂၁ ရက် ညနေ ၄ နာရီတွင် မြို့ပေါ်ရပ်ကွက်များသို့ အသံချဲ့စက်ဖြင့် လိုက်လံအသိပေးနှိုးဆော်ခြင်းဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိဦးဆန်းဝင်းကြီးကြပ်မှုဖြင့် လက်ထောက် မီးသတ်ဦးစီးမှူး ဦးချစ်ထွေးဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်ပြည်သူများအနေဖြင့် နေအိမ်များတွင် မီးသတိပြုရန် မီးဘေးအန္တရာယ်ကာကွယ်ရန်အတွက် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးများနှင့် မီးသတ်ဆေးဘူးများ အဆင်သင့်ထားရှိရန်၊ လျှပ်စစ်မီးအသုံးပြုရာတွင်လည်း မီးဘေးလုံခြုံရေးအတွက် အလေးထားလိုက်နာဆောင်ရွက်ကြရန်၊ မီးဘေးအန္တရာယ်ကြုံတွေ့ပါက သက်ဆိုင်ရာတာဝန်ရှိသူများထံ အချိန်နှင့် တစ်ပြေးညီသတင်းပို့ဆောင်ရွက်ကြရန် စသည်တို့ကို မြို့ပေါ်ရပ်ကွက်နှင့် လမ်းဆုံများတွင် မီးသတ်ယာဉ်ဖြင့် လှည့်လည်၍ဆောင်ရွက်ကြသည်။

ဆင်ပေါင်ဝဲမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးလောင်မှု၊ မီးလန့်မှုများ မဖြစ်ပွားစေရေး၊ မီးဘေးသတိရှိရေး၊ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကဏ္ဍာပေါင်းစုံမှ အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

# ရွှေဘိုမြို့နယ်၌ နွေနှမ်းဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**ရွှေဘို ဧပြီ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးချိန်တွင် နွေနှမ်းဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်၌ နွေနှမ်း ၁၈၁၂ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မတ်လမှစတင်၍ စိုက်ပျိုးကြရာ ယနေ့အထိ ၄၇၅၂ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးချိန် ရွှေဘိုမြို့နယ်မှာ နွေနှမ်း ၁၈၁၂ ဧကစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့အထိ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ပါတယ်။ လျာထားချက်ကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်တွေနဲ့စိုက်ပျိုးဖို့အတွက်လည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

ယခုနှစ် ရွှေဘိုမြို့နယ်၌ နွေနှမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလျက်ရှိသည်။

GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် အခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့်သီးနှံများထက် အရည်အသွေးပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည့် အကျိုးကျေးဇူးများကြောင့် GAP စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏ လူမှုစီးပွားဘဝများကိုပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

**နိုင်ငံတစ်ဝန်းစိမ်းလန်းဖို့ သစ်ပင်စိုက်ပျိုးထိန်းသိမ်းစို့။**

# ပူပြင်းသောနွေရာသီတွင် အပူဒဏ်မှသက်သာစေမည့်နည်းလမ်းများ

ဒေါက်တာသိဂီကျော်

ပူပြင်းသောရာသီဥတုနှင့် အပူလှိုင်းများအတွင်း လူအများစုသည် ပုံမှန်ထက်ပြင်းထန်စွာဖျားနာခြင်း သို့မဟုတ် ကျန်းမာရေးဆိုင်ရာ အန္တရာယ်များနှင့် သေဆုံးခြင်းများဖြစ်ပွားလေ့ရှိသည်။ ရာသီဥတုပြောင်းလဲမှုကြောင့် ကမ္ဘာတစ်ဝန်းတွင် အပူချိန်များဆက်လက်မြင့်တက်လာသည်နှင့်အမျှ ပူပြင်းသောရာသီဥတုတွင် အေးမြအောင်နေထိုင်ပြီး အပူဒဏ်ကိုကျော်လွှားရန် အရေးကြီးသည်။ ယခုနွေရာသီတွင် မည်သူမဆို ကျန်းမာရေးမထိခိုက်စေရန်နှင့် အပူဒဏ်မှသက်သာစေရန် အေးမြအောင်နေထိုင်ရမည့်နည်းလမ်းများကို ဖော်ပြပေးလိုက်ပါသည်။

**နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့မှုကို သတိထားရှောင်ကြဉ်ခြင်း**

တစ်နေ့တာ၏အပူဆုံးအချိန်များတွင် အပူဒဏ် သို့မဟုတ် အပူလျှပ်ခြင်းကိုရှောင်ရှားရန် အပြင်မထွက်ဘဲ အိမ်တွင်း၌နေထိုင်ခြင်း သို့မဟုတ် အရိပ်ရသောနေရာ၌ ပုံမှန်အနားယူခြင်းက အကောင်းဆုံးဖြစ်သည်။ အလုပ်အများဆုံးအချိန်များ (နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ) အတွင်း နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့မှုကို ရှောင်ကြဉ်ပါ။ တစ်ခါတစ်ရံ ရှောင်လွှဲ၍မရပါက နေရောင်ခြည်နှင့်ထိတွေ့မှုကို ရှောင်ကြဉ်ရန် နေရောင်ကာခရင်မ်လိမ်းပါ။ ဦးထုပ်ဆောင်းပါ။ ပေါ့ပေါ့ပါးပါးနှင့် အရောင်ဖျော့ဖျော့အဝတ်အစားများကို ရွေးချယ်ဝတ်ဆင်ပါ။ လေဝင်လေထွက်ကောင်းစေသော ပွပွချောင်ချောင်ချည်ထည်အဝတ်အစားများဝတ်ဆင်ခြင်းဖြင့် နွေရာသီ၏အပူဒဏ်ကို သဘာဝအတိုင်းကျော်လွှားရန်ပြင်ဆင်ပါ။

**တစ်နေ့လုံး ရေများများသောက်ခြင်း**

ပူပြင်းသောရာသီဥတုတွင် ရေများများသောက်ရန် အရေးကြီးသည်။ တစ်နေ့လုံး ချွေးထွက်များပြီး ရေဓာတ်ခန်းခြောက်ခြင်းကို ရှောင်ရှားရန်အတွက် ဆုံးရှုံးသွားသောအရည်များကို အစားထိုးရန်လိုအပ်သည်။ ဆုံးရှုံးသွားသောဆား၊ သကြားနှင့်အရည်များကို ပြန်လည်ဖြည့်တင်းရန် အားကစားဖျော်ရည် (Isotonic sport drinks) ကို သောက်သုံးနိုင်သည်။ အပူဒဏ်ကိုခံနိုင်ရည်ရှိရန် လက်ဖက်ရည်၊ ကော်ဖီ အပါအဝင် ကဖင်းဓာတ်ပါသောဖျော်ရည်များကို ရှောင်ကြဉ်ပြီး ရေကို စွဲစွဲမြဲမြဲသောက်သုံးခြင်းက အကောင်းဆုံးဖြစ်သည်။ ရေဓာတ်ခန်းခြောက်ခြင်းလက္ခဏာများဖြစ်သော ပါးစပ်ခြောက်ခြင်း၊ မူးဝေခြင်း သို့မဟုတ် ခေါင်းကိုက်ခြင်း၊ စိတ်ရှုပ်ထွေးခြင်းတို့ကို ကုသမှုမခံယူပါက အပူဒဏ်ကြောင့် ရေဓာတ်ခန်းခြောက်ခြင်းနှင့် မောပန်းနွမ်းနယ်ခြင်း ဖြစ်စေနိုင်သည်။ ရေငတ်ခြင်းမခံစားရမီတွင်ပင် အရည်များကို မကြာခဏသောက်ရန်လိုအပ်သည်။ အုန်းရည်၊ သံပရာရည် သို့မဟုတ် သံပရိုရည်များသည် Electrolyte မျှခြေကိုထိန်းသိမ်းရန် အထောက်အကူပြုသည်။

**ရေဓာတ်များသောအစားအစာများကို စားသုံးခြင်း**

ရေဓာတ်ပြည့်ဝစေသော နောက်ထပ်နည်းလမ်းတစ်ခုမှာ ရေဓာတ်ပါဝင်မှုမြင့်မားသောအစားအစာများကို စားသုံးခြင်းဖြစ်သည်။ ရေဓာတ်ပါဝင်မှုမြင့်မားသောအစားအစာများတွင် ဖရဲသီး၊ ပန်းသီး၊ နာနတ်သီး၊ စပျစ်သီး၊ စတော်ဘယ်ရီသီးနှင့် မက်မွန်သီးကဲ့သို့သော သစ်သီးများနှင့် အုန်းရည်တို့ပါဝင်သည်။ ခရမ်းချဉ်သီး၊ သခွားသီး၊ ဆလတ်ရွက်၊ ဟင်းနုနယ်ရွက်၊ တရုတ်နံနံနှင့် ဘရိုကိုလီကဲ့သို့ ဟင်းသီးဟင်းရွက်များသည်လည်း နွေရာသီတွင် ရေဓာတ်ပြည့်ဝပြီး အေးမြနေစေရန် ကူညီပေးပါလိမ့်မည်။ ရေဓာတ်ပမာဏကို မြှင့်တင်ပေးသည့် စွပ်ပြုတ်များကဲ့သို့ အရည်ဓာတ်ပါဝင်မှုမြင့်မားသောအစားအစာများကိုလည်း စားသုံးနိုင်သည်။

**ကဖင်းစားသုံးမှုကိုကန့်သတ်ခြင်း**

ကဖင်းဓာတ်သည် ဆီးသွားခြင်းကိုအထောက်အကူပြုခြင်းဖြင့် ဆီးပိုမိုသွားစေပြီး ရေဓာတ်ဆုံးရှုံးစေနိုင်သောကြောင့် ကဖင်းဓာတ်စားသုံးမှုကို ကန့်သတ်သင့်သည်။

> **"ရေဓာတ်ခန်းခြောက်ခြင်းလက္ခဏာများဖြစ်သော ပါးစပ်ခြောက်ခြင်း၊ မူးဝေခြင်း သို့မဟုတ် ခေါင်းကိုက်ခြင်း၊ စိတ်ရှုပ်ထွေးခြင်းတို့ကို ကုသမှုမခံယူပါက အပူဒဏ်ကြောင့် ရေဓာတ်ခန်းခြောက်ခြင်းနှင့် မောပန်းနွမ်းနယ်ခြင်း ဖြစ်စေနိုင်သည်။ ရေငတ်ခြင်းမခံစားရမီတွင်ပင် အရည်များကို မကြာခဏသောက်ရန်လိုအပ်သည်။ အုန်းရည်၊ သံပရာရည် သို့မဟုတ် သံပရိုရည်များသည် Electrolyte မျှခြေကို ထိန်းသိမ်းရန် အထောက်အကူပြုသည် . . ."**

**အရက်သောက်သုံးမှုကို ကန့်သတ်ခြင်း**

အရက်သည် ခန္ဓာကိုယ်၏ဆီးသွားမှုကိုထိန်းချုပ်သော ဟော်မုန်းထုတ်လုပ်မှုကိုလျော့နည်းစေခြင်းကြောင့် ပိုမိုဆီးသွားစေနိုင်သည်။ ထို့ပြင် အရက်သည် ခန္ဓာကိုယ်တွင် သွေးကြောများကို ကျယ်စေခြင်းကြောင့် အပူထုတ်လွှတ်ပြီး ခန္ဓာကိုယ်အပူချိန်ကို ထိန်းညှိသည့်ယန္တရားများကို လွဲမှားစေနိုင်သည်။ ထို့ကြောင့် အရက်အလွန်အကျွံသောက်ခြင်းသည် ရေဓာတ်ခန်းခြောက်ခြင်းကို ဖြစ်စေနိုင်သည်။

**ရေဓာတ်ဆုံးရှုံးမှုဖြစ်စေသောအစားအစာများကို ရှောင်ကြဉ်ခြင်း**

အစာခြေစနစ်က ခန္ဓာကိုယ်ကိုအလုပ်လုပ်စေပြီး အပူထုတ်ပေးနိုင်ခြင်းကြောင့် ပူပြင်းသောအခါတွင် အလွယ်တကူချေဖျက်နိုင်ပြီး မျှတသောပုံမှန်အစားအစာများကို စားသုံးခြင်းကပိုကောင်းသည်။

**တစ်နေ့တာလှုပ်ရှားမှုများကို ကန့်သတ်ခြင်း**

ပူပြင်းသောရာသီဥတုတွင် လှုပ်ရှားမှုများကို အပူဆုံးအချိန်ဖြစ်သော နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိရှောင်ရှားပြီး တစ်နေ့တာ၏အေးမြသောအချိန်များဖြစ်သည့် နေ့လယ်ခင်းနှောင်းပိုင်း၊ ညနေခင်း၊ ညဘက် သို့မဟုတ် နံနက်စောစောအချိန်များတွင် ရွှေ့ပြောင်းပြုလုပ်ပါ။ ပိုမိုပူပြင်းစေသောလေ့ကျင့်ခန်း သို့မဟုတ် လှုပ်ရှားမှုများကို ရှောင်ကြဉ်ပါ။ လေ့ကျင့်ခန်း သို့မဟုတ် အားကစားလုပ်ပြီးပါက ခန္ဓာကိုယ်အေးမြစေရန် ရေများများသောက်ပြီး အပိုဖိအားများမဖြစ်စေရန် ပုံမှန်ထက်အနားယူချိန်ပိုထားပါ။

**အိမ်ကို အေးမြအောင်ထားခြင်း**

ပူပြင်းသောရာသီဥတုတွင် အိမ်ကိုအပူဒဏ်က လွတ်မြောက်နိုင်သော နေရာတစ်ခုဖြစ်အောင် ပြင်ဆင်ရန်လိုအပ်သည်။ နွေရာသီအပူချိန်သည် အပူလှိုင်းအဆင့်ကို ရောက်ရှိလာသောအခါ ထင်ထားသည်ထက်ပိုသောစိန်ခေါ်မှုများရှိလာနိုင်သည်။ အထပ်မြင့်အဆောက်အအုံနှင့် မြို့ပြဒေသတွင်နေထိုင်သူများသည် အိမ်ကိုအေးမြအောင်ထားခြင်းက သက်သောင့်သက်သာရှိစေရန် အဓိကသော့ချက်ဖြစ်သည်။ သဘာဝလေစီးဆင်းမှုရှိစေရန် နံနက်စောစောနှင့် ညဘက် အပြင်အပူချိန်ကျဆင်းသွားချိန်တွင် ပြတင်းပေါက်များကိုဖွင့်ပြီးနောက် နေ့ခင်းဘက်တွင် ပြတင်းပေါက်များကိုပိတ်၍ လိုက်ကာများနှင့်ကာထားပြီး ပန်ကာနှင့်လေအေးပေးစက်များအသုံးပြုပါ။ အိမ်တွင်းအပင်များသည် လေထုအရည်အသွေးကို တိုးတက်ကောင်းမွန်စေပြီး ရေငွေ့ပျံခြင်းမှတစ်ဆင့် သဘာဝအအေးဓာတ်ကို ပေးစွမ်းနိုင်သောကြောင့် အခန်းအပူချိန်ကို လျှော့ချပေးနိုင်သည်။ အပူထုတ်ပေးသောပစ္စည်းများဖြစ်သည့် မီးဖိုပေါ်တွင် ချက်ပြုတ်ရသောအစားအစာများအစား လတ်လတ်ဆတ်ဆတ်စားနိုင်သော အမြန်ချက်ပြုတ်ထားသောအစားအစာများကို ရွေးချယ်ခြင်းဖြင့် အိမ်ကိုအေးမြစေနိုင်သည်။

အပူလှိုင်းကာလအတွင်း ညဘက်မှာပင် အပူချိန်မြင့်မားနေတတ်သောကြောင့် ကောင်းမွန်စွာအိပ်ပျော်ရန် ခက်ခဲတတ်သည်။ ထို့ကြောင့် ညဘက်တွင် အိမ်ကိုအေးမြအောင်ထားရန်နှင့် အိပ်ရာကို အေးမြအောင်ထားရန် အထူးအရေးကြီးသည်။

**အပူလှိုင်းကာလအတွင်း ထိခိုက်လွယ်သူများ**

အပူလှိုင်းသည် မည်သူ့ကိုမဆို ထိခိုက်စေနိုင်သော်လည်း သက်ကြီးရွယ်အိုများ အထူးသဖြင့် အသက် ၇၅ နှစ်ကျော်သူများနှင့် အမျိုးသမီးများ၊ တစ်ယောက်တည်းနေထိုင်သူများ၊ စောင့်ရှောက်ရေးဂေဟာတွင် နေထိုင်သူများ၊ နှလုံးနှင့်အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာရှိသူများ၊ အဆုတ်ရောဂါ၊ သွေးချိုဆီးချိုရောဂါ၊ ကျောက်ကပ်ရောဂါ၊ ပါကင်ဆန်ရောဂါ၊ စိတ်ကျန်းမာရေးအခြေအနေရှိသူများ၊ ကလေးငယ်များ၊ အိပ်ရာထဲတွင် လဲလျောင်းနေရသူများ၊ မူးယစ်ဆေးဝါး သို့မဟုတ် အရက်စွဲနေသူများ၊ အယ်လ်ဇိုင်းမားရောဂါရှိသူများ၊ ပူပြင်းသောရာသီဥတုဒဏ်ကိုပိုမိုခံစားရနိုင်ခြေရှိစေမည့် ဆေးဝါးများစွာ သောက်သုံးနေသူများ၊ အပြင်ဘက် သို့မဟုတ် ပူပြင်းသောနေရာများတွင် အလုပ်လုပ်ကိုင်သူများ၊ အိုးမဲ့အိမ်မဲ့များအတွက် အပူလှိုင်းကြောင့်ဖြစ်ပေါ်လာသော ရောဂါလက္ခဏာများကို ပိုမိုဆိုးရွားစေနိုင်သည်။

**သတိထားရမည့်အပူဒဏ်အန္တရာယ်များ**

အပူဒဏ်က ကျန်းမာရေးကို ပြင်းထန်စွာထိခိုက်စေနိုင်ပြီး အထူးသဖြင့် အပူလှိုင်းကျရောက်နေချိန်တွင် ရေလုံလောက်စွာမသောက်ခြင်းနှင့် ရေဓာတ်ခန်းခြောက်ခြင်းကြောင့် ပင်ပန်းနွမ်းနယ်သောလက္ခဏာများနှင့် အပူလျှပ်ခြင်းဖြစ်ပွားနိုင်သည်။ အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်မှုနှင့် အပူလျှပ်ခြင်း၏လက္ခဏာများတွင် ရေငတ်ခြင်း၊ ပါးစပ်ခြောက်ခြင်း၊ ချွေးထွက်များခြင်း၊ ဆီးထွက်နည်းခြင်း၊ ဆီးအရောင်ရင့်လာခြင်း၊ ခေါင်းမူးခြင်း၊ ခေါင်းကိုက်ခြင်း၊ အရေပြားအရောင်ပြောင်းလဲခြင်း၊ မောပန်းနွမ်းနယ်ခြင်း၊ စိုးရိမ်ပူပန်ခြင်း သို့မဟုတ် စိတ်အခြေအနေပြောင်းလဲမှုများပါဝင်သည်။ ခန္ဓာကိုယ်က ချွေးထွက်ခြင်းကြောင့် ရေ၊ ဆားနှင့် သကြားဓာတ်အလွန်အကျွံဆုံးရှုံးသွားသောအခါ ပြင်းထန်သောအပူဒဏ်ကြောင့် စိတ်ရှုပ်ထွေးခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ပျို့အန်ခြင်းနှင့် တက်ခြင်း သို့မဟုတ် မေ့မြောသွားခြင်းဖြစ်ပေါ်ပါက ချက်ချင်းဆေးကုသမှုခံယူရန် အရေးကြီးသည်။

အချုပ်အားဖြင့်ဆိုရသော် ပူပြင်းသောရာသီဥတုသည် ကျန်းမာရေးကို အန္တရာယ်ဖြစ်စေနိုင်သောကြောင့် နွေရာသီအပူလှိုင်းကာလအတွင်း ရေများများသောက်ခြင်း၊ နေရောင်ခြည်နှင့်ဝေးဝေးနေခြင်း၊ အေးမြအောင် မည်သို့နေထိုင်ရမည်ကို သိရှိရန်အရေးကြီးသည်။ အပူဒဏ်နှင့်ဆက်စပ်သောလက္ခဏာများကို သတိထားရန်နှင့် အပူလျှပ်ခြင်းကို ရှောင်ရှားရန်အတွက် ကြိုတင်ပြင်ဆင်ရန်လိုအပ်ကြောင်း ကျန်းမာရေးသုတမျှဝေလိုက်ရပါသည်။

# ပြည်ခရိုင် လူထုအခြေပြုဗဟိုဌာန၌ အခြေခံပန်းချီသင်တန်းဖွင့်လှစ်



ပြည် ဧပြီ ၂၂

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန၌ ဧပြီလ ၂၁ ရက်က အခြေခံပန်းချီသင်တန်းဖွင့်လှစ်ရာ ဒေသတွင်းမှ အခြေခံပညာကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ရေးဦးစွာ ပြည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ရွှေဝါဖူးက သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်နှင့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ပန်းချီဆရာမ ဒေါ်ခိုင်ဝါဝါအောင်က အခြေခံပန်းချီပညာရပ်ဆိုင်ရာ သဘောတရားများနှင့် မျဉ်းဖြောင့်၊ မျဉ်းကွေး၊ မျဉ်းယိုင်များဖြင့် ပန်းချီစတင်တည်ဆောက်ပုံများကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးသည်။

အဆိုပါသင်တန်းသို့ ပြည်မြို့ရှိ အခြေခံပညာကျောင်းများမှ အခြေခံပညာအလယ်တန်းနှင့်မူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဧပြီလ ၂၁ ရက်မှ မေလ ၁၅ ရက်အထိဖြစ်ကြောင်း သိရသည်။

**ကိုဆက်(ပြည်)**

# တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ထားဝယ် ဧပြီ ၂၂

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီလ ၂၁ ရက် မွန်းလွဲပိုင်းတွင် ထားဝယ်မြို့ရှိ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးက နယ်မြေဒေသ တည်ငြိမ်အေးချမ်းလာပါက ဒေသဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကာ ဒေသဆိုင်ရာစီးပွားရေးလုပ်ငန်းများလည်း ဆက်လက်ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း၊ ယနေ့အချိန်အခါတွင် မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ တက္ကသိုလ်အဆင့်များတွင် ပညာရေးအားနည်းနေသည်ကို တွေ့ရှိရပြီး ပညာရေးကို ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် အားပေးမြှင့်တင်ဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း၊ တိုင်းဒေသကြီးတွင် သား၊ ငါးကဏ္ဍဖြစ်ထွန်းအောင်မြင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးအနေဖြင့် အားနည်းနေသည်ကိုတွေ့ရှိရကြောင်း၊ တိုင်းဒေသကြီးသည် ရေခံမြေခံကောင်းပြီး မိုးစပါး၊ ရော်ဘာ၊ ကိုကိုး ၊ ကော်ဖီ စသည်ဖြင့် စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ကြောင်း၊ မွေးမြူရေးတွင် ဥစားကြက်၊ အသားစားကြက်စသည်ဖြင့် ဇုန်များသတ်မှတ်ကာ မွေးမြူပါက ဒေသဝမ်းစာဖူလုံကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးအပါအဝင် MSME လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မည်ဆိုပါက စက်ရုံ၊ အလုပ်ရုံများ တည်ဆောက်နိုင်မည်ဖြစ်သောကြောင့် မိမိဒေသတွင် အလုပ်အကိုင်အခွင့်အလမ်းများပြားလာနိုင်ကြောင်း၊ လျှပ်စစ်ကဏ္ဍအနေဖြင့်တိုင်းဒေသကြီးရှိ ခရိုင်/မြို့နယ်များတွင် လျှပ်စစ်မီးအပြည့်အဝရရှိနေကြပြီး အချို့နေရာများတွင် ဆိုလာဖြင့် ဆောင်ရွက်ပေးထားသည်များရှိကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် လျှပ်စစ်မီးအပြည့်အဝရရှိရေး ကြိုးစားဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် ပြည်သူကိုဗဟိုပြုသောလုပ်ငန်းများကို စေတနာထား၍ လုပ်ကိုင်ဆောင်ရွက်ပါက အောင်မြင်လာနိုင်ပြီး ပြည်သူက ယုံကြည်ကိုးစားလာအောင် ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများသည် ပြည်သူ၏အကျိုးကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဌာနနှင့်ပြည်သူလက်တွဲလုပ်ကိုင်ဆောင်ရွက်ပါက လုပ်ငန်းများ အောင်မြင်တိုးတက်လာမည်ဖြစ်ကြောင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက တိုင်းဒေသကြီးဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာန အလိုက်ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကြသည်။

ဆက်လက်၍ ဌာနဆိုင်ရာတာဝန်ရှိသူများက ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ညှိနှိုင်းဆောင်ရွက်ပေးကြောင်းသိရသည်။

ကျော်ကျော်လတ်

# လယ်ယာထွက်ကုန်များ ဈေးကွက်သို့အချိန်မီရောက်ရှိစေရန် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်မည်

မကွေး ဧပြီ ၂၂

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် သမန်းတော(တ)ကျေးရွာ၌ ကျေးလက်နေပြည်သူများ၏ လယ်ယာမြေဧက ၈၅၀ မှ လယ်ယာထွက်ကုန်များဈေးကွက်သို့ အချိန်မီရောက်ရှိစေရန် ရည်ရွယ်၍ ၂၀၂၆ -၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးလက်ကုန်ထုတ်လမ်းတစ်လမ်း၊ Slab Culvert နှစ်စင်းနှင့် ရေကျော်တစ်ခု တည်ဆောက်သွားမည်ဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်ဇောဟိန်းထံမှ သိရသည်။

သမန်းတော(တ)ကျေးရွာတွင် အရှည်ပေ ၄၈၀၀၊ အကျယ် ၁၂ပေ၊ ထု ၂ပေရှိ ကျေးလက်ကုန်ထုတ်လမ်းတစ်လမ်း၊ အလျားပေ ၂၀ ၊ အနံ ၆ ပေ၊ အမြင့် ၆ ပေရှိ Slab Culvert နှစ်စင်း၊ အရှည်ပေ ၁၀၀၊ အကျယ် ၁၈ ပေ၊ ထု ၈ လက်မရှိ ရေကျော်တစ်စင်းတည်ဆောက်ခြင်းလုပ်ငန်းများအား ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ်သိန်း၂၄၀၀ ကျော်ဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီများက ယခုနှစ် ဇွန်လအတွင်း စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးသွားပါက လယ်ယာမြေဧက ၈၅၀ မှ လယ်ယာထွက်ကုန်များသည် မကွေးမြို့၊ မင်းဘူးမြို့ အစရှိသည့်ဈေးကွက်များသို့ လမ်းပန်းဆက်သွယ်ရေး လွယ်ကူစွာ အချိန်မီရောက်ရှိမည်ဖြစ်ကြောင်းသိရသည်။ **ငြိမ်းသူ**

# နိုင်ငံတော်ရှေ့သီးဖို့ လယ်သမားတို့ကြိုးစားစို့

✤ ကျေးတောရပ်ဆီ၊ ခိုရပ်မှီ၍
ပြည်သူ့ဝမ်းစာ၊ စားရိက္ခာတွက်
စိုက်ကာပျိုးကာ၊ ကြိုးပမ်းရှာသော
အလွှာလူသား၊ လယ်သမားဟု
လေးစားခေါ်တွင် သူတို့လျှင်။
ရိုးသားဖြူစင် ကျေးဇူးရှင်။

✤ ကိုလိုနီဖြစ်၊ ဟိုတစ်ခေတ်ဝယ်
ဖြစ်ထွန်းသီးနှံ၊ ဈေးနှိမ်ဒဏ်ကြောင့်
မခံရန်းထ၊ တော်လှန်ကြချိန်
ရရာလက်နက်၊ ကိုင်စွဲထွက်ခဲ့
ထက်မြက်သူများ လယ်သမား။
ဆရာစံနှင့်ခေါင်းဆောင်များ။

✤ လွတ်လပ်ချိန်ခါ၊ ယနေ့မှာလည်း
ပြည်ရွာအကျိုး၊ စားရေတိုးဖို့
ကြိုးစားမပျက်၊ စိုက်ပျိုးလျက်တည့်
စက်မှုစွမ်းပကား၊ ထွန်ယက်အားဖြင့်
မနားမနေ ကြံဆောင်ဖွေ။
ကုန်ထုတ်စွမ်းအား မြင့်ဖို့ပေ။

✤ ဪ...
လယ်ယာလုပ်သား၊ ဦးကြီးများ၏
တိုးပွားပညာ၊ ဘဝသာအောင်
နည်းနာဖြန့်ဝေ၊ ခေတ်မီစေ၍
ငွေကြေးရင်းနှီး၊ ထုတ်ချေးပြီးလျှင်
စီးပွားကုန်ထုတ်၊ စိုက်ပျိုးလုပ်၍
မယုတ်ခွန်အား၊ ယန္တရားနှင့်
ထွန်းကားရှေ့သီး၊ ရှေ့ခရီးကို
ဆက်ပြီးချီလို့ ကြိုးစားစို့။ ။

ညွှန့်ဝင်း(နတ်တလင်း)

# နိုင်ငံသားစိစစ်ရေးကတ်များ၊ UID ကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ဆောင်ရွက်ပေးလျက်ရှိ



ရွှေဘို ဧပြီ ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ရွှေဘိုမြို့နယ်ဦးစီးမှူးရုံးမှ အစိုးရသစ် ရက် ၁၀၀ စီမံချက်ဖြင့် ဧပြီလ ၂၂ရက်တွင် နိုင်ငံသားစိစစ်ရေးကတ်များ၊ UID ကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်ထွန်းနိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်နိုင် တို့က နိုင်ငံသားစိစစ်ရေးကတ်များ၊ UID ကတ်များနှင့် အိမ်ထောင်စုလူဦးရေစာရင်းများ လာရောက်ပြုလုပ်နေသည့် ပြည်သူများအား ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ရွှေဘိုမြို့နယ်၌ ဧပြီလ ၂၂ ရက်အထိ နိုင်-၃(က) ၈၇ ဦး၊ နိုင်-၆(က) ၁၂၁ ဦး စုစုပေါင်း ၂၀၈ ဦးတို့ကို ဆောင်ရွက်ပေးခဲ့ပြီဖြစ်ကြောင်းသိရသည်။ **အောင်ထွန်းခိုင်**

# ပဲခူးခရိုင်အတွင်း စားရေရိက္ခာဖူလုံစေရေး ကွင်းဆင်းကြည့်ရှု ဖြည့်ဆည်း ဆောင်ရွက်ပေး



ပဲခူး ဧပြီ ၂၂

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပဲခူးခရိုင်အတွင်း စားရေရိက္ခာဖူလုံစေရေး ကွင်းဆင်းကြည့်ရှု ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သနပ်ပင်မြို့နယ်ရှိ မြေပဲစိုက် တောင်သူများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် သွင်းအားစုထောက်ပံ့ပေးပြီး ဆောင်းမြေပဲ ထွက်ရှိချိန်တွင် ပေါက်ဈေးအတိုင်း ပြန်လည်ဝယ်ယူနေမှုကို သွားရောက်ကြည့်ရှုကာ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ သဘာဝရွက်ဖုန်းမြေသြဇာဖျန်းပက်ခြင်းနှင့် သစ်စိမ်းမြေသြဇာအသုံးပြု၍ မြေယာပြုပြင်ခြင်းဆောင်ရွက်မှသာ တစ်ဧကပန်းတိုင်အထွက်နှုန်းကျော်လွန်ထွက်ရှိပြီး တောင်သူများအကျိုးအမြတ် ပိုမိုရရှိနိုင်မည် ဖြစ်ကြောင်း အကျယ်တဝင့်ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးမှူး၊ တိုင်းဒေသကြီးမွေးမြူရေးနှင့်ကုသရေးဦးစီးမှူးတို့က စိုက်ပျိုးရေးနှင့် မွေးမြူရေးဆိုင်ရာ သိကောင်းစရာများအား ရှင်းလင်းပြောကြားပြီး တန် ၁၀၀ ဆန်စက်တည်ဆောက်နေမှုကိုလှည့်လည် ကြည့်ရှုသည်။

သနပ်ပင်မြို့နယ်အတွင်း ဆောင်းမြေပဲစိုက်ဧက၉၆၅၂ဧကရှိပြီး ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ မြေပဲတစ်ဧကလျှင် ငွေကျပ် ၄ သိန်းနှင့်ညီမျှသော သွင်းအားစုများ ပံ့ပိုးပေးနိုင်ခဲ့သည့်အတွက် တစ်ဧကလျှင် ပျမ်းမျှ၇၇ ဒသမ ၅၅ တင်းနှုန်းထွက်ရှိ၍ ပန်းတိုင်အထွက်နှုန်း ကျော်လွန်ထွက်ရှိခဲ့ကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် သနပ်ပင်မြို့ ဘူတာပိုင်းရပ်ကွက် ဦးသိန်းလွင်၏ ဥစားဘဲကောင်ရေ ၇၀၀၀ မွေးမြူထားရှိမှုနှင့် ကမာစဲကျေးရွာရှိ ဦးဝင်းထိုက်မောင်၏ ရေချိုငါးမွေးမြူရေးကိုလည်းကောင်း၊ ရစ်ကန်လေး-ကမာစဲ ကျေးရွာချင်းဆက်လမ်း အရှည်သုံးမိုင်ကွန်ကရစ်လမ်း ဆောင်ရွက်ပြီးစီးမှုအခြေအနေကိုလည်းကောင်း သနပ်ပင်မြို့နယ် ထောင်မင်းကျေးရွာအုပ်စုရှိ ယခင်က တစ်နှစ်တစ်သီးသာ စိုက်ပျိုးနိုင်သည့် ရေကြီးရေနက်ကွင်းများကို ရေတော်မိုးတော်လယ်မြေအဖြစ် တစ်နှစ်အနည်းဆုံး နှစ်သီး စိုက်ပျိုးနိုင်ရေး ဆားကျင်းကြီးရိုးတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုပြီးလိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဦးထွန်းလတ်က ဥစားဘဲကောင်ရေ၂၅၀၀အား လယ်ကွင်းအစာဖြင့် သဘာဝအတိုင်း မွေးမြူထားရှိမှု၊ ကမာနတ်ကျေးရွာရှိ ဒေါ်ရီရီသင်း၏ ဥစားဘဲကောင်ရေ ၃၅၀၀ မွေးမြူထားရှိမှုနှင့် ပဲခူးမြို့ ဟံသာဝတီရှေးဟောင်းမြို့ရိုး၊ အင်းဝတံခါးနီး အပန်းဖြေဥယျာဉ် တည်ဆောက်နေမှုတို့ကို ကွင်းဆင်းကြည့်ရှု၍ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

(၄၁၀)

# ဟိုင်းကြီးကျွန်းမြို့ရှိ ငွေတောင်ကမ်းခြေသို့ ယခုနှစ်မတ်လအတွင်း ခရီးသွားဧည့်သည်အများအပြားဝင်ရောက်လည်ပတ်ခဲ့



ငပုတော ဧပြီ ၂၂

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ တင်းချောင်းကျေးရွာအနီးရှိ ငွေတောင်ကမ်းခြေသို့ ယခုနှစ်မတ်လအတွင်းခရီးသွား ဧည့်သည်အများအပြား ဝင်ရောက်လည်ပတ်ခဲ့ကြောင်း ငပုတောမြို့နယ် ခရီးသွားလုပ်ငန်းအသင်းတာဝန်ခံ ဒေါ်နီနီမာ၏ပြောဆိုချက်အရ သိရသည်။

ငွေတောင်ကမ်းခြေသို့ ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ခရီးသွားဧည့်သည် ၅၄၅၂၂ ဦး ဝင်ရောက်လည်ပတ်ခဲ့ပြီး မတ်လ ၁ ရက်မှ ၃၀ ရက်အထိ ခရီးသွားဧည့်သည် ၅၅၁၁၄ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း သိရသည်။

"မြတ်မော်တင်စွန်းစေတီအနီးက ငွေတောင်ကမ်းခြေကို ခရီးသွားဧည့်သည်တွေ အများအပြား လာရောက်ခဲ့ပါတယ်။ လာရောက်လည်ပတ်တဲ့ခရီးသွားဧည့်သည်တွေက ရန်ကုန်တိုင်းဒေသကြီးနဲ့ ဧရာဝတီတိုင်းဒေသကြီးက အများဆုံးဖြစ်ပါတယ်" ဟု ဒေါ်နီနီမာကပြောသည်။

အဆိုပါကမ်းခြေသို့ လာရောက်အပန်းဖြေသည့်ခရီးသွားဧည့်သည်များ သွားလာရေးအဆင်ပြေစေရန်၊ သန့်ရှင်းမှုရှိစေရန်၊ စနစ်တကျအနားယူနိုင်ရန် လုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေး စသည့်လုပ်ငန်းများကို ခရီးသွားလုပ်ငန်းရှင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သုတကျော်

# ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းအနေဖြင့် လမ်းပန်းဆက်သွယ်မှုခက်ခဲသည့်မြို့တို့သို့ လေယာဉ်ခရီးစဉ်များ တိုးချဲ့ပျံသန်းပြေးဆွဲမည်

နေပြည်တော် ဧပြီ ၂၂

နိုင်ငံတော်သမ္မတ၏လမ်းညွှန်ချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာအမျိုးသားလေကြောင်းအနေဖြင့် လမ်းပန်းဆက်သွယ်မှုခက်ခဲသည့်မြို့တို့သို့ ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေလွယ်ကူချောမွေ့စေရေးအတွက် ၂၀၂၆ ခုနှစ် ဧပြီလ ၂၄ ရက်မှစတင်ကာ လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းပြေးဆွဲပေးရန် စီစဉ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ခရီးစဉ်များတိုးချဲ့ပျံသန်းပြေးဆွဲရာတွင် ရန်ကုန်မြို့မှ ရခိုင်ပြည်နယ်အတွင်းရှိ မာန်အောင်မြို့နှင့် ကျောက်ဖြူမြို့တို့သို့ ရက်သတ္တတစ်ပတ်လျှင် ၃ ရက်ဖြင့် အောက်ပါအတိုင်းပြေးဆွဲပေးသွားမည်ဖြစ်သည်-

| စဉ် | ပြေးဆွဲမည့်နေ့ | ခရီးစဉ် |
|---|---|---|
| ၁ | တနင်္လာနေ့ | ရန်ကုန်-မာန်အောင်-ကျောက်ဖြူ-ရန်ကုန် |
| ၂ | ဗုဒ္ဓဟူးနေ့ | ရန်ကုန်-ကျောက်ဖြူ-မာန်အောင်-ရန်ကုန် |
| ၃ | သောကြာနေ့ | ရန်ကုန်-မာန်အောင်-ကျောက်ဖြူ-ရန်ကုန် |

အလားတူ တနင်္သာရီတိုင်းဒေသကြီး မြိတ်လေဆိပ်ကိုအခြေပြုကာ ထားဝယ်မြို့၊ ဘုတ်ပြင်းမြို့နှင့် ကော့သောင်းမြို့တို့သို့ ရက်သတ္တတစ်ပတ်လျှင် ၆ ရက်ဖြင့် အောက်ပါအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်-

| စဉ် | ပြေးဆွဲမည့်နေ့ | ခရီးစဉ် |
|---|---|---|
| ၁ | တနင်္လာနေ့ | မြိတ်-ဘုတ်ပြင်း-ကော့သောင်း-ဘုတ်ပြင်း-မြိတ် |
| ၂ | အင်္ဂါနေ့ | မြိတ်-ထားဝယ်-မြိတ် |
| ၃ | ဗုဒ္ဓဟူးနေ့ | မြိတ်-ဘုတ်ပြင်း-ကော့သောင်း-ဘုတ်ပြင်း-မြိတ် |
| ၄ | ကြာသပတေးနေ့ | မြိတ်-ထားဝယ်-မြိတ် |
| ၅ | သောကြာနေ့ | မြိတ်-ဘုတ်ပြင်း-ကော့သောင်း-ဘုတ်ပြင်း-မြိတ် |
| ၆ | တနင်္ဂနွေနေ့ | မြိတ်-ထားဝယ်-မြိတ် |

တိုးချဲ့ပျံသန်းမည့် လေယာဉ်ခရီးစဉ် အသေးစိတ်အချက်အလက်များနှင့် လေယာဉ်လက်မှတ်များအား မြန်မာအမျိုးသားလေကြောင်း WebSite ဖြစ်သည့် www.flymna.com တွင် ဝင်ရောက်ကြည့်ရှုဝယ်ယူနိုင်ပြီး သက်ဆိုင်ရာမြို့များရှိ လေယာဉ်လက်မှတ်အရောင်းကိုယ်စားလှယ်များထံတွင်လည်း ဝယ်ယူနိုင်မည်ဖြစ်ကြောင်းသိရသည်။

**ပို့ဆောင်ရေးဝန်ကြီးဌာန**

# လှည်းကူးမြို့နယ်၌ နွေရာသီအခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်လှစ်

ရန်ကုန် ဧပြီ ၂၂

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးခရိုင် လှည်းကူးမြို့နယ်ရှိ ကျောင်းသား၊ ကျောင်းသူများ နွေရာသီတွင် ပန်းချီရေးဆွဲနည်းအခြေခံကောင်းများရရှိထားခြင်းဖြင့် မိမိတို့ကျောင်းသင်ခန်းစာတွင်ပါဝင်သည့် ပုံများရေးဆွဲရာတွင် အထောက်အကူပြုစေရန်ရည်ရွယ်၍ နွေရာသီအခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို ဧပြီလ ၂၁ ရက်က မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အိရွှေစင်လတ်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် အခြေခံပန်းချီရေးဆွဲနည်းများဖြစ်သော မျဉ်းလဲ၊မျဉ်းမတ်၊ မျဉ်းစောင်း၊ မျဉ်းခုံး၊ မျဉ်းခွက်၊ မျဉ်းဝိုင်း၊ ခဲအဖိအကြွ၊ ဆေးရောင်စုံခြယ်နည်းများနှင့် အလင်းအမှောင်ချိန်နည်း စသည့်ဘာသာရပ်များကို နည်းပြဆရာနှစ်ဦးက သင်ကြားပို့ချပေးလျက်ရှိသည်။

ယင်းသင်တန်းတွင် အခြေခံပညာအလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသား၊ကျောင်းသူ ၃၅ ဦး ကို ဧပြီလ ၂၁ ရက်မှ မေလ၆ ရက်အထိ အခမဲ့သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**အိရွှေစင်လတ်(ပြန်/ဆက်)**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၇˚c | / | ၃၈˚c |
| ရန်ကုန် | ၂၅˚c | / | ၃၈˚c |
| မန္တလေး | ၃၀˚c | / | ၄၃.c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

ရိုးရိုးမီးလုံး၊ မီးချောင်းများအစား ဓာတ်အားသက်သာစေမည့် Energy Saving Lamps များကို အသုံးပြုသင့်ပါသည်။

➲ ကျောဖုံးမှအဆက်

တွေ့ဆုံစဉ် နှစ်နိုင်ငံရှိရင်းစွဲ သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာလာစေရေး၊ စီးပွားရေးကဏ္ဍ၊ နယ်စပ်ဒေသကုန်သွယ်ရေးတိုးမြှင့်နိုင်ရေးကဏ္ဍ၊ စွမ်းအင်ကဏ္ဍအပါအဝင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ဆောင်ရွက်ရေး၊ ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံဘဏ်များ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်နိုင်ရေး၊ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားမဝင်နယ်စပ်ကုန်သွယ်ရေးနှင့် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဦးညီညီစောနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာခင်နိုင်ဦး၊ ဒုတိယဝန်ကြီးများနှင့်တာဝန်ရှိသူများတက်ရောက်ကြပြီး ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြဝတီ

# မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝဏ္ဏသိဒ္ဓိအားကစားကွင်း အတွင်းရှိ အားကစားကွင်း၊ အားကစားရုံများ ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်း ကြည့်ရှုစစ်ဆေး




**နေပြည်တော် ဧပြီ ၂၂**

အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းသည် ဒုတိယဝန်ကြီး ဦးညီညီ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်တို့နှင့်အတူ ယမန်နေ့နံနက်ပိုင်းက မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း/ အားကစားရုံများ ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်းသို့ သွားရောက်၍ ဧည့်ခန်းမ၌ မန္တလေးငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၊ Synthetic ပြေးလမ်း၊ Indoor Stadium (A , B , C) ရုံ၊ ရေကူးကန်၊ ဖူဆယ်အားကစားရုံ၊ လက်ဝှေ့အားကစားရုံ၊ ဘိလိယက်နှင့်စနူကာအားကစားရုံ၊ မြားပစ်အားကစားကွင်းနှင့် ဘိုးလင်းအားကစားခန်းမတို့ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများနှင့် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို Max Myanmar ကုမ္ပဏီလီမိတက်မှတာဝန်ရှိသူနှင့်အားကစားကွင်း/ အားကစားရုံဌာနခွဲ ညွှန်ကြားရေးမှူး ဦးမင်းမင်းထွန်းတို့က ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားကွင်း VIP မှန်ဧည့်ခန်းမ မျက်နှာကြက်နှင့် အခန်းပတ်လည်မျက်နှာစာမှန်များတပ်ဆင်ပြီးစီးမှု၊ Synthetic ပြေးလမ်းခင်းကျင်းပြီးစီးမှု၊ ဘောလုံးကွင်းမြက်ခင်းပြင်နှင့် ရေဖျန်းစနစ်တပ်ဆင်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး မြက်ခင်းပြင်စိမ်းလန်းစိုပြည်စေရေးနှင့် ပြေးလမ်းများရေရှည်တည်တံ့စေရေးအတွက် ပုံမှန်ထိန်းသိမ်းဆောင်ရွက်သွားရန် တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၊ (B)နှင့် (C)တို့ကို လည်းကောင်း၊ ဝဏ္ဏသိဒ္ဓိရေကူးကန်အတွင်းရှိ ပြိုင်ပွဲကန်၊ ဒိုင်ဗင်ကန်နှင့် လေ့ကျင့်ရေးရေကူးကန်၊ ဖူဆယ်အားကစားရုံ၊ လက်ဝှေ့အားကစားရုံနှင့် ဘိလိယက်နှင့်စနူကာအားကစားရုံ၊ မြားပစ်အားကစားကွင်းနှင့် ဘိုးလင်းအားကစားခန်းမတို့ကို ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများနှင့် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်းသိရသည်။

မြဝတီ

# နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များ အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ရန်မှာကြား

**ပဲခူး ဧပြီ ၂၂**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဧပြီလ ၁၀ ရက်နှင့် ၂၀ ရက်တို့တွင် ပြောကြားခဲ့သည့် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များကို ရှင်းလင်းပြောကြားပြီး ပြည်သူလူထုမှ တင်မြှောက်ပေးခဲ့သည့် အစိုးရဖြစ်သည်နှင့်အညီ ပြည်သူလူထု၏အသံကို အလေးထား၍ ဖြည့်ဆည်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များနှင့် ရုံးလုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြပြီး ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးများက ဌာနအလိုက် ကြီးကြပ်ဆောင်ရွက်သွားမည့်လုပ်ငန်းရပ်များကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၄၁၀)



# ၂၀၂၆ ခုနှစ် ဧပြီလ ၂၁ ရက်နေ့တွင် ရန်ကုန်မြို့၏ ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

ရန်ကုန်တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ရန်ကုန်မြို့အတွင်း အောက်ဖော်ပြပါ တိုင်းတာမှတ် (၃) နေရာတွင် Ambient Air Quality Monitoring Station with Mobile Car–(AQMS Mobile Car)၊ Compact Air Quality Monitoring Station– (AQM 65) စက်များကိုအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$ )၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter (၆) မျိုးကို (၂၄) နာရီ ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိသည်။

| စဉ် | ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝန်းကျင်လေထု အရည်အသွေး တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|
| | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှား များ | ဆာလဖာဒိုင် အောက်ဆိုက် | နိုက်ထရိုဂျင် ဒိုင်အောက် ဆိုက် | အိုဇုန်း | ကာဗွန် မိုနောက် ဆိုက် |
| ၁ | ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| ၃ | ဒဂုံမြို့နယ်၊ရန်ကုန်မြို့ | ကောင်းမွန် | | | | | |


**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index - AQI)**

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှထုတ်လွှတ်အခိုးအငွေ့များထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိသည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

# ပြည်ထောင်စုအတိုင်ပင်ခံကောင်စီ ကောင်စီဝင် ဦးသန်းဆွေ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် ဧပြီ ၂၂

ပြည်ထောင်စုအတိုင်ပင်ခံကောင်စီ ကောင်စီဝင် ဦးသန်းဆွေသည် မြန်မာနိုင်ငံသို့ အလုပ်သဘောခရီးစဉ်ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkaew ကို ယနေ့တွင် Jasmine Nay Pyi Taw Hotel ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

မြဝတီ

# မြန်မာ-ထိုင်း နိုင်ငံခြားရေးဝန်ကြီးများ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပ






နေပြည်တော် ဧပြီ ၂၂

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည်နေပြည်တော်သို့ အလုပ်သဘောခရီးစဉ်ရောက်ရှိနေသည့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkaew ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံပြီး နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပသည်။

တွေ့ဆုံဆွေးနွေးမှုတွင် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးများက ယခုအချိန်သည် နှစ်နိုင်ငံစလုံးတွင် အစိုးရသစ်များ အသီးသီးဖွဲ့စည်းခဲ့ပြီး အရေးကြီးသည့်အကူးအပြောင်းကာလဖြစ်ရာ နှစ်နိုင်ငံအကြား၌ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေးတို့ကို ဆွေးနွေးခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ရှည်လျားသော နယ်နိမိတ်ချင်း ထိစပ်နေသည့် အိမ်နီးချင်းနိုင်ငံများဖြစ်သည်နှင့်အညီ နယ်စပ်ဒေသတည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေး၊ တရားမဝင်ကုန်သွယ်မှုနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများတားဆီးနှိမ်နင်းရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုဆိုင်ရာကိစ္စများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအကြားရှိပူးပေါင်းဆောင်ရွက်ရေး ယန္တရားများဖြစ်သည့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာပူးတွဲကော်မရှင် (JC)နှင့် ကုန်သွယ်ရေးပူးတွဲကော်မရှင် (JTC)တို့ ပြန်လည်စတင်နိုင်ရေး၊ စွမ်းအင်ကဏ္ဍ အပါအဝင် ကဏ္ဍအသီးသီး၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး၏ ယခုခရီးစဉ်သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြုသဘောဖြစ်ပေါ်တိုးတက်မှုကို အသိအမှတ်ပြုထောက်ခံမှုပြသသော ခရီးစဉ်တစ်ခုဖြစ်သည့်အတွက် ကျေးဇူးတင်ကြောင်း၊ မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ထိုင်းနိုင်ငံအနေဖြင့် ထောက်ခံပံ့ပိုးပေးခြင်းအတွက် ကျေးဇူးတင်ကြောင်း၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ၌ တည်ငြိမ်အေးချမ်းမှုသည် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုစေမည့်အပြင် နှစ်နိုင်ငံနယ်စပ်နေပြည်သူများ၏ သာယာဝပြောရေးအတွက်အထူးအရေးကြီးသဖြင့် နယ်စပ်ဒေသရှိ စိန်ခေါ်မှုများကို ဖြေရှင်းရာ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိုင်းနိုင်ငံက ပံ့ပိုးပေးရန် ဆန္ဒရှိမှုအား ကြိုဆိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)မူဘောင်ကိုအခြေခံ၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အလေးပေးပြောကြားသည်။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးက ထိုင်းနိုင်ငံအနေဖြင့် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ဦးဆောင်သည့် အစိုးရသစ်တစ်ရပ်ဖွဲ့စည်းနိုင်မှုအပေါ် ဝမ်းမြောက်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နှစ်ဆန်းတစ်ရက်နေ့တွင် အကျဉ်းသားများ လွှတ်ပေးခဲ့ခြင်းကို ကြိုဆိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် လက်နက်ကိုင်အဖွဲ့များအား ဖိတ်ခေါ်ခဲ့ခြင်းကိုလည်း ကြိုဆိုကြောင်း၊ မြန်မာအစိုးရ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ကြိုးပမ်းမှုများကို အသိအမှတ်ပြုကြောင်းနှင့် ထိုင်းနိုင်ငံအနေဖြင့် ပါဝင်ပံ့ပိုးပေးလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံနှင့် ပုံမှန်ဆက်ဆံရေးပြန်လည်ရရှိရေးအတွက် ထောက်ခံပံ့ပိုးပေးရန် အသင့်ရှိကြောင်း၊ နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားမည်ဖြစ်ကြောင်းနှင့် ထိုင်းနိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများဆိုင်ရာ ဖွံ့ဖြိုးမှုအကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Sihasak Phuangketkaew ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော် Jasmine Nay Pyi Taw Hotel ၌ နေ့လယ်စာဖြင့်တည်ခင်းဧည့်ခံခဲ့သည်။

ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ထိုင်းနိုင်ငံသို့ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာရာ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် လိုက်ပါပို့ဆောင်ခဲ့ကြောင်း သိရသည်။

မြဝတီ

# (၂၂-၄-၂၀၂၆)ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၃ ~ ၃၆၆၅.၇ | ၅၅၈.၂ ~ ၅၅၈.၅ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၂၀,၉၇၄,၂၈၈.၀၂ | ၁၅,၄၇၃,၉၁၅.၃၈ | ၃၇,၀၂၈,၈၂၁.၈၃ | ၁,၄၂၀,၀၀၀.၀၀ |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးဝါးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ စားသုံးကုန်စည်များနှင့် ပြောင်းမျိုးစေ့များ တင်သွင်းခြင်းအတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၃.၀၅ သန်းကိုလည်းကောင်း၊ LNG ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၁ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။ **မြန်မာနိုင်ငံတော်ဗဟိုဘဏ်**

# ရေနည်းမည့် သတိပေးချက်

နေပြည်တော် ဧပြီ ၂၂

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မန္တလေးမြို့တွင် ၃၆၆ စင်တီမီတာသို့ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ရေနည်းသတိပေးချက် ၃၆၀ စင်တီမီတာအောက်သို့ရောက်ရှိနိုင်သည်။

(မိုး/ဇလ)

# ၂၂-၄-၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၇,၁၀၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ပေါ့ဆမှုကြောင့်နောင်တမရစေဖို့ မီးဘေးကိုသတိပြုကြပါစို့

**အောင်ဘုန်း**

မီးသည် လူ့တစ်သက်တာအတွက် မရှိမဖြစ် အရေးပါသောအရာတစ်ခုဖြစ်သည်။ ရှေးယခင်က လူသားတို့သည် မီးကိုရှာဖွေတွေ့ရှိပြီးနောက် ချက်ပြုတ်စားသောက်ခြင်း၊ အအေးဒဏ်ကို ကာကွယ်ခြင်း၊ အလင်းရောင်ရရှိခြင်း အစရှိသည့် ကောင်းကျိုးချမ်းသာများစွာကို ခံစားခဲ့ကြရသည်။ ယနေ့ခေတ်တွင်လည်း စက်မှုလုပ်ငန်းများမှသည် အိမ်တွင်းမှုကိစ္စရပ်များအထိ မီးသည် လူသားတို့၏အဓိကအကူအညီအဖြစ် တည်ရှိနေဆဲဖြစ်သည်။

သို့ရာတွင် မီးသည် အသုံးပြုသူ၏သတိနှင့် ဂရုစိုက်မှုအနည်းငယ်မျှလျော့သွားပါက ခဏအတွင်း ဘေးအန္တရာယ်အဖြစ် ပြောင်းလဲသွားတတ်သည်။ ထိုအခါ မီးသည် လူ့အသက်၊ အိုးအိမ်၊ စည်းစိမ်ဥစ္စာများကိုခဏချင်းပျက်စီးဆုံးရှုံးစေနိုင်သော ကြောက်မက်ဖွယ်ရန်သူတစ်ပါးဖြစ်သွားတော့သည်။ ရှေးမြန်မာတို့က ရန်သူမျိုးငါးပါးဟုဆိုရာတွင် မီးကိုလည်း ရန်သူတစ်ပါးအဖြစ် သတ်မှတ်ခဲ့သည်မှာ ယင်းသို့သော အကြောင်းကြောင့်ပင်ဖြစ်သည်။

မီးဘေးအန္တရာယ်သည် မည်သူမဆို၊ မည်သည့်နေရာတွင်မဆို ဖြစ်ပွားနိုင်သော အန္တရာယ်ဖြစ်ပြီး အထူးသဖြင့် ပူပြင်းခြောက်သွေ့သော နွေရာသီကာလတွင် ပိုမိုသတိပြုရန်လိုအပ်သည်။ ထို့ကြောင့် မီးဘေးအန္တရာယ်နှင့်ပတ်သက်၍ ကြိုတင်သိရှိထားရန်၊ ကာကွယ်ရေးနည်းလမ်းများကို နားလည်စေရန်နှင့် ပြည်သူတိုင်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် အရေးကြီးသည်။

မီးကိုမလောင်ခင်က ကြိုတင်ကာကွယ်သင့်သည်။ ထိုသို့ကာကွယ်ရာ၌ သတိပြုအပ်သောအချက်အလက်များမှာ လူတို့အမှတ်မထင်နေလေ့ရှိသော အသေးအဖွဲ့ကလေးများသာဖြစ်သည်။ ယင်းတို့ကြောင့်ပင် လူတို့၏အသက်၊ အိုးအိမ်၊ စည်းစိမ်ဥစ္စာတို့ဆုံးရှုံးရလေသည်။ လူတို့သတိပြုလေ့မရှိသော အသေးအဖွဲ့ကလေးမှစ၍ အကြီးအကျယ်ပျက်စီးတတ်သည်ကို "အမှိုက်ကစ ပြာသာဒ်မီးလောင်"ဟု ဆိုစမှတ်ပြုကြသည်။

ထိုစကားသည် မီးဘေးကာကွယ်ရေးတွင် အလွန်အဖိုးတန်သောစကားတစ်ရပ်ဖြစ်၏။ ပျက်စီးဆုံးရှုံးခြင်း၏အကြောင်းရင်းကို ရှာဖွေကြည့်ပါက များသောအားဖြင့် လူတို့၏ပေါ့လျော့မှုကိုသာ တွေ့ရတတ်သည်။ ထိုအခါ မိမိတို့၏ပေါ့လျော့မှုအတွက် ကြီးစွာသော နောင်တဖြစ်ရတတ်သည်။ ထို့ကြောင့် ပျက်စီးပြီးမှ နောင်တရမည့်အစား မီးမလောင်မီက အထူးသတိထား၍ ကာကွယ်သင့်သည်။

ပတ်ဝန်းကျင်ရှိ နေ့စဉ်သုံးပစ္စည်းများတွင် အလွယ်တကူ မီးစွဲလောင်နိုင်သောပစ္စည်းများစွာရှိသည်ကို ရှေးဦးစွာ သတိထားသင့်သည်။ အမှတ်တမဲ့ပစ်လိုက်သော မီးခြစ်ဆံ၊ ဆေးလိပ်တိုကလေးများမှ မီးသည် မီးတောက်ကြီးအထိ ပွားများကာ ဆုံးရှုံးပျက်စီးလောက်အောင်ဖြစ်စေနိုင်သည်။ မီးမလောင်ရန် သတိပြုကာကွယ်ရာ၌ မီးကိုသာ သတိနှင့်ကိုင်တွယ်ရမည်မဟုတ်ဘဲ အိမ်တွင်းအိမ်ပြင်ရှိ မီးစွဲလောင်စေတတ်သောအရာဝတ္ထုအားလုံးကိုလည်း မီးနှင့်ဝေးရန် သို့မဟုတ် မီးမစွဲနိုင်စေရန် စီမံထားဖို့လိုအပ်သည်။ ရေနံဆီ၊ ဓာတ်ဆီ စသည်တို့မှတစ်ပါး မီးအစွဲလွယ်ဆုံး အိမ်တွင်းပစ္စည်းများမှာ စက္ကူနှင့်အဝတ်စများဖြစ်သည်။

အိမ်ဆောက်ထားသည့် ပစ္စည်းများမှာ သစ်၊ ဝါး၊ ဓနိ၊ သက်ငယ် စသောလောင်စာများဖြစ်လျှင် မီးကို အထူးသတိပြုရပေမည်။ မီးခံပစ္စည်းများဟု ဆိုရမည်ဖြစ်သော သံ၊ သွပ်၊ ကျောက်၊ အုတ် စသည်တို့ဖြင့် ဆောက်လုပ်သော အဆောက်အအုံကြီးမှာပင် မီးလောင်ပါက ပျက်စီးနိုင်သည်။ သို့ရာတွင် ထိုပစ္စည်းများသည် သစ်၊ ဝါး၊ ဓနိ၊ သက်ငယ်တို့ကဲ့သို့ မီးစွဲလွယ်သောပစ္စည်းများမဟုတ်သဖြင့် အိမ်တွင်း၌ မတော်တဆလောင်သော မီးတောက်များ တစ်အိမ်လုံးသို့ မကူးစက်မီ ငြိမ်းသတ်ချိန်ရနိုင်ပေသည်။

> ❍ ပျက်စီးဆုံးရှုံးခြင်း၏အကြောင်းရင်းကို ရှာဖွေကြည့်ပါက များသောအားဖြင့် လူတို့၏ပေါ့လျော့မှုကိုသာတွေ့ရတတ်သည်။ ထိုအခါ မိမိတို့၏ပေါ့လျော့မှုအတွက် ကြီးစွာသော နောင်တဖြစ်ရတတ်သည်။ ထို့ကြောင့် ပျက်စီးပြီးမှနောင်တရမည့် အစား မီးမလောင်မီက အထူးသတိထား၍ ကာကွယ်သင့် . . .
>
> ❍ ရန်သူမျိုးငါးပါးတွင် မီးသည် အဆိုးရွားဆုံးနှင့် အကြောက်ရဆုံးသော ရန်သူဖြစ်သည်ဟုဆိုရပေမည်။ အကြောင်းမှာ အခြားသောရန်သူများသည် ကြိုတင်၍ ခုခံကာကွယ်ရန်အချိန်ရနိုင်သော်လည်း မီးမူကား ခဏချင်းအတွင်း ပျံ့နှံ့လောင်ကျွမ်းကာ လူ့အသက်၊ အိုးအိမ်၊ စည်းစိမ်ဥစ္စာအားလုံးကို ပြာပုံသဖွယ် ဖြစ်စေနိုင်သောကြောင့်ဖြစ် . . .

ထို့ကြောင့် နေအိမ်အဆောက်အအုံများကို တတ်နိုင်လျှင် ရုတ်တရက်မီးမစွဲနိုင်သောပစ္စည်းများဖြင့် ဆောက်လုပ်သင့်သည်။

မီးလောင်ရာတွင် မီးတောက်သည် လောင်ကျွမ်းကူးစက်ရာ၌ အလျင်အမြန်ဆုံးဖြစ်သည်။ သိပ္ပံပညာထွန်းကားသော ယခုခေတ်တွင် မီးစွဲတတ်သော ပစ္စည်းအများအပြားကို မီးမစွဲနိုင်စေရန်ဆေးရည်ဖြင့် စီမံထားကြသည်။ ဆာဝီလျံပါကင်သည် သစ်သားများကိုလည်းကောင်း၊ အဝတ်အထည်များကိုလည်းကောင်း မီးခံနိုင်စေရန် စိမ်သည့်ဆေးရည်များကို အောင်မြင်စွာ စမ်းသပ်ဖော်စပ်ခဲ့သည်။

ထို့ပြင် မီးသတ်ဆေးဘူးများကိုလည်း တီထွင်ခဲ့ကြသည်။ မီးသတ်ဘူးတွင် ဆိုဒီယမ်ဘိုင်ကာဗွန်နိတ်နှင့် ဆာလဖျူရစ်အက်ဆစ်များကို တခြားစီထည့်ထားသည်။ အရေးကြုံ၍ သုံးလိုသောအခါ မီးသတ်ဆေးဘူးကိုဇောက်ထိုးလုပ်လိုက်ခြင်းဖြင့် ဓာတ်ရည်နှစ်ခုရောနှောမိကာ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ထွက်ပေါ်လာပြီး မီးတောက်ဖြစ်စေသည့် အောက်ဆီဂျင်ဓာတ်ကို ငြိမ်းသတ်နိုင်သည်။ ဤကိရိယာသည် ငွေကုန်ကြေးကျမများလှဘဲ ဝယ်ယူအသုံးပြုနိုင်သဖြင့် မီးဘေးကာကွယ်ရေးတွင် များစွာအကျိုးပြုသည်။ မီးလောင်သောအခါ အမြန်ဆုံးငြိမ်းသတ်နိုင်ရန် ကိရိယာများကို အဆင်သင့်ထားရှိသင့်သည်။ မီးသတ်တပ်ဖွဲ့များမရှိသေးသည့် ကျေးလက်တောရွာများတွင် မီးချိတ်၊ မီးကပ်များ အဆင်သင့်ပြုလုပ်ထားသင့်သည်။

တောမီးလောင်ခြင်းသည် သဘာဝဘေးအန္တရာယ်တစ်ခုဖြစ်ပြီး သစ်တောများ၊ တောရိုင်းတိရစ္ဆာန်များ၊ ပတ်ဝန်းကျင်နှင့်လူသားများအတွက် ဆိုးကျိုးများစွာ ဖြစ်စေနိုင်သည်။ ယင်းတို့အနက် သစ်တောများပျက်စီးခြင်းသည် ရေရှည်တွင် ရာသီဥတုပြောင်းလဲမှု၊ မြေဆီလွှာတိုက်စားမှု၊ ရေဝေရေလဲဒေသများ ထိခိုက်မှုနှင့် အောက်ဆီဂျင်ထုတ်လုပ်မှုလျော့ကျခြင်း စသည့်သက်ရောက်မှုများကို ဖြစ်ပေါ်စေသည်။ တောရိုင်းတိရစ္ဆာန်များအတွက်မူ နေထိုင်ရာဒေသဆုံးရှုံးခြင်း၊ အစာရေစာပြတ်လပ်ခြင်းနှင့် အချို့သောရှားပါးမျိုးစိတ်များမျိုးသုဉ်းပျောက်ကွယ်ခြင်းအထိ ဖြစ်စေနိုင်သည်။ လူသားများအတွက်လည်း ကျေးရွာများ ပျက်စီးခြင်း၊ လေထုညစ်ညမ်းခြင်း၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများဖြစ်ပွားခြင်း၊ စီးပွားရေးဆုံးရှုံးခြင်းနှင့် အချို့သောအခြေအနေများတွင် လူမှုဘဝထိခိုက်ဆုံးရှုံးခြင်းတို့ပါ ကြုံတွေ့ရတတ်သည်။

တောမီးလောင်ရခြင်း၏ အကြောင်းရင်းများကို လူသားတို့၏ပေါ့ဆမှုနှင့်သဘာဝအကြောင်းရင်းဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။ လူသားတို့၏ပေါ့ဆမှုကြောင့် ဖြစ်ပွားရသော တောမီးများတွင် ဥယျာဉ်စိုက်ခင်းများရှင်းလင်းရန်မီးရှို့ခြင်း၊ ခရီးသွားများ သို့မဟုတ် တောအုပ်အတွင်း ဝင်ရောက်လုပ်ကိုင်သူများ၏ မီးငြိမ်းသတ်မှုမစေ့စပ်ခြင်း၊ စွန့်ပစ်ထားသော ဆေးလိပ်တိုများ၊ လျှပ်စစ်ဓာတ်ကြိုးများချွတ်ယွင်းခြင်း၊ မီးရှို့ဖျက်ဆီးမှုများ(ရည်ရွယ်ချက်ရှိရှိ မီးရှို့ခြင်း) စသည်တို့ပါဝင်သည်။ အထူးသဖြင့် ခြောက်သွေ့ရာသီတွင် မီးသေးသေးလေးတစ်ခုသည်ပင် လေတိုက်ခတ်မှုနှင့်အတူ မြန်ဆန်စွာပျံ့နှံ့ကာ ဧရိယာကျယ်ပြန့်စွာ လောင်ကျွမ်းသွားတတ်သည်။

သဘာဝအကြောင်းရင်းများအနေဖြင့်လည်း တောမီးလောင်ရခြင်းကို ဖြစ်စေနိုင်သည်။ မိုးကြိုးပစ်ခြင်းသည် သဘာဝတောမီး၏အဓိကအကြောင်းရင်းတစ်ခုဖြစ်ပြီး မိုးကြိုးကျရောက်ရာနေရာတွင် ခြောက်သွေ့နေသောသစ်ရွက်ခြောက်များ၊ သစ်ကိုင်းများမီးစွဲလောင်ကာ မီးတောက်ကြီးအထိ ဖြစ်ပွားတတ်သည်။ ထို့ပြင် သစ်ပင်အချင်းချင်းပွတ်တိုက်ခြင်း၊ ကျောက်တုံးများ ပြိုကျစဉ်ဖြစ်ပေါ်လာသောပွတ်တိုက်မှုမှ အပူဓာတ်ကြောင့် မီးစတင်လောင်ကျွမ်းခြင်းများလည်းရှိသည်။ အချို့ဒေသများတွင် ချော်ရည်များစီးဆင်းခြင်း၊ မီးတောင်ပေါက်ကွဲခြင်းတို့ကြောင့်လည်း တောမီးများဖြစ်ပွားတတ်သည်။

တောမီးများသည် အလွန်ကြောက်မက်ဖွယ်ကောင်းသည်။ တစ်ခါတစ်ရံ မိနစ်ပိုင်းအတွင်း ဟက်တာရာနှင့်ချီ၍ ပျံ့နှံ့လောင်ကျွမ်းနိုင်ပြီး ကျေးရွာများနှင့်အဖိုးတန်သစ်တောများမှာ တောမီးလောင်၍ ပျက်စီးဆုံးရှုံးရတတ်သည်။ သစ်တောများ ပြန်လည်ထူထောင်ရန် နှစ်ပေါင်းများစွာ ကြာမြင့်တတ်ပြီး အချို့သောဂေဟစနစ်များမှာ မူလအတိုင်း ပြန်လည်ကောင်းမွန်ရန် မဖြစ်နိုင်တော့ပေ။

ထိုသို့သော ကြီးမားသည့်ပျက်စီးဆုံးရှုံးမှုများကို ကြိုတင်ကာကွယ်ရန်နှင့် ထိန်းချုပ်ရန်အတွက် အထူးဂရုပြုဆောင်ရွက်ကြရမည်ဖြစ်သည်။ တောမီးကာကွယ်ရေးအတွက် ပညာပေးလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်သင့်သည်။ ပြည်သူတိုင်း သတိရှိရှိပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဆိုပါက သစ်တောများ၊ တောရိုင်းတိရစ္ဆာန်များ၊ ပတ်ဝန်းကျင်နှင့် မိမိတို့၏အသက်အိုးအိမ်စည်းစိမ်များကို ဤကြောက်မက်ဖွယ်ရာ သဘာဝဘေးအန္တရာယ်မှကာကွယ်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြည်သူလူထု၏ အသက်အိုးအိမ်ပစ္စည်းများ၊ နိုင်ငံတော်အတွင်းရှိ ကုန်ထုတ်အရင်းအနှီးများကို မီးဘေးအန္တရာယ်မှတားဆီးကာကွယ်ရေးနှင့်သဘာဝဘေးအန္တရာယ်အပါအဝင်အခြားသောဘေးအန္တရာယ်များကျရောက်သည့်အခါ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရန်ရည်ရွယ်၍ မီးသတ်ဦးစီးဌာနကို တည်ထောင်ခဲ့သည်။ သမိုင်းမှတ်တမ်းများအရ ပုဂံခေတ်အနော်ရထာမင်း (အေဒီ ၁၀၄၄-၁၀၇၇) လက်ထက်ကပင်မီးတပ်သား ၆၆၃ ဦး (သောသောည်ံ ပုဂံမီးဆော်မောင်း)ခန့်ထားပြီး ပုဂံနေပြည်တော်၏ မီးဘေးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ရှေးခေတ်မြန်မာမင်း အဆက်ဆက်လက်ထက်တွင်လည်း မီးဘေးကာကွယ်ရေးအမိန့်ပြန်တမ်းများ ထုတ်ပြန်ကာ နိုင်ငံတော်မီးဘေးကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ကြသည့် အထောက်အထားများရှိသည်။

မြန်မာနိုင်ငံတွင် မီးသတ်တပ်ဖွဲ့ကို သုံးမျိုးခွဲခြားထားသည်။

၁။ အစိုးရမီးသတ်တပ်ဖွဲ့ဝင်များ(သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ)

၂။ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များ

၃။ သီးသန့်ဖွဲ့စည်းထားသော မီးသတ်တပ်ဖွဲ့ဝင်များ (မီးဘေးစိုးရိမ်ရသော စက်ရုံ/အလုပ်ရုံများ၊ စီးပွားရေးလုပ်ငန်းများအတွက်ဖွဲ့စည်းထားသော ဝန်ထမ်းများ)တို့ဖြစ်သည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် မီးငြိမ်းသတ်ရေး၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ခေတ်မီယာဉ်ကြီးများ၊ ခေတ်မီနည်းပညာများဖြင့် မြန်မြန်သိ၊ မြန်မြန်သွား၊ မြန်မြန်ငြိမ်းသတ်လျက်ရှိသည်။ ပြည်သူများအနေဖြင့် မီးလောင်မှုနှင့်သဘာဝဘေးအန္တရာယ်များ ကြုံတွေ့လာပါက မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ Hot Line နံပါတ် ၁၉၁ သို့ အမြန်ဆုံးအကြောင်းကြားကြရန်နှင့် ပါဝင်ကူညီကြရန် နှိုးဆော်ထားသည်။

ရန်သူမျိုးငါးပါးတွင် မီးသည် အဆိုးရွားဆုံးနှင့် အကြောက်ရဆုံးသော ရန်သူဖြစ်သည်ဟုဆိုရပေမည်။ အကြောင်းမှာ အခြားသောရန်သူများသည် ကြိုတင်၍ ခုခံကာကွယ်ရန်အချိန်ရနိုင်သော်လည်း မီးမူကား ခဏချင်းအတွင်း ပျံ့နှံ့လောင်ကျွမ်းကာ လူ့အသက်၊ အိုးအိမ်၊ စည်းစိမ်ဥစ္စာအားလုံးကို ပြာပုံသဖွယ် ဖြစ်စေနိုင်သောကြောင့်ဖြစ်သည်။ သို့ဖြစ်ရာ မီးလောင်ခြင်းအား ကြိုတင်ကာကွယ်ခြင်းသည်မည်သူတစ်ဦးတစ်ယောက်၏တာဝန်သက်သက်မဟုတ်ဘဲ ပြည်သူတစ်ရပ်လုံး၏တူညီသော တာဝန်ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

စာမျက်နှာ ၁၄ သို့ ❐

❐ စာမျက်နှာ ၁၃ မှအဆက်

မီးဘေးအန္တရာယ်ကိုကြိုတင်ကာကွယ်ရန် ပြည်သူတစ်ဦးချင်းစီက မိမိနေထိုင်ရာနေအိမ်မှစတင်ကာ ဂရုပြုရမည်ဖြစ်သည်။ အိမ်တွင်းရှိ မီးစွဲလောင်လွယ်သောပစ္စည်းများကို စနစ်တကျသိမ်းဆည်းခြင်း၊ မီးသုံးပြီးတိုင်း မီးငြိမ်းသတ်မှုသေချာစေခြင်း၊ လျှပ်စစ်မီးကြိုးများ စနစ်တကျရှိစေခြင်း၊ မီးသတ်ဆေးဘူးများ အဆင်သင့်ထားရှိခြင်းတို့သည် အိမ်တွင်းကာကွယ်ရေး၏ အခြေခံအဆင့်များဖြစ်သည်။ ထို့နောက် မိမိနေထိုင်ရာလမ်းနှင့်ရပ်ကွက်အတွင်း၌လည်း မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရန်လိုအပ်သည်။ ရပ်ကွက်အတွင်း မီးသတ်ရေကန်များ၊ ရေပိုက်လိုင်းများရှိစေရေး၊ မီးသတ်ယာဉ်များ ဝင်ရောက်နိုင်မည့်လမ်းများ ဖောက်လုပ်ထားရေး၊ ရပ်ကွက်အတွင်း အရန်မီးသတ်တပ်ဖွဲ့များဖွဲ့စည်းထားရေး စသည်တို့မှာ အသိုင်းအဝိုင်းအဆင့် ကာကွယ်ရေး၏အရေးကြီးသော အစိတ်အပိုင်းများဖြစ်ကြသည်။

ရပ်ကွက်မှမြို့နယ်အဆင့်သို့ တိုးမြှင့်လာသည်နှင့် အမျှ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ မီးသတ်ဦးစီးဌာန၊ လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်မှုသည် အဓိကကျလာသည်။ မြို့နယ်အတွင်း မီးဘေးအန္တရာယ်ဖြစ်ပွားနိုင်ခြေမြင့်မားသောနေရာများကို ကြိုတင်သတ်မှတ်ခြင်း၊ ကြိုတင်ကာကွယ်ရေးစစ်ဆေးမှုများ ပြုလုပ်ခြင်း၊ မီးသတ်လေ့ကျင့်မှုများ ပုံမှန်ပြုလုပ်ခြင်း၊ ပြည်သူများအား အသိပညာပေးခြင်း စသည့်လုပ်ငန်းများကို စနစ်တကျဆောင်ရွက်ရန်လိုအပ်သည်။ ထိုသို့မြို့နယ်အဆင့် ကာကွယ်ရေးခိုင်မာလာမှသာ ပိုမိုကျယ်ပြန့်သော ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အထိ ထိရောက်စွာဆက်စပ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

ဤသို့သော အောက်ခြေအဆင့်မှအထက်သို့ စနစ်တကျချိတ်ဆက်ထားသော ကာကွယ်ရေးကွန်ရက်ကြီးသည် တစ်နိုင်ငံလုံးအတိုင်းအတာအထိ ယှက်သန်းမိမှသာလျှင် မီးဘေးအန္တရာယ်ကို ထိရောက်စွာကာကွယ်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်အဆင့်တွင် မီးဘေးကာကွယ်ရေးဆိုင်ရာဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းခြင်း၊ ခေတ်မီမီးသတ်ယာဉ်များ၊ ကိရိယာတန်ဆာပလာများ ဖြည့်ဆည်းပေးခြင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ပြည်သူများအတွက် ပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခြင်းတို့သည် နိုင်ငံတော်အဆင့် ကာကွယ်ရေး၏ မဏ္ဍိုင်များဖြစ်ကြသည်။

သို့သော် ဤအရာအားလုံး၏အခြေခံအုတ်မြစ်မှာ ပြည်သူတစ်ဦးချင်းစီ၏ အသိတရားနှင့်သတိတရားပင်ဖြစ်သည်။ မည်မျှပင် ခေတ်မီသောမီးသတ်ယာဉ်များ၊ မည်မျှပင် လေ့ကျင့်ထားသော မီးသတ်တပ်ဖွဲ့ဝင်များရှိစေကာမူ ပြည်သူတိုင်း၏သတိနှင့်ပူးပေါင်းပါဝင်မှုမရှိပါက မီးဘေးအန္တရာယ်ကို အပြီးတိုင်ကာကွယ်နိုင်မည်မဟုတ်ပေ။ အိမ်တိုင်း၊ လမ်းတိုင်း၊ ရပ်ကွက်တိုင်း၊ မြို့နယ်တိုင်းတွင် **“မီးဘေးကာကွယ်ရေးသည် ငါ၏တာဝန်”** ဟူသောစိတ်ဓာတ်ဖြင့် အသိတရား၊ သတိတရားမွေးမြူကာ အားလုံးပူးပေါင်းဆောင်ရွက်ကြမည်ဆိုပါက မီးဘေးအန္တရာယ်မှကင်းဝေးသော လူမှုအဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်သည်။

ထို့ကြောင့် ရန်သူမျိုးငါးပါးတွင် အဆိုးရွားဆုံးသောမီးလောင်ခြင်းအား ကြိုတင်ကာကွယ်ရန် မိမိနေအိမ်မှစ၍ လမ်း၊ ရပ်ကွက်၊ မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ်နှင့်တစ်နိုင်ငံလုံးအတိုင်းအတာအထိ ပြည်သူတစ်ဦးချင်းစီ၏အသိတရား၊ သတိတရားဖြင့်ပူးပေါင်းကာကွယ်ကြရန် အထူးတိုက်တွန်းရေးသားလိုက်ရပါသည်။ ။



# ပွင့်ဖြူမြို့နယ်၌ စားတော်ပဲကေအားလုံး ရိတ်သိမ်းပြီးစီး

ပွင့်ဖြူ ဧပြီ ၂၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် စားတော်ပဲကေ ၃၄၈၀ စိုက်ပျိုးနိုင်ခဲ့ပြီး စားတော်ပဲစိုက်ခင်းများကို ဖေဖော်ဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံးကို ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အထွက်နှုန်းအနေဖြင့် တစ်ကေလျှင် ၁၈ ဒသမ ၀၈ တင်းထွက်ရှိသည်။

ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် စားတော်ပဲသီးနှံစိုက်ပျိုးသည့်တောင်သူများကို သီးနှံအထွက်နှုန်းများ တိုးတက်စေရန် ဒေသနှင့်ကိုက်ညီသော မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ စိုက်ပျိုးရေစနစ်တကျသုံးစွဲရေး၊ မြေသြဇာနှင့် သွင်းအားစုများ မှန်မှန်ကန်ကန်သုံးစွဲတတ်စေရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ အချိန်မီသီးနှံရိတ်သိမ်းနည်းပညာများ စသည့်တောင်သူအသိပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့သည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိဒေသခံတောင်သူများသည် စိုက်ပျိုးရေးဦးစီးဌာန၏ကြီးကြပ်မှုဖြင့် နှစ်စဉ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဈေးကွက်ရှိသည့် စားတော်ပဲသီးနှံကို စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်ကြပြီး သီးနှံစိုက်ပျိုးရာ၌ အချို့တောင်သူများက စားတော်ပဲကို သီးသန့်စိုက်ပျိုးကြသကဲ့သို့ နှစ်သီးစားဝင်ငွေ ရရှိရေးအတွက်လည်း အခြားသီးနှံများနှင့်ရောနှော၍ သီးထပ်သီးညှပ်စိုက်ပျိုးကြသည်။

စားတော်ပဲသီးနှံကို နှစ်စဉ်တိုးချဲ့စိုက်ပျိုးကာ အထွက်နှုန်းများ တိုးတက်အောင် စိုက်ပျိုးထုတ်လုပ်နိုင်မည်ဆိုပါက နိုင်ငံတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပြည်ပသို့ပါ တင်ပို့ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စားတော်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၂၃-၄-၂၀၂၆(ကြာသပတေးနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၆:၃၀ | ခံစားနားဆင် မြန်မာသံစဉ် | ၄။ | ၁၇:၀၀ | အနုပညာခရီးလမ်း |
| ၂။ | ၁၀:၀၀ | Internet Pages | ၅။ | ၁၈:၂၀ | Thazin Request Song |
| ၃။ | ၁၄:၃၀ | Live For You | ၆။ | ၂၁:၂၀ | လွမ်းသဝဏ်လွှာ |

# ကျေးလက်ကုန်ထုတ်လမ်းနှင့်တံတားများဖောက်လုပ်ရန် တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်

ကွန်ဟိန်း ဧပြီ ၂၂

ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မြေပြင်အခြေအနေနှင့် ကိုက်ညီသော ခန့်မှန်းခြေစာရင်းများ ပြုစုနိုင်ရန်နှင့် လူထုအတွက် အမှန်တကယ်အကျိုးပြုသောလုပ်ငန်းများ ဖြစ်စေရန် ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်းနှင့် တံတားများဖောက်လုပ်ရန် ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများကိုဧပြီလ ၂၂ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက မြို့မကျေးရွာအုပ်စု ဝမ်ဟိန်းကျေးရွာ၌ ဆောင်ရွက်သည်။



ထိုသို့ တိုင်းတာရာတွင် ကွန်ဟိန်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ဝမ်ဟိန်းကျေးရွာ၌ အရှည် ၁မိုင်ရှိသည့် ဝမ်ဟိန်း-ပန်မွံ့ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် ကုန်ထုတ်တံတားများတည်ဆောက်နိုင်ရေး မြေပြင်အခြေအနေများနှင့် တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းနှင့် တံတားဖောက်လုပ်ခြင်းလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၃၅ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကုန်ထုတ်လမ်းရာနှုန်းပြည့် ဖောက်လုပ်ပြီးစီးပါက အဆိုပါကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ၏ ထုတ်ကုန်/ထွက်ကုန်များ ကုန်ကျစရိတ်သက်သာစွာ ဈေးကွက်အတွင်းသို့ လျင်မြန်စွာ ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။ **ချိုသန်းညွန့်(ကျေးလက်)**

# မနုဖြူမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိ

မနုဖြူ ဧပြီ ၂၂

ဧရာဝတီတိုင်းဒေသကြီး မနုဖြူမြို့နယ် အမှတ်(၃)ရပ်ကွက် အနောက်ပိုင်း ဆွမ်းလောင်းဓမ္မာရုံ၌ ဧပြီလ ၂၂ ရက် နံနက်ပိုင်းတွင် အစိုးရသစ်၏ ရက်(၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ နိုင်ငံသားစိစစ်ရေးကတ်ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးအရာရှိဦးဝင်းထူး၏ ကြီးကြပ်မှုဖြင့် လက်ထောက်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်ကွက်/ကျေးရွာစာရေးများက မြေပြင်အရောက်ကွင်းဆင်း၍ အသက်(၁၀)နှစ်ပြည့်၊ (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားအသစ်ပြုလုပ်လိုသည့် ကျောင်းသား၊ ကျောင်းသူများအား လိုအပ်သည့် အချက်အလက်၊ အထောက်အထားများ ဖြည့်စွက်ကာ စိစစ်ထုတ်ပေးပြီး ဇီဝဆိုင်ရာအချက်အလက် ကောက်ယူခြင်းလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်နေမှုများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မိုးလွင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးအရာရှိနှင့်တာဝန်ရှိသူများက ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ မကွေးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေး



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားစဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး ဒေါ်နီလာ အမျိုးသမီးနှင့်ကလေးကုသဆောင်တွင် ဆေးကုသမှုခံယူနေသူတစ်ဦး၏ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများပေးအပ်စဉ်။

**နေပြည်တော် ဧပြီ ၂၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား သွားရောက်ကြည့်ရှုအားပေးစကားပြောကြားသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော်ဆေးရုံသို့ရောက်ရှိကြရာ ဆေးရုံတပ်မှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် နယ်မြေခံတပ်မတော်ဆေးရုံတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လိုက်လံကြည့်ရှုပြီး တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှုအခြေအနေများ၊ ဆေးဝါးကုသမှုပေးထားသည့် အခြေအနေများနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်သည်။

အလားတူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးနှင့် အဖွဲ့ဝင်များသည် အမျိုးသမီးနှင့်ကလေးကုသဆောင်များသို့ သွားရောက်၍ ဆေးရုံတက်ရောက်ကုသလျက်ရှိသည့်လူနာများအား လိုက်လံကြည့်ရှုအားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းများနှင့် ဆေးရုံအတွက် အလှူငွေများပေးအပ်ခဲ့သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည်ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

---

## လွိုင်လင်မြို့၌ ယဉ်ကျေးလိမ္မာသင်တန်းနှင့် ကွန်ပျူတာအခြေခံသင်တန်းဖွင့်ပွဲကျင်းပ

**လွိုင်လင် ဧပြီ ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လွိုင်လင်မြို့၌ ပြည်ထဲရေးဝန်ကြီးဌာန လွိုင်လင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် ယဉ်ကျေးလိမ္မာသင်တန်းနှင့် ကွန်ပျူတာအခြေခံသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက လွိုင်လင်မြို့ သာသနာ့ဗိမာန်ဓမ္မာရုံ၌ကျင်းပသည်။

ယဉ်ကျေးလိမ္မာသင်တန်းနှင့်ကွန်ပျူတာအခြေခံသင်တန်းဖွင့်ပွဲ၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန လွိုင်လင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကြည်မြင့်က နွေရာသီကျောင်းပိတ်ရက်အတွင်း ကျောင်းသားလူငယ်များ အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန်၊ ယဉ်ကျေးလိမ္မာပြီး ထူးချွန်ထက်မြက်သည့် သားကောင်းသမီးမွန်များဖြစ်ပေါ်လာစေရန်၊ ထို့အတူ နည်းပညာခေတ်နှင့်အညီ ကွန်ပျူတာပညာရပ်များကို အခြေခံကျကျသင်ကြားပေးပြီး နောင်တစ်ချိန် ကျွမ်းကျင်ပညာရှင်များ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ယခုသင်တန်းများကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်းပြောကြားသည်။

အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းသို့ ကျောင်းသား၊ ကျောင်းသူ ၁၂၀ ဦးတက်ရောက်ပြီး သင်တန်းကို ဧပြီလ ၂၁ ရက်မှစ၍ ၃၀ ရက်အထိလည်းကောင်း၊ ကွန်ပျူတာအခြေခံသင်တန်းသို့ ကျောင်းသား၊ ကျောင်းသူ ၃၀ ဦး တက်ရောက်ပြီး သင်တန်းကို ဧပြီလ ၂၁ ရက်မှမေလ ၁၅ ရက်အထိလည်းကောင်း သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၄၁၄)

---

## အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများအတွက် ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာသင်တန်းနှင့် မြန်မာ့သိုင်းသင်တန်းများ ဖွင့်လှစ်

**နေပြည်တော် ဧပြီ ၂၂**

အနောက်တောင်တိုင်းစစ်ဌာနချုပ်ရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်ကာလများတွင် အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်ရေးနှင့် ဗလငါးတန်ပြည့်ဝစေရေးတို့အတွက် ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စာသင်တန်းနှင့်မြန်မာ့သိုင်းသင်တန်းများဖွင့်ပွဲကို ယနေ့နေ့လယ်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် ရေဝတီခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။ ထို့နောက်သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ခိုင် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

အဆိုပါ အင်္ဂလိပ်စာသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၂၆ ဦးဖြင့်လည်းကောင်း၊ ကွန်ပျူတာသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၃၁ ဦးဖြင့်လည်းကောင်း၊ မြန်မာ့သိုင်းသင်တန်းကို သင်တန်းသား၊ သင်တန်းသူ ၄၅ ဦးဖြင့်လည်းကောင်း မေလ ၁၅ ရက်နေ့အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မကွေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

## ပြည်သူနှင့်တပ်မတော်ဆိုသည်မှာ ခွဲခြား၍မရဘဲ ပြည်သူနှင့်တပ်မတော်သည် ချစ်ချစ်ခင်ခင်နှင့် စည်းစည်းလုံးလုံးရှိနေစေရန်လုပ်ဆောင်ရမည်ဖြစ်






တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မကွေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် ဧပြီ ၂၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးသည် ယနေ့နံနက်ပိုင်းတွင် မကွေးတပ်နယ်ရှိအရာရှိ၊ စစ်သည်၊ မိသားစုများအား နယ်မြေခံတပ် သီဟသူရကျင်စံခန်းမ၌သွားရောက်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး ထွန်းဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်ပြီး ၎င်းတာဝန်များထမ်းဆောင်နိုင်ရန်အတွက် အမှန်တကယ်စွမ်းရည်ရှိသော တပ်မတော်ဖြစ်စေရေးအတွက် တပ်မတော်သားတိုင်း ကိုယ်စီအရည်အချင်းရှိအောင် တည်ဆောက်ရန်လိုကြောင်း၊ နိုင်ငံတော်ကို လုံခြုံစွာကာကွယ်နိုင်ရန်အတွက် စစ်ရေးစွမ်းရည်ထက်မြက်ရမည်ဖြစ်ပြီး ထိုသို့တပ်မတော်စွမ်းရည်မြင့်မားရန် လူသားစွမ်းရည်မြင့်မားရေးသည် အလွန်အရေးကြီးကြောင်း၊ စွမ်းရည်ဆိုသည့်နေရာတွင် စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်များ မြင့်မားနေရန်လိုအပ်ကြောင်း။

> ❖ **နိုင်ငံတော်ကို လုံခြုံစွာကာကွယ်နိုင်ရန်အတွက် စစ်ရေးစွမ်းရည် ထက်မြက်ရမည်ဖြစ်ပြီး ထိုသို့တပ်မတော်စွမ်းရည်မြင့်မားရန် လူသားစွမ်းရည်မြင့်မားရေးသည် အလွန်အရေးကြီး၊ စွမ်းရည်ဆိုသည့်နေရာတွင် စစ်ရေးစွမ်းရည်၊ စည်းရုံးရေးစွမ်းရည်၊ အုပ်ချုပ်ရေးစွမ်းရည်များ မြင့်မားနေရန်လို . . .**
>
> ❖ **စည်းကမ်းသည် စည်းရုံးရေး၏ အခြေခံအချက်ပင်ဖြစ်ပြီး စည်းကမ်းကောင်းမွန်မှု မရှိပါက စည်းရုံးရေးပျက်ပြားနိုင်သဖြင့် စည်းကမ်းကောင်းမှ စည်းရုံးရေးကောင်းမွန်မည်ဖြစ် . . .**
>
> ❖ **သက်သာချောင်ချိရေးဆိုသည်မှာ ထောက်ပံ့ပေးသည့် ငွေကြေး(သို့မဟုတ်)ပစ္စည်း၊ အစားအသောက် ဆောင်ရွက်ပေးရုံသာမက ၎င်းတို့၏ နေရေးထိုင်ရေး၊ သွားရေးလာရေး၊ ပညာရေး၊ ကျန်းမာရေးစသည်များ အဆင်ပြေစေရေးဆောင်ရွက်ပေးရန်လိုအပ် . . .**

တပ်မတော်အနေဖြင့် စွမ်းရည်သုံးရပ်နှင့်ပြည့်စုံသည့် တပ်မတော်ဖြစ်ရန် မလွဲမသွေလိုအပ်ပြီး လုပ်ဆောင်ရမည့်လုပ်ငန်းတာဝန်များကို မမေ့ရန်လိုကြောင်း၊ စစ်ရေးစွမ်းရည်ဆိုသည်မှာ တိုက်စွမ်းရည်၊ တိုက်စွမ်းအားပင်ဖြစ်ကြောင်း၊ စွမ်းရည်ရှိရန် ကျန်းမာကြံ့ခိုင်မှု၊ ကျွမ်းကျင်မှုများနှင့် ရဲစွမ်းသတ္တိများရှိအောင် လေ့ကျင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တိုက်စွမ်းရည်ရှိသည့် တပ်မတော်ဖြစ်ရေးသည် လူနှင့်သက်ဆိုင်ပြီး စွမ်းရည်မြင့်မားစေရန်အတွက် လေ့ကျင့်ရေးသည် အဓိကပင်ဖြစ်ကြောင်း။

စစ်ပညာ၏ အခြေခံသည်စစ်ရေးပြပင်ဖြစ်ပြီး အမိန့်နာခံတတ်မှုနှင့် စစ်စည်းကမ်းကောင်းမွန်စေမှုအတွက် ရည်ရွယ်လေ့ကျင့်ပေးခြင်းဖြစ်၍ စစ်ကျောင်းကြီးများအနေဖြင့် စနစ်တကျ လေ့ကျင့်ပေးသွားရန်လိုကြောင်း၊ အမိန့်နာခံတတ်မှုတွင် တစ်ဦးချင်းနှင့်အဖွဲ့လိုက်ဟူ၍ရှိပြီး မိမိတို့တပ်မတော်အနေဖြင့် အဖွဲ့စနစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သောကြောင့် တစ်ဦးချင်းစွမ်းရည်များစုပေါင်းပြီး အဖွဲ့အစည်း၏ စွမ်းရည်များရရှိအောင် တည်ဆောက်ခြင်းဖြစ်ကြောင်း။

တပ်မတော်တွင် အုပ်ချုပ်ရေးစွမ်းရည်သည် အလွန်အရေးကြီးသည့် အခန်းကဏ္ဍတွင်ရှိပြီးအုပ်ချုပ်မှုမကောင်းလျှင် စစ်ရေးစွမ်းရည်နှင့်စည်းရုံးရေး စွမ်းရည်ပါ မကောင်းနိုင်သဖြင့် စွမ်းရည်သုံးရပ်တွင် အုပ်ချုပ်မှုစွမ်းရည်သည် အလွန်အရေးကြီးကြောင်း၊ အုပ်ချုပ်ရေးစွမ်းရည်တွင် စားရေး၊ နေရေး၊ သွားလာနေထိုင်ရေး၊ စစ်စည်းကမ်း ထိန်းသိမ်းရေးအပါအဝင် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားဆောင်ရွက်သွားရန်လိုအပ်ပြီး တာဝန်ရှိသူများအနေဖြင့်လည်း ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ အုပ်ချုပ်မှုပိုင်းဆိုင်ရာ အားနည်းချက်များကြောင့် တပ်တွင်းစည်းလုံးညီညွတ်မှု အားနည်းချက်ကို ဖြစ်ပေါ်နိုင်ကြောင်း။

အုပ်ချုပ်ရေးပိုင်းတွင် တပ်မှူးကောင်းစိတ်ဓာတ်၊ ဖခင်သဖွယ်စိတ်ဓာတ်ဖြင့် ကိုယ်ချင်းစာတရားများ ရှိနေရန်လိုပြီး အုပ်ချုပ်မှုညီညွတ်မျှတမှုရှိရန်လိုကြောင်း၊ အုပ်ချုပ်မှုအားနည်းလျှင် စည်းလုံးညီညွတ်မှုကို အားနည်းစေမည်ဖြစ်ကြောင်း၊ အုပ်ချုပ်မှုကောင်းရန် စည်းကမ်းကောင်းမွန်မှုသည် အရေးကြီးကြောင်း၊ စည်းကမ်းဆိုသည်မှာ တိုက်တွန်းချက်နှင့် တားမြစ်ချက်ပင်ဖြစ်ကြောင်း၊ ခေါင်းဆောင်ကောင်းသည် တာဝန်ခံမှု၊ တာဝန်ယူမှု စိတ်ဓာတ်ရှိရမည်ဖြစ်ပြီး ခွင့်လွှတ်သင့်သည်ကို ခွင့်လွှတ်ပေးရမည်ဖြစ်ကာ ခွင့်လွှတ်ပေး၍မရသည့် ကိစ္စရပ်များကိုလည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မိမိတို့တပ်မတော်အနေဖြင့် ချမှတ်ထားသော စည်းကမ်းဘောင်အတွင်းမှ သွေဖည်ပြီး လုပ်ဆောင်၍မရသဖြင့် စည်းကမ်းကို ချိုးဖောက်ခြင်းသည် ပြစ်မှုကျူးလွန်ခြင်းပင်ဖြစ်ကြောင်း၊ စည်းကမ်းရှိသည့်၊ စည်းကမ်းကောင်းသည့် တပ်မတော်ဖြစ်အောင် အမြဲတမ်းစောင့်ထိန်းလိုက်နာနိုင်ရန်လိုအပ်သော်လည်း အစွန်းရောက်သော တင်းကျပ်မှုမဖြစ်ရန် သတိပြုရမည်ဖြစ်ကြောင်း။

စည်းကမ်းသည်စည်းရုံးရေး၏ အခြေခံအချက်ပင်ဖြစ်ပြီး စည်းကမ်းကောင်းမွန်မှု မရှိပါက စည်းရုံးရေးပျက်ပြားနိုင်သဖြင့် စည်းကမ်းကောင်းမှ စည်းရုံးရေးကောင်းမွန်မည်ဖြစ်ကြောင်း၊ စည်းကမ်းများနှင့်အညီ နေထိုင်လုပ်ကိုင်ရန်လိုအပ်ပြီး ဝတ်စားဆင်ယင်မှုစည်းကမ်း၊ သွားလာမှုစည်းကမ်း၊ နေထိုင်မှုစည်းကမ်း၊ လုပ်ကိုင်မှုစည်းကမ်း စသည်တို့ကို ပီပီပြင်ပြင်လုပ်ဆောင်သွားပါက ၎င်းတပ်သည် တပ်ကောင်းတစ်ခု ဖြစ်မည်ဖြစ်ကြောင်း။

သက်သာချောင်ချိရေးနှင့်ပတ်သက်၍ တပ်များအပေါ်တွင် စေတနာထား၍



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများပေးအပ်စဉ်။



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး ဒေါ်နီလာ တပ်နယ်ရှိ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများပေးအပ်စဉ်။





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး နယ်မြေခံလေတပ်စခန်းဌာနချုပ်အတွင်း မီတာ(၄၀၀) ရော်ဘာပြေးလမ်းပါ ဘောလုံးကွင်းနှင့် (၁၅၅၆)ဦးဆံ့ ပွဲကြည့်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းခွင်သို့သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

လုပ်ဆောင်ရန်လိုအပ်ပြီး သက်သာချောင်ချိရေးဆိုသည်မှာ စားရေး၊ သောက်ရေးသာမက နေရေး၊ ထိုင်ရေး၊ သွားရေး၊ လာရေး စသည်ဖြင့် အားလုံးခြုံငုံ၍ အဆင်ပြေရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သက်သာချောင်ချိရေးဆိုသည်မှာ ထောက်ပံ့ပေးသည့် ငွေကြေး(သို့မဟုတ်)ပစ္စည်း၊ အစားအသောက် ဆောင်ရွက်ပေးရုံသာမက ၎င်းတို့၏ နေရေးထိုင်ရေး၊ သွားရေးလာရေး၊ ပညာရေး၊ ကျန်းမာရေးစသည်များအဆင်ပြေစေရေး ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ သက်သာချောင်ချိရေးကောင်းမွန်မှုသည် အုပ်ချုပ်ရေးနှင့် စိတ်ဓာတ်အပေါ်များစွာ အထောက်အကူပြုပါကြောင်း။

တစ်ပိုင်တစ်နိုင်စိုက်ပျိုး/ မွေးမြူရေး လုပ်စေခြင်းသည် မိသားစု၏ ပြင်ပမှဝယ်ယူစားသုံးမှုအတွက် ငွေကြေးကုန်ကျမှု လျှော့ချနိုင်ရန်ဖြစ်ကြောင်း၊ တပ်ပိုင်စိုက်ပျိုး/ မွေးမြူရေးသည် တပ်ရန်ပုံငွေတိုးပွားအောင် ဆောင်ရွက်ခြင်းမဟုတ်ဘဲ တပ်မိသားစုဝင်များ၏ သက်သာချောင်ချိရေးအတွက် ဖြစ်ပြီး ပိုလျှံသောထွက်ကုန်ပစ္စည်းများအား ဒေသတွင်းရှိ ဝန်ထမ်းများအတွက် သက်သာသောဈေးနှုန်းဖြင့် ရောင်းချနိုင်ရေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းများကိုမည်သည့်အတွက်ကြောင့်လုပ်ဆောင်သည်ကိုနားလည်စေရန်အတွက် ရှင်းပြပေးရန်လိုအပ်ပြီး တပ်ပိုင်စိုက်ပျိုး/မွေးမြူရေးလုပ်ငန်းနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုး/မွေးမြူရေး လုပ်ငန်းများလုပ်ဆောင်ကြရန်လိုကြောင်း။

တပ်မှူးအားလုံးသည် မိမိတို့တပ်ဖွဲ့အတွင်း မှီခိုနေထိုင်ကြသည့် တပ်မတော်သားများ၏ မိသားစုဝင်များ ကျောင်းပညာမြင့်မားရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အားပေးကြရန် ပြောကြားလိုကြောင်း၊ တပ်မတော်သားများ၏ အရည်အသွေးသာမက သားသမီးများ၏ ပညာရေးကိုလည်း မြှင့်တင်ပေးနိုင်ရန် တစ်နှစ် နှစ်ကြိမ် ထောက်ပံ့ရန် ညွှန်ကြားထားကြောင်း၊ ထို့ကြောင့် တပ်မတော်သားများ၏ သား/ သမီးအားလုံးကို KG+9 အဆင့်အထိ အနည်းဆုံးတတ်မြောက်အောင် ဝိုင်းဝန်းကြိုးစားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

စိတ်ဓာတ်ဖြင့်တည်ဆောက်ခြင်းအပိုင်းတွင် ရပိုင်ခွင့်များ အချိန်နှင့်တစ်ပြေးညီ ပြည့်ပြည့်ဝဝရရှိအောင် ဆောင်ရွက်ပေးခြင်းတို့ပင်ဖြစ်ပြီး လေ့ကျင့်ရေး၊ အုပ်ချုပ်ရေးနှင့် သက်သာချောင်ချိရေးတို့သည်လည်း စိတ်ဓာတ်နှင့် တည်ဆောက်မှုအပိုင်းကို တိုက်ရိုက်သက်ရောက်မှုရှိကြောင်း၊ စစ်သည်များ၏စိတ်ဓာတ်မြင့်မားရေး လုပ်ဆောင်ပေးရမည်ဖြစ်ရာ တပ်မှူးများအနေဖြင့် လက်အောက်နှင့် အနီးကပ်တွေ့ဆုံပြီး လက်ပွန်းတတီးနေထိုင်ရန်လိုအပ်ကြောင်း။

ပြည်သူနှင့်တပ်မတော်ဆိုသည်မှာ ခွဲခြား၍မရဘဲ ပြည်သူနှင့်တပ်မတော်သည် ချစ်ချစ်ခင်ခင်နှင့် စည်းစည်းလုံးလုံးရှိနေစေရန် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးအတွက် (၂၄)နာရီတာဝန်ရှိပြီး ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ တပ်မတော်သည် ပြည်သူများက ပေါက်ဖွားလာခြင်းဖြစ်သည့်အတွက် ပြည်သူ့အကျိုးကို ဖော်ဆောင်ပေးရန် တာဝန်ရှိသည်ကို မိမိတို့အမြဲတမ်းခံယူထားရမည်ဖြစ်ပြီး နဂိုကတည်းကပင် ရှိပြီးသားဖြစ်ရမည့်စိတ်ဓာတ်ဖြစ်ကြောင်း။

မိမိတို့လုပ်ဆောင်ရသောအလုပ်ကို သိရှိအောင်လုပ်ပြီး ၎င်းအလုပ်ကို ကောင်းမွန်အောင် မည်သို့လုပ်ဆောင်မည်၊ တိုးတက်အောင်မည်သို့လုပ်ဆောင်မည်၊ အင်အားတိုးတက်အောင် မည်သို့လုပ်ဆောင်မည်ဟူသော စိတ်ဓာတ်ကိုမွေးမြူပြီး ဂရုတစိုက်လုပ်ဆောင်သွားမည်ဆိုပါက မိမိတို့တပ်မတော်၏ အရည်အသွေးတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကိုပေးအပ်ရာ တပ်နယ်မှူးကလည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ်ရှိမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တပ်နယ်မှူး၏ဇနီးကလည်းကောင်း အသီးသီးလက်ခံရယူကြသည်။


တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

ထို့ပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် မကွေးမြို့ရှိ နယ်မြေခံတပ်ရင်းအတွင်းလက်ရှိအခြေခံပညာမူလတန်းကျောင်းအား အခြေခံပညာ အလယ်တန်းကျောင်းအဆင့်တိုးချဲ့ဆောက်လုပ်မည့်နေရာအားလည်းကောင်း၊ နယ်မြေခံလေတပ်စခန်းဌာနချုပ်အတွင်း မီတာ(၄၀၀) ရော်ဘာပြေးလမ်းပါ ဘောလုံးကွင်းနှင့် (၁၅၅၆)ဦးဆံ့ ပွဲကြည့်ဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းခွင်သို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# President of the Republic of the Union of Myanmar U Min Aung Hlaing receives delegation led by Deputy Prime Minister and Minister of Foreign Affairs of Thailand



President of the Republic of the Union of Myanmar U Min Aung Hlaing receives a delegation led by H.E. Mr. Sihasak Phuangketkaew, Deputy Prime Minister and Minister of Foreign Affairs of Thailand.

NAY PYI TAW April 22

A delegation led by H.E. Mr. Sihasak Phuangketkaew, Deputy Prime Minister and Minister of Foreign Affairs of Thailand, paid a courtesy call on President of the Republic of the Union of Myanmar U Min Aung Hlaing at the Presidential Palace Reception Hall in Nay Pyi Taw this morning.

Also present at the call together with the President were Union Minister at the President's Office U Khin Maung Yi, Union Minister for Foreign Affairs U Tin Maung Swe, Union Minister for National Planning, Investment and Foreign Economic Relations U Aung Kyaw Hoe, and Union Minister for Electricity and Energy U Ko Ko Lwin. The Thai foreign affairs minister was accompanied by advisors to the Minister of Foreign Affairs H.E. Mr. Kallayana Vipattipumiprates and Gen. Nothapol Boonngam and members and officials of the Embassy of Thailand in Myanmar.

During the call, cordial talks centered on the long-standing and excellent diplomatic relations between Myanmar and Thailand as good neighbours. Discussions covered the further improvement of friendship and cooperation, as well as joint operations to ensure peace and stability in border areas. Other topics included the launch of counter-narcotics, anti-online scam, and gambling operations, as well as efforts to alleviate transboundary haze pollution. Both sides also discussed reopening trade routes to promote border trade, the successful holding of Myanmar's multi-party democracy general election, and the emergence of a people-elected government to steer the nation toward democracy. Furthermore, the talks emphasized the government's invitation to achieve peace through dialogue and Myanmar's best efforts to cooperate on humanitarian affairs and internal peace within the framework of the ASEAN Five-Point Consensus. Thailand reaffirmed its commitment to assist Myanmar's peace process and enhance cooperation across multiple sectors, including agriculture, livestock, investment, electricity, energy, and production.

The President and the Deputy Prime Minister and Minister of Foreign Affairs of Thailand exchanged commemorative gifts and posed for documentary photos together with the attendees.100

# Vice President U Nyo Saw receives delegation led by H.E. Mr. Sihasak Phuangketkaew, Deputy Prime Minister and Minister of Foreign Affairs of Thailand

NAY PYI TAW April 22

Vice President of the Republic of the Union of Myanmar U Nyo Saw received a delegation led by H.E. Mr. Sihasak Phuangketkaew, Deputy Prime Minister and Minister of Foreign Affairs of Thailand, at the Reception Hall of the Presidential Palace in Nay Pyi Taw this morning.

At the call, they cordially discussed further strengthening of the existing diplomatic relations and friendship between the two countries, further promotion of the economy and border trade and cooperation in multi sectors including political and energy fields, increase in investments, banking cooperation between the two countries, promotion of cooperation in ensuring peace and stability at the border areas, combating illicit border trade and online-scam and gambling.

Also present at the call were Union Minister U Tun Ohn, Governor of Central Bank of Myanmar Dr Khin Naing Oo, deputy ministers, and officials. The Thai FM was accompanied by his advisers and officials.

100



Vice President U Nyo Saw shakes hands with H.E. Mr. Sihasak Phuangketkaew, Deputy Prime Minister and Minister of Foreign Affairs of Thailand.

►► From Page - 21

overall capability.

The foundation of military tactics is drill training, which is conducted with the aim of developing obedience to orders and good discipline. Therefore, major military training depots are required to carry out systematic training. In terms of obedience to orders, it exists at both the individual and group levels. Since the Tatmadaw operates on a team system, individual capabilities must be combined to build and achieve the overall capability of the organization.

In the Tatmadaw, administrative capability plays a very important role. If administration is poor, military capability and organizational capability will also be adversely affected; therefore, among the three types of capabilities, administrative capability is of great importance. Administrative capability requires broad and comprehensive planning and implementation, including matters such as food, accommodation, movement and living arrangements, and the enforcement of military discipline. Those responsible are also required to properly manage and maintain these areas. Weaknesses in administration can lead to a lack of unity within the units.

In administration, it is necessary to possess a commander's good spirit and a fatherly mindset with empathy, and to ensure fairness and balance in management. If administration is weak, it will undermine unity and cohesion. For good administration, discipline is essential. Discipline refers to both encouragement and prohibition. A good leader must have a sense of responsibility and accountability. Matters that should be forgiven must be forgiven, while issues that cannot be excused must be addressed in accordance with the law. Since the Tatmadaw cannot operate outside the established disciplinary framework, violating discipline is itself an offense. It is necessary to consistently uphold discipline in order to build a disciplined and well-ordered military; however, care must also be taken to avoid extreme rigidity.

He stated that discipline is the fundamental basis of organizational strength, and if discipline is poor, the organization may collapse; therefore, good discipline leads to a strong organization. He noted the necessity of living and working in accordance with rules and regulations. He added that if rules regarding attire, movement, lifestyle, and work performance are effectively implemented, that unit will become a good and reliable one.

Regarding welfare, he stated that it is necessary to act with goodwill toward the units, and welfare encompasses not only food and drink but also accommodation and general well-being. He noted that welfare involves more than just providing funds, goods, or food; it also requires ensuring that accommodation, transportation, education, and healthcare are satisfactory. He added that good welfare significantly supports administration and morale.

He also stated that encouraging small-scale family farming and livestock breeding is intended to reduce household expenditures on outside food purchases. He noted that unit-run agriculture and livestock breeding are not meant to increase unit funds but are for the welfare of unit families, with the goal of selling surplus produce to local staff at affordable prices. He emphasized the need to explain the reasons for undertaking these activities and urged everyone to engage in both unit-run and small-scale family farming and livestock breeding.

All commanders are to be informed that they must encourage, in one way or another, the educational advancement of the family members of military personnel residing within their units. It has been directed that support be provided twice a year not only to improve the quality of the soldiers but also to enhance the education of their children. Therefore, concerted efforts must be made to ensure that all children of military personnel achieve at least a KG+9 education level.

In terms of morale building, it involves ensuring that rights are fully and timely granted. Training, administration, and welfare also directly impact morale building. To maintain high morale among soldiers, commanders need to engage closely with their subordinates and live in harmony with them.

The people and the Tatmadaw are inseparable, and efforts must be made to ensure a loving and united relationship between them. In our country, the Tatmadaw has a 24-hour responsibility for national defence and must work for the public good. Since the Tatmadaw originates from the people, it has a duty to serve the people's interests—this is a fundamental mindset that must always be upheld.

If we carry out our work with knowledge, striving to do it well, improve it, and increase our capabilities with careful dedication, the quality of our military will improve. After stating this, the Commander-in-Chief of Defence Services inquired about the needs of officers, other ranks, and their families, and coordinated with responsible personnel to fulfill those needs as necessary.

Subsequently, the Commander-in-Chief of Defence Services donated food supplies for the officers, other ranks, and families in the station, which was received by the commander of the station. Meanwhile, the wife of the Commander-in-Chief of Defence Services donated funds to the Maternal and Child Welfare Association in the station, which was received by the wife of the station commander.

After the meeting, the Commander-in-Chief of Defence Services, along with his wife and delegation, warmly and cordially greeted the attending officers, other ranks, and their families.

Furthermore, the Commander-in-Chief of Defence Services and his entourage inspected the site where a primary school within the local military battalion in Magway Town will be expanded to a middle school level, as well as the construction site of a football field with a 400-meter rubber track and a grandstand with a capacity of 1,556 people at the local airbase headquarters. They provided necessary guidance based on reports from responsible personnel. **100**

# Farmers grow maize in Taze Township exceeding the target

TAZE April 22

According to YeU District Agriculture Department, local farmers exceeded the target cultivation of maize in Taze Township of Sagaing Region this year.

During the 2025-2026 winter cropping season, Taze Township has planned to cultivate a total of 1,849 acres of maize, comprising 320 acres of maize and 1,529 acres of sweet corn. Cultivation began in October 2025, and as of now, 314 acres of maize and 3,127 acres of sweet corn have been planted, bringing the total cultivated area to 3,441 acres.

"In the winter cropping season in Taze Township, a total of 1,849 acres of maize and sweet corn were planned for cultivation, but 3,441 acres have already been planted. At present, maize cultivation has exceeded the planned acreage. To ensure successful crop development, we are providing farmers with technical guidance and conducting awareness-raising activities to prevent pest and disease outbreaks," said U Zaw Myint Tun, District Head of the Department of Agriculture in YeU District.

In Taze Township, the Township Department of Agriculture is providing support to farmers cultivating maize and sweet corn by offering training courses, conducting field demonstrations, implementing preventive measures against fall armyworm, and promoting integrated crop protection practices. These include the use of neem-based pesticides as well as ginger- and chili-based pest control methods, along with broader agricultural awareness activities, it is reported.

In terms of production, maize yields exceed 50 baskets per acre in Taze Township, with cultivation costs estimated at around Ks-500,000 per acre. Sweet corn yields average about 15,000 cobs per acre, with cultivation costs exceeding Ks-500,000 per acre, according to available information.

**SK**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Putin: Russia provides full assistance to Africa to ensure biological security



MOSCOW April 22

Russian President Vladimir Putin stated in his greeting to participants and guests of the second Russian-African international conference on combating infectious diseases that Russian agencies are providing full assistance to their African counterparts in biological security.

"Russian specialized agencies are providing comprehensive support to African counterparts in ensuring biological security. A network of mobile anti-epidemic laboratories is being established on the continent, which already includes 20 modern scientific and technological complexes provided by the Russian side," Putin said in the message.

Putin noted that recent ties between Russia and African countries in the fight against dangerous infections have been developing very dynamically.

The Russian leader emphasized that hundreds of African students and specialists are currently undergoing training at Russian universities and research centers, and that in 2025, the first joint Russian-African drills of rapid response teams for sanitary and epidemiological emergencies took place in Ethiopia.

He expressed confidence that the conference participants will hold substantive discussions, exchange experiences, and be able to outline new forms and areas of cooperation to protect the health of the people of the African continent. **Sputnik**

# Russia energy forum highlights aging grid, rising investment pressure

ST. PETERSBURG April 22

Russia's aging thermal power infrastructure requires urgent investment to maintain energy security, industry experts warned at the opening of the Russian International Energy Forum 2026 on Wednesday.

In a written message, St. Petersburg Governor Alexander Beglov said that the forum, taking place from April 22 to 24, provides an authoritative platform for dialogue on key issues in the fuel and energy sector.

Much of Russia's generation capacity, primarily thermal and forming the backbone of the national energy mix, is outdated, said Alexey Ilchuk, director of the TEP Analytical Center under the Energy Ministry.

Power shortages have also increased in recent years. From 2020 to 2024, shortages in the Russian wholesale electricity market rose by 79 percent, with volumes in the Far East and Siberia more than doubling, he said.

Modernizing the sector will require significant investment and is expected to push up costs. Electricity prices in the capacity market could rise by about 29 percent by 2031, while total investment tied to approved generation projects is estimated at 2.2 trillion rubles (about 29.3 billion U.S. dollars), Ilchuk said.

Anton Danilov, director of Energy Market Development and Energy Trading at the Siberian Generating Company, said the average age of conventional generation has reached 37 years, exceeding levels in Europe and China.

To renew capacity, Russia needs to add 4.5 to 6 gigawatts annually, though investment momentum has slowed in recent years, he noted.

Participants outlined measures to balance infrastructure upgrades with consumer affordability, including accelerated financing mechanisms, regional tariff adjustments for energy-intensive industries, and expanded demand management programs.

**Xinhua**

# Philippines raises El Nino alert as dry conditions loom

MANILA April 22

The Philippines on Wednesday raised an El Nino alert, warning of possible dry spells and droughts across parts of the country from the coming months through early 2027, according to local authorities.

The Philippine Atmospheric, Geophysical and Astronomical Services Administration (PAGASA) suggested a 79 percent chance of El Nino emerging from June to August.

However, the PAGASA noted that above-normal rainfall may still occur over western sections of the country during the southwest monsoon season.

Under PAGASA's alert system, an El Nino alert is issued when there is at least a 70 percent chance of the phenomenon forming within the next two to three months. **Xinhua**

# Britain, France hold multinational military planning conference in London on Strait of Hormuz

LONDON April 22

Britain and France on Wednesday co-hosted a two-day multinational military planning conference in London to advance plans for restoring navigation through the Strait of Hormuz, with military planners from more than 30 countries attending, according to a statement from the British Ministry of Defence.

The ministry said the meeting, held at Britain's Permanent Joint Headquarters in Northwood, north London, aims to turn previously reached diplomatic consensus into a joint military plan so as to help reopen the Strait of Hormuz when conditions allow and a ceasefire can be sustained.

"Today's multinational planning conference matters. The task, today and tomorrow, is to translate the diplomatic consensus into a joint plan to safeguard freedom of navigation in the Strait and support a lasting ceasefire," British Defense Secretary John Healey said ahead of the meeting.

The ministry also noted that international trade, energy security and the stability of the global economy depend on freedom of navigation. Britain and France are working to involve as many partners as possible in the planning process, with discussions focusing on military capabilities, command and coordination, as well as regional deployments, according to the statement.

France and Britain convened 51 countries for an international summit on the Strait of Hormuz in Paris on April 17. British Prime Minister Keir Starmer, German Chancellor Friedrich Merz and Italian Prime Minister Giorgia Meloni attended the meeting, while officials from across Europe, Asia, Latin America and the Middle East joined by video conference.

**Xinhua**

# Indonesia's Mt. Lewotobi erupts

JAKARTA April 22

Mount Lewotobi Laki-laki in Indonesia's East Nusa Tenggara province erupted on Wednesday, sending a plume of volcanic ash approximately 1,500 meters above its summit, according to the Indonesian Center for Volcanology and Geological Hazard Mitigation (PVMBG).

The PVMBG reported that the eruption occurred at 6:31 p.m. local time and lasted around three and a half minutes, with ash drifting southwest. Despite the activity, authorities noted no significant spike in volcanic tremors.

The volcano remains at a Level II alert on the country's fourtier warning scale.

Residents and tourists are advised to stay clear of a four-kilometer exclusion zone around the crater. Officials also urged the public to wear masks and eye protection, while remaining vigilant for potential rain-triggered lahars in nearby river systems. **Xinhua**



# Commander-in-Chief of Defence Services General Ye Win Oo gives instructions of officers, other ranks and families in Magway Station

NAY PYI TAW April 22

Commander-in-Chief of Defence Services General Ye Win Oo held a meeting with officers, other ranks and families of Magway Station at Thihathura Kyin San Hall of the local battalion this morning.

Also present at the meeting were Daw Nilar, the wife of the Commander-in-Chief of Defence Services, Commander-in-Chief (Navy) Admiral Htein Win and his wife, Commander-in-Chief (Air) Lt-Gen Tun Win and his wife, senior military officers from the Office of the Commander-in-Chief and their wives, the commander of Central Command, officers, other ranks and families of the station.




Commander-in-Chief of Defence Services General Ye Win Oo delivers an address at the meeting.

At the meeting, the Commander-in-Chief of Defence Services delivered a speech, saying that the primary duty of the Tatmadaw is national defence, and to effectively carry out this responsibility, it is necessary to build a truly capable Tatmadaw by ensuring that every service member possesses individual competence. To safeguard the country securely, strong capability of Tatmadaw is essential, and achieving such strength requires a high level of human capacity. In terms of capability, it is necessary to enhance military, organizational, and administrative competencies.

The Tatmadaw must necessarily become a Tatmadaw that is fully equipped with the three types of capabilities, and it is important not to forget the duties that must be carried out. Military capability refers to combat capability and combat strength. To develop capability, it is necessary to train to achieve good physical fitness, professional skills,and courage. Building a combat-capable Tatmadaw depends on personnel, and training is the key factor in enhancing

See Page - 19►►



Commander-in-Chief of Defence Services General Ye Win Oo hears a report on a development project.

# Commander-in-Chief of Defence Services General Ye Win Oo, wife Daw Nilar visit officers, other ranks receiving medical treatment at local defence services hospital in Magway

NAY PYI TAW April 22

Commander-in-Chief of Defence Services General Ye Win Oo, accompanied by his wife Daw Nilar, senior military officers from the Office of the Commander-in-Chief and their wives, the commander and responsible officers from Central Command visited Tatmadaw officers and other ranks and members of the Myanmar Police Force and People's Militias(Local) receiving medical treatments at the local defence services hospital in Magway this morning.

First, the Commander-in-Chief of Defence Services and party arrived at the hospital and were greeted by the commandant and responsible officers.

Then, the Commander-in-Chief of Defence Services and party observed Tatmadaw officers and other ranks and members of the MPF and people's militia one by one and warmly asked about their health issues, medical treatments and improvements before giving foodstuff and cash awards for them.

In the same way, the wife of the Commander-in-Chief of Defence Services and party went to the maternal and child healthcare ward and spoke words of encouragement for patients before offering support and cash donations for the hospital.



Commander-in-Chief of Defence Services General Ye Win Oo asks after the health of a patient.

Then, the Commander-in-Chief of Defence Services and party inspected the hospital and gave necessary instructions.

100

# အိန္ဒိယအား ရုရှားနိုင်ငံနှင့်ပိုမိုနီးကပ်လာစေပြီး ရုရှားကိုလည်း အိန္ဒိယသမုဒ္ဒရာဒေသအတွင်းသို့သာမက အရှေ့တောင်အာရှသို့ပါ ဝင်ရောက်လာနိုင်စေရန် လမ်းဖွင့်ပေးနိုင်ခဲ့သည့် အပြန်အလှန်ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ဖလှယ်မှုသဘောတူစာချုပ်

**နိုင်အောင်**




အိန္ဒိယနှင့်ရုရှားနိုင်ငံတို့အကြား ချုပ်ဆိုထားသည့်အပြန်အလှန်ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ဖလှယ်မှုသဘောတူစာချုပ်၏ အသေးစိတ်အချက်အလက်များကို ရုရှားနိုင်ငံက ပြီးခဲ့သည့်ရက်သတ္တပတ်အတွင်း၌ထုတ်ပြန်ခဲ့သည်။

အဆိုပါသဘောတူညီချက်သည် ကာလရှည်ကြာစောင့်မျှော်နေခဲ့ရသော သဘောတူညီချက်တစ်ရပ်ဖြစ်ပြီး ၎င်းသဘောတူညီချက်အရ နှစ်နိုင်ငံစလုံးအနေဖြင့် စစ်ရေးပဋိပက္ခများ ဖြစ်ပွားနေစဉ်အတွင်း ၌ပင် တစ်နိုင်ငံ၏ပိုင်နက်အတွင်းသို့ အခြားတစ်နိုင်ငံက ၎င်းတို့၏တပ်ဖွဲ့ဝင်များ၊ စစ်သင်္ဘောများနှင့် စစ်လေယာဉ်များကို စေလွှတ်ခွင့်ပြုထားခြင်းဖြစ်သည်။

စိတ်ဝင်စားစရာကောင်းသည့်အချက်မှာ အမေရိကန်ပြည်ထောင်စုက ပါကစ္စတန်နိုင်ငံဘက်သို့ ပိုမိုယိမ်းယိုင်လာနေချိန်တွင် ရုရှားနှင့်အိန္ဒိယနိုင်ငံတို့အကြား ချုပ်ဆိုထားသောအပြန်အလှန်ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ဖလှယ်မှုသဘောတူညီချက်သည် ယခုအခါ ပိုမိုအရှိန်အဟုန်ကောင်းမွန်လာခြင်းဖြစ်သည်။

အဆိုပါသဘောတူစာချုပ်သည်နှစ်နိုင်ငံအကြား စစ်ဘက်ရေးရာပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေသည့်အပြင် အိန္ဒိယနိုင်ငံအတွက် ဗလာဒီဗော့စတော့ မြို့မှ မာမန့်စ်အထိ မြောက်ပိုင်းပင်လယ်ရေကြောင်းလမ်းတစ်လျှောက်ရှိဆိပ်ကမ်းများကိုအသုံးပြုခွင့်ရရှိစေမည့် အရေးပါသော အခွင့်အလမ်းကိုလည်း ပေးစွမ်းနိုင်မည်ဖြစ်သည်ကိုတွေ့ရသည်။

အပြန်အလှန် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာဖလှယ်မှုသဘောတူစာချုပ် ချုပ်ဆိုနိုင်ရေးအတွက်နှစ်နိုင်ငံအကြားဆွေးနွေးမှုများကို ၂၀၁၈ ခုနှစ်တွင် စတင်ခဲ့ပြီး နှစ်နိုင်ငံထိပ်သီးအစည်းအဝေးများတွင် ပုံမှန်ထည့်သွင်းဆွေးနွေးခဲ့ကြသည်။ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ၎င်းစာချုပ်မှာ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဟု သတင်းထွက်ပေါ်ခဲ့သော်လည်း နည်းပညာပိုင်းဆိုင်ရာကိစ္စရပ်များနှင့် အသုံးအနှုန်းကွဲလွဲမှုများကြောင့် ကြန့်ကြာခဲ့ရသည်။ ထို့ပြင် ယူကရိန်းလက်နက်ကိုင်ပဋိပက္ခ စတင်ခဲ့ခြင်းကြောင့်လည်း ရုရှားနှင့်အိန္ဒိယတို့အကြား ညှိနှိုင်းမှုများမှာ ပိုမိုရှည်ကြာခဲ့သည်။

သို့သော်လည်း ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် အဆိုပါသဘောတူညီချက်ကို ရုရှားနိုင်ငံ မော်စကိုမြို့၌ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ ရုရှားနိုင်ငံက ၎င်းသဘောတူညီချက်ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် အတည်ပြုခဲ့ပြီး သမ္မတ ဗလာဒီမာပူတင်က ဥပဒေအဖြစ် လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါသဘောတူစာချုပ်သည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၂ ရက်တွင် စတင်အသက်ဝင်လာခဲ့ပြီး ၎င်းသဘောတူညီချက်သည် အိန္ဒိယနိုင်ငံ၏ ပြတ်သားမှု၊ ရုရှားနိုင်ငံ၏ ဖွဲ့လုံ့လရှိမှုနှင့် အင်ဒို-ပစိဖိတ်ဒေသအတွင်း ပိုမိုရှုပ်ထွေးလာသော အင်အားချိန်ခွင်လျှာဆီသို့ ဦးတည်ရွေ့လျားမှုကို ထင်ဟပ်စေခဲ့သည်ဟုလည်း ဆိုနိုင်သည်။

အပြန်အလှန် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ဖလှယ်မှုသဘောတူစာချုပ်၏ ပဋိညာဉ်သည် ရုရှားနှင့်အိန္ဒိယနှစ်နိုင်ငံစလုံးအား ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အကူအညီများအတွက် တစ်နိုင်ငံ၏ စစ်အခြေစိုက်စခန်းများ၊ ဆိပ်ကမ်းများနှင့် လေယာဉ်ကွင်းများကို အခြားတစ်နိုင်ငံက အသုံးပြုရန်ခွင့်ပြုပေးထားသည်။ ထို့ကြောင့် အဆိုပါပဋိညာဉ်သည် ငြိမ်းချမ်းသည့်ကာလတွင်သာမက စစ်မက်ဖြစ်ပွားသည့် ကာလနှစ်ခုစလုံးတွင် စစ်သင်္ဘောများနှင့် လေယာဉ်များအတွက် လောင်စာဆီဖြည့်တင်းခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ရိက္ခာထောက်ပံ့ခြင်းတို့ကို လွယ်ကူချောမွေ့စွာ လုပ်ဆောင်နိုင်စေမည်ဖြစ်သည်။

လတ်တလော ထုတ်ပြန်လိုက်သော ထုတ်ပြန်မှုများအရ အဆိုပါသဘောတူညီချက်အရ တစ်နိုင်ငံ၏နယ်မြေအတွင်းသို့ အခြားတစ်နိုင်ငံက တပ်ဖွဲ့ဝင် ၃၀၀၀ အထိ၊ စစ်သင်္ဘော ငါးစင်းနှင့် လေယာဉ် ၁၀ စင်းအထိ တစ်ပြိုင်နက်တည်း တပ်ဖြန့်ထားရှိခွင့်ပြုထားနိုင်မည်ဖြစ်သည်။

ထို့ပြင် စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေစဉ်အတွင်း ထောက်ပံ့ပို့ဆောင်ရေးနှင့် အဆောက်အအုံများ အသုံးပြုနိုင်ရေးအတွက်လည်း ယခုသဘောတူညီချက်သည် အလွန်အသုံးဝင်လာစေမည်ဖြစ်သည်။

သဘောတူညီချက်တွင် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အကူအညီများအပြင် တည်းခိုနေထိုင်ရေး၊ ဆေးကုသမှု၊ သယ်ယူပို့ဆောင်ရေး၊ ရိက္ခာ၊ ရေ၊ လျှပ်စစ်၊ ပြုပြင်ထိန်းသိမ်းမှု၊ လေကြောင်းထိန်းချုပ်မှု၊ လမ်းကြောင်းပြထောက်ကူမှု၊ လေယာဉ်ရပ်နားမှုနှင့် လေယာဉ်များအတွက် မြေပြင်ဝန်ဆောင်မှုတို့လည်း ပါဝင်မည်ဖြစ်သည်။

ထို့အတူပင် သဘောတူညီချက်အရ ကုန်ကျစရိတ်များကို ပေးချေရာတွင် ငွေသားဖြင့်ပေးချေမည့်အစား ပစ္စည်းချင်းဖလှယ်သည့် ဘာတာစနစ်ကိုလည်း အသုံးပြုနိုင်မည်ဖြစ်သည်။

အပြန်အလှန် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ဖလှယ်မှုသဘောတူစာချုပ်သည် ရုရှားနှင့် အိန္ဒိယနှစ်နိုင်ငံတပ်မတော်များအကြားလုပ်ဆောင်သည့် အပြန်အလှန်လေ့ကျင့်သင်ကြားပေးမှုများကိုအထောက်အကူပြုစေမည်ဖြစ်သည်။ ထို့အတူပင် နှစ်နိုင်ငံစလုံး၏အကျိုးစီးပွားရှိရာ နယ်မြေများအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးနှင့် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းစဉ်များကို များစွာလွယ်ကူချောမွေ့စေမည်ဖြစ်ပြီး ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းစဉ်များတွင်လည်း အပြန်အလှန်ကူညီပံ့ပိုးပေးနိုင်မည်ဖြစ်သည်။

ထို့ကြောင့်အချုပ်အားဖြင့် အပြန်အလှန်ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ ဖလှယ်မှုသဘောတူစာချုပ်သည် လက်တွေ့ကျသောမဟာဗျူဟာမြောက်ရလဒ်များနှင့်အတူ အိန္ဒိယနိုင်ငံအား ကမ္ဘာ့အင်အားကြီးရုရှားနိုင်ငံနှင့်ပိုမိုနီးကပ်လာစေရန် အခွင့်အလမ်းများကို ဖန်တီးပေးနိုင်ခဲ့သည့်အပြင် ရုရှားနိုင်ငံအတွက်လည်း အိန္ဒိယသမုဒ္ဒရာဒေသအတွင်းသို့သာမက အရှေ့တောင်အာရှဒေသအတွင်းသို့ပါ ဝင်ရောက်လာနိုင်စေရန် လမ်းဖွင့်ပေးနိုင်ခဲ့ကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

Ref: RT

# ဟော်မုရေလက်ကြားအတွင်း ကုန်တင်သင်္ဘောနှစ်စင်း ထပ်မံပစ်ခတ်ခံခဲ့ရဟုဆို



**လန်ဒန်၊ ရေကြောင်းလုံခြုံရေး**

ဟော်မုရေလက်ကြားအတွင်း ကုန်တင်သင်္ဘောနှစ်စင်း ထပ်မံပစ်ခတ်ခံခဲ့ရကြောင်း ဗြိတိသျှရေတပ်ဖွဲ့၏ ရေကြောင်းကုန်သွယ်မှု သယ်ယူပို့ဆောင်ရေးညှိနှိုင်းမှုဗဟိုဌာန၏ ဝက်ဘ်ဆိုက်တွင် ဧပြီ ၂၂ ရက်က ထုတ်ပြန်ထားသည်။

အဆိုပါပစ်ခတ်မှုများအနက် တစ်ခုမှာ အီရန်နိုင်ငံ၏ အနောက်ဘက် ရေမိုင် ၈ မိုင်အကွာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပစ်ခတ်ခံရသည့်ကုန်တင်သင်္ဘောမှာ ရေပြင်တွင် ရပ်တန့်လျက်ရှိကြောင်းသိရသည်။ သို့သော် အဆိုပါကုန်တင်သင်္ဘောပေါ်ရှိ ဝန်ထမ်းများမှာ ဘေးကင်းလုံခြုံလျက်ရှိကြောင်းသိရသည်။

ထို့ပြင် အဆိုပါရေလက်ကြားတွင် လိုက်ဘေးရီးယားအလံလွှင့်ထူထားသော သင်္ဘောတစ်စင်းလည်း ပစ်ခတ်ခံခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ရေကြောင်းလုံခြုံရေးနယ်ပယ်မှ သတင်းရင်းမြစ်များကိုကိုးကား၍ ဖော်ပြထားကြောင်းသိရသည်။

Ref: Iv

# အီရန်နှင့် နှစ်နိုင်ငံအကြား အပစ်အခတ်ရပ်စဲရေးကို ထရမ့် ထပ်မံသက်တမ်းတိုး



**ဝါရှင်တန်၊ နိုင်ငံရေး**

အမေရိကန်ပြည်ထောင်စုသည် အီရန်နိုင်ငံ၏ တုံ့ပြန်မှုအပေါ် မရေမရာဖြစ်လျက်ရှိသော်လည်း နှစ်နိုင်ငံအကြား စေ့စပ်ညှိနှိုင်းမှုများလုပ်ဆောင်ရန် အချိန်ပိုမိုရရှိစေရေးအတွက် အီရန်နှင့် အပစ်အခတ်ရပ်စဲရေးကို ထပ်မံသက်တမ်းတိုးခဲ့ကြောင်းသိရသည်။

အဆိုပါအပစ်အခတ်ရပ်စဲရေး သက်တမ်းတိုးခြင်းကို အမေရိကန်သမ္မတဒေါ်နယ် ထရမ့်က ဧပြီလ ၂၁ ရက် ညနေပိုင်းက လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ အီရန်အစိုးရဘက်မှ ၎င်းတို့၏ အဆိုပြုချက်များကို တင်ပြပြီး နှစ်ဦးနှစ်ဖက်အကြား ညှိနှိုင်းမှုများ အပြီးသတ်လုပ်ဆောင်နိုင်ခြင်း မတိုင်မီအထိ အပစ်အခတ်ရပ်စဲမှုကို ဆက်လက်ထားရှိမည်ဖြစ်ကြောင်း ထရမ့်ကကြေညာခဲ့ခြင်းဖြစ်သည်။

ထရမ့်၏ ဆုံးဖြတ်ချက်သည် ချက်ချင်းဖြစ်ပွားလာနိုင်သည့် ပဋိပက္ခအရှိန်အဟုန်ကို လျှော့ချပေး နိုင်ခဲ့သော်လည်း နှစ်နိုင်ငံအကြားရှိ အဓိကသဘောထားကွဲလွဲမှုများကိုမူ မဖြေရှင်းနိုင်သေး ကြောင်းသိရသည်။

သို့ရာတွင် ထရမ့်၏ ထုတ်ပြန်ချက်ထွက်ပေါ်လာပြီးနောက် အီရန်အနေဖြင့် အပစ်အခတ်ရပ်စဲမှု သက်တမ်းတိုးခြင်းကို အသိအမှတ်မပြုကြောင်းနှင့် ၎င်းတို့၏ အမျိုးသားအကျိုးစီးပွားကို အခြေခံ၍ အပစ်အခတ်ရပ်စဲမှုကို လိုက်နာရန် သို့မဟုတ် မလိုက်နာရန်မှာ အီရန်နိုင်ငံ၏ ရွေးချယ်မှုသာဖြစ်ကြောင်း ရပ်တည်ချက်ကို ထုတ်ဖော်ပြောကြားထားသည်။

အမေရိကန်အစိုးရအနေဖြင့် အီရန်နှင့် ၎င်းတို့အကြား သဘောတူညီချက်တစ်ရပ် ချမှတ်နိုင်သည့် အချိန်အထိ အပစ်အခတ်ရပ်စဲခြင်းကို အချိန်ကာလ အကန့်အသတ်မရှိ သက်တမ်းတိုးမြှင့်ထားရန် ဆန္ဒရှိနေကြောင်းသိရသည်။

တစ်ချိန်တည်းမှာပင် အီရန်နိုင်ငံအပေါ် တိုက်ခိုက်မှုများထပ်မံလုပ်ဆောင်ခြင်းမပြုရန် အမေရိကန်အစိုးရအား ကြားဝင်စေ့စပ်ပေးနေသည့် ပါကစ္စတန်နိုင်ငံကလည်း တောင်းဆိုထားသည်။

Ref: Iv, Ta

# အရှေ့အလယ်ပိုင်းနှင့် ယူကရိန်းပဋိပက္ခများက အနောက်နိုင်ငံများ၏ လက်ချက်ဖြင့် စတင်ခဲ့ခြင်းဖြစ်ဟု ရုရှားပြော



**မော်စကို၊ စစ်ရေး**

အရှေ့အလယ်ပိုင်းနှင့်ယူကရိန်းနိုင်ငံတို့ရှိ ပဋိပက္ခများသည် အနောက်နိုင်ငံများ၏ လက်ချက်ဖြင့် စတင်ခဲ့ခြင်းဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့က ဧပြီလ ၂၂ ရက်တွင်ပြောကြားလိုက်သည်။

အရှေ့အလယ်ပိုင်းဒေသတွင် နှစ်ပေါင်းများစွာကြာ ပဋိပက္ခကြီးများဖြစ်ပွားနေခဲ့ကြောင်း၊ အဆိုပါပဋိပက္ခများအနက် အတော်များများသည် အနောက်ဥရောပနှင့် အနောက်နိုင်ငံကြီးများက ဖန်တီးမှုကြောင့်ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း လက်ရော့က ဘာသာရေးအထိမ်းအမှတ် ညှော်ခံပွဲတစ်ခု၌ ပြောကြားခြင်းဖြစ်သည်။

သို့ရာတွင် အကြမ်းဖက်အဖွဲ့များနှင့် အစွန်းရောက်အဖွဲ့များက ဘာသာရေးအကြောင်းပြချက်များအပါအဝင် လုယက်မှုများနှင့်လူသတ်မှုများကို ကျူးလွန်နေခြင်းကို ရုရှားနိုင်ငံ အနေဖြင့် လက်ပိုက်ကြည့်နေမည်မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမေရိကန်ဦးဆောင်သော အနောက်နိုင်ငံများ၏ မှားယွင်းသောလုပ်ဆောင်မှုများကြောင့် နိုင်ငံတကာဆက်ဆံရေးတွင် ဖရိုဖရဲဖြစ်မှုနှင့် မတည်ငြိမ်မှုများ ဆက်လက်ဖြစ်ပေါ်နေပြီး အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့က အီရန်နိုင်ငံအပေါ် တိုက်ခိုက်မှုများ ပြုလုပ်ခြင်းသည် အဆိုပါလားရာကို သက်သေပြနေခြင်းဖြစ်ကြောင်း လက်ရော့က ထပ်လောင်းပြောကြားခဲ့ကြောင်း သိရသည်။

Ref: Iv

# ဝါရှင်တန်မြို့တွင် လုပ်ငန်းခွင်သုံး မော်တော်ယာဉ်တစ်စီးနှင့်မက်ထရိုရထားတစ်စင်း တိုက်မိ

ဝါရှင်တန်၊ မတော်တဆမှု

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့လယ်ကောင်တွင် ဧပြီလ ၂၂ ရက်အစောပိုင်းက လုပ်ငန်းခွင်သုံး မော်တော်ယာဉ်တစ်စီးနှင့် မက်ထရိုရထားတစ်စင်းတိုက်မိခဲ့ရာ လူ ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

အဆိုပါဖြစ်ရပ်သည် မြို့လယ်ကောင်ရှိ မက်ထရိုစင်တာ၌ သန်းခေါင်ယံမတိုင်မီအချိန်တွင် လုပ်ငန်းခွင်သုံးယာဉ်တစ်စီးက ဘူတာရုံတွင်ရပ်ထားသည့်ရထားတစ်စင်းကို ဝင်တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ ဒဏ်ရာရရှိသူများတွင် စိုးရိမ်ရသူမရှိကြောင်း ဝါရှင်တန်မက်ထရိုသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့က လူမှုကွန်ရက်စာမျက်နှာတွင် ဖော်ပြထားသည်။

Ref: Xinhua



# အီရန်နှင့်ဖြစ်ပွားသည့် စစ်ပွဲအတွင်း အမေရိကန်၏ အရေးပါသည့် ဒုံးကျည်အရန်စုဆောင်းထားရှိမှုများ လျော့နည်းသွားဟုဆို

**ဝါရှင်တန်၊ စစ်ရေး**

အမေရိကန်တပ်မတော်သည် အီရန်နှင့်ဖြစ်ပွားသည့် စစ်ပွဲအတွင်း အရေးပါသည့် ဒုံးကျည် အရန်စုဆောင်းထားရှိမှုများ လျော့နည်းသွားခဲ့ကြောင်း မဟာဗျူဟာနှင့် နိုင်ငံတကာ လေ့လာရေး ဗဟိုဌာန (CSIS) က ဧပြီလ ၂၁ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာသစ်တစ်စောင်တွင် ဖော်ပြသည်။

ရက်သတ္တခုနစ်ပတ်ကြာ ဖြစ်ပွားခဲ့သော အီရန်စစ်ပွဲအတွင်း အမေရိကန်၏ နည်းပညာ အဆင့်အမြင့်ဆုံးလက်နက် အမြောက်အမြားကုန်ဆုံးသွားခဲ့ကြောင်း၊ ထို့ကြောင့် ယင်းအခြေအနေသည် နောင်တွင်ဖြစ်ပွားလာမည့် မည်သည့်ပဋိပက္ခတွင်မဆို အမေရိကန်တပ်များအတွက် အားနည်းချက်ဖြစ်သွားစေနိုင်သည့် ကာလတိုဘေးအန္တရာယ်ကို ဖန်တီးလျက်ရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။



လျော့နည်းသွားသည့် လက်နက်များအနက် ပစ်မှတ်ကိုတိကျစွာ ထိမှန်နိုင်စွမ်းရှိသည့် ဒုံးကျည် ၄၅ ရာခိုင်နှုန်း၊ ပက်ထရီးယော့လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည် ၅၀ ရာခိုင်နှုန်းနီးပါးနှင့် မြေပြင်မှ ဝေဟင်ပစ် THAAD ဒုံးကျည်များ၏ ထက်ဝက်ကျော် ကုန်ဆုံးသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကိန်းဂဏန်းများသည် ပင်တဂွန်စစ်ဌာနချုပ်၏ လျှို့ဝှက်ဆန်းစစ်ချက်များနှင့် များစွာထပ်တူညီလျက်ရှိကြောင်း အစီရင်ခံစာတွင် ဆက်လက်ဖော်ပြထားသည်။

အမေရိကန်တပ်မတော်အနေဖြင့် အရှေ့အလယ်ပိုင်းတွင် စစ်ဆင်ရေးများ ဆက်လက်လုပ်ဆောင်ရန်လုံလောက်သော စစ်အင်အားရှိသည်ဟု ပင်တဂွန်စစ်ဌာနချုပ်က ပြောကြားထားသော်လည်း ယခုကဲ့သို့ လက်နက်အင်အားလျော့နည်းသွားမှုသည် အခြားနေရာများ၊ အထူးသဖြင့် တရုတ်နိုင်ငံကဲ့သို့သော အင်အားတူပြိုင်ဘက်နှင့် အကြီးစားစစ်ပွဲတစ်ခု ဆင်နွှဲနိုင်မည့် အမေရိကန်၏ စွမ်းဆောင်ရည်ကို များစွာထိခိုက်စေကြောင်း CSIS အစီရင်ခံစာက သတိပေးထားကြောင်းသိရသည်။

Ref: RT

# တောင်အာဖရိကတွင် ရေကြီးမှုဖြစ်ပွားပြီးနောက် ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်းမှာ စိုးရိမ်ဖွယ်ရာမြင့်တက်

ကိပ်တောင်း၊ ကျန်းမာရေး

တောင်အာဖရိကနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုများဖြစ်ပွားပြီးနောက် ငှက်ဖျားရောဂါဖြစ်ပွားမှုနှုန်းမှာ စိုးရိမ်ဖွယ်ရာမြင့်တက်လာကြောင်း ကျန်းမာရေးအာဏာပိုင်များက ဧပြီလ ၂၂ ရက်တွင် ပြောကြားသည်။

ရောဂါဖြစ်ပွားမှုနှုန်းသည် ယခင်က ငှက်ဖျားရောဂါဖြစ်ပွားလေ့မရှိသည့် ပြည်နယ်များတွင်ပင် ကူးစက်မှုများရှိနေပြီး နိုင်ငံအတွင်း၌ ပုံမှန်ထက် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လတ်တလော ရေကြီးမှုများကြောင့် ခြင်ပေါက်ပွားရန်နှင့် ငှက်ဖျားကူးစက်ရန် ပိုမိုကောင်းမွန်သောအခြေအနေများ ဖန်တီးပေးသကဲ့သို့ ဖြစ်သွားခဲ့ပြီးနောက် ဒေသအချို့တွင် ငှက်ဖျားရောဂါဖြစ်ပွားမှု မြင့်တက်လာခြင်းဖြစ်ကြောင်း ကူးစက်ရောဂါဆိုင်ရာအမျိုးသားတက္ကသိုလ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ပြည်နယ်ကျန်းမာရေးဌာန၏ အဆိုအရ ဂေါက်တန်ပြည်နယ်တွင် ရောဂါဖြစ်ပွားမှု သိသာစွာ မြင့်တက်လာပြီး ၂၀၂၆ ခုနှစ် ပထမသုံးလအတွင်း ငှက်ဖျားအတည်ပြုလူနာ ၄၁၄ ဦးနှင့် သေဆုံးသူ ၁၁ ဦးရှိခဲ့ရာ ၎င်းပမာဏသည် ၂၀၂၅ ခုနှစ်၊ အလားတူကာလအတွင်းက ဖြစ်ပွားခဲ့သော ရောဂါဖြစ်ပွားမှုနှုန်းနှင့် လူသေမှုနှုန်းတို့နှင့်နှိုင်းယှဉ်ပါကအဆမတန် မြင့်တက်လာကြောင်း သိရသည်။

Ref: Xinhua

# ဆင္ဒသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၂၂

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးအတွင်း၌ ကျင်းပမည့် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃၁)၊ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(မြေညီထပ်)၌ကျင်းပသည်။

အစည်းအဝေးသို့ သာသနာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၊ ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ အဖွဲ့ဝင်နှင့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ဧပြီလ ၃၀ ရက်တွင်ကျရောက်မည့် ကဆုန်လပြည့်ဗုဒ္ဓနေ့သည် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့်မြောက်သည့်နေ့ဖြစ်သည့်အတွက် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲနှစ်(၇၀)ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် သုံးရက်တိုင် ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အထိမ်းအမှတ်အထူးပြပွဲ ဓာတ်ပုံပြခန်းနှင့် ရုပ်တုများခင်းကျင်းပြသရေးနှင့် ဥာဏ်စမ်းပဟေဠိပြိုင်ပွဲစီစဉ်ဆောင်ရွက်ရေးဆပ်ကော်မတီအနေဖြင့် ပြတိုက်ပြခန်းများခင်းကျင်းပြသရမည့်အခြေအနေများကို ရှင်းပြမည့်တာဝန်ရှိသူများကို အင်္ဂလိပ်ဘာသာ၊ ပါဠိဘာသာ အသုံးအနှုန်းကအစ ကြိုတင်ပြင်ဆင်လေ့ကျင့်ထားရန်လိုအပ်မည်ဖြစ်ကြောင်း၊ အထိမ်းအမှတ်စာစောင်နှင့် အထိမ်းအမှတ်ပစ္စည်းများထုတ်ဝေရေးဆပ်ကော်မတီအနေဖြင့် အထိမ်းအမှတ်မဂ္ဂဇင်းထုတ်ဝေရေးဆောင်ရွက်လျက်ရှိရာ ထေရဝါဒဗုဒ္ဓသာသနာတော်နှင့် ဆန့်ကျင်ဘက်မဖြစ်သည့် စာမူများဖြစ်ရန်၊ အဓမ္မဝါဒီစာမူများမဖြစ်စေရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ ဥယျောဇဉ်နှင့် သာသနာရေးဆိုင်ရာလျှောက်ထားလွှာကို သဝဏ်လွှာနှင့်မိန့်ခွန်းများ စိစစ်တည်းဖြတ်ရေးအဖွဲ့ဖြစ်သည့် ပြန်ကြားရေးဝန်ကြီးဌာနသို့ ဧပြီလ ၈ ရက်တွင် ပေးပို့ခဲ့ပြီးဖြစ်ကြောင်း၊ ဒေဝါဝင်းရာဇာဝင်းများဖြင့် လှည့်လည်ပူဇော်ရေးနှင့် ဖျော်ဖြေရေးဆပ်ကော်မတီအနေဖြင့် ပိဋကသုံးပုံကို မင်္ဂလာဆင်တော်ဖြင့် ပင့်ဆောင်မည့်အခြေအနေနှင့် လေ့ကျင့်သင်ကြားပေးနေသည့် မင်္ဂလာဆင်တော်၏အခြေအနေကိုလည်း တင်ပြပေးစေလိုကြောင်း၊ ဆပ်ကော်မတီအသီးသီးနှင့် တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများက အခမ်းအနားကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆောင်ရွက်ဖွယ်ရာများ၊ ဆောင်ရွက်ရမည့်အစီအမံများ၊ ဆောင်ရွက်လျက်ရှိသည့်ကိစ္စရပ်များ၊ အကြံပြုချက်များကို ဆွေးနွေးပေးကြပါရန် တိုက်တွန်းပြောကြားသည်။



ထို့နောက် ကျင်းပရေးနာယကအဖွဲ့ အဖွဲ့ဝင် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က အထိမ်းအမှတ်အထူးပြပွဲ ဓာတ်ပုံပြခန်းနှင့် ရုပ်တုများခင်းကျင်းပြသရေးနှင့် ဥာဏ်စမ်းပဟေဠိပြိုင်ပွဲ စီစဉ်ဆောင်ရွက်ရေးဆပ်ကော်မတီအနေဖြင့် လုပ်ငန်းတာဝန်များအလိုက် ဆောင်ရွက်လျက်ရှိကြောင်း၊ အထိမ်းအမှတ်စာစောင်နှင့် အထိမ်းအမှတ်ပစ္စည်းများထုတ်ဝေရေးဆပ်ကော်မတီအနေဖြင့် ဆဋ္ဌသင်္ဂါယနာတင် ၃၁ အုပ် Screen ဖတ်ပြီး အုပ်ရေ ၅၀၀ ပြသနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အထိမ်းအမှတ်ပစ္စည်းများအနေဖြင့် တီရှပ်၊ ရေခွက်၊ ကီးချိန်း၊ ဘောပင်၊ ပြက္ခဒိန်များ ထုတ်ဝေနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေး အစွမ်းကုန်ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ကျင်းပရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး၊ သာသနာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က အခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးနှင့်စပ်လျဉ်း၍ နေ့ရက်အလိုက် ကျင်းပမည့်အစီအစဉ်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများနှင့် သက်ဆိုင်ရာဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို အသေးစိတ်ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် လိုအပ်သည်များမှာကြားပြီး ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**မြဝတီ**

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ၁၆ နာရီမှ ၁၈ နာရီ ဓာတ်အားဖြန့်ဖြူးနေမှုအစား ၁၈ နာရီမှ နာရီ ၂၀ အထိ တိုးမြှင့်ဖြန့်ဖြူးပေးသွားမည်ဖြစ်



နေပြည်တော် ဧပြီ ၂၂

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားတိုးမြှင့်ထုတ်လုပ်နိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ် (၂၇) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးဦးကိုကိုလွင်၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ အမြဲတမ်းအတွင်းဝန်၊ ပြည်ထောင်စုဝန်ကြီးရုံးဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ တက်ရောက်ကြပြီး မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ခေတ္တဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက Video Conferencing ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်ဓာတ်အား တိုးမြှင့်ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသုံးသပ်ပြီး တိုးတက်ဖြန့်ဖြူးပေးနိုင်မည့်အခြေအနေနှင့် အခြားရရှိနိုင်မည့် နည်းလမ်းများကိုလည်း စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ဆဲလျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးစီမံကိန်းများကိုလည်း အမြန်ဆုံးပြီးစီးနိုင်ရေးသက်ဆိုင်ရာအဖွဲ့အစည်းများကိုတွန်းအားပေးကြပ်မတ်သွားမည်ဖြစ်ကြောင်း။

ထို့ကြောင့် LNG ဖြင့် ပို့လွှတ်သည့် လျှပ်စစ်ဓာတ်အားကို တစ်ယူနစ်လျှင် ၉၀၀ ကျပ်နှုန်း သီးသန့်ဓာတ်အားလိုင်းဖြင့် ဓာတ်အားဖြတ်တောက်မှုမရှိဘဲ စက်မှုဇုန်များ၊ လုပ်ငန်းကြီးများသို့ ဖြန့်ဖြူးပေးလျက်ရှိသည့်အခြေအနေများနှင့် ပူပြင်းသည့်ယခုကာလများတွင် အများပြည်သူ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲခွင့်ရရှိနိုင်ရန် ရရှိနိုင်သည့်စွမ်းအင်အရင်းအမြစ်များကို စနစ်တကျ စစ်ထုတ်သုံးစွဲပြီး Power Generation ကို စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုစနစ်များကို တွက်ချက်မှုများဆောင်ရွက်ပြီးနောက် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၊ ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ၊ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတို့မှ လက်ရှိဓာတ်အားထုတ်လုပ်နေမှုအပြင် ပိုမိုရရှိလာသော သဘာဝဓာတ်ငွေ့ဖြင့်ထိရောက်မှုရှိအောင်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးနိုင်မည့် အစီအမံများကိုချမှတ်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း ၁၆ နာရီမှ ၁၈ နာရီ ဓာတ်အားဖြန့်ဖြူးနေမှုအစား ၁၈ နာရီမှ နာရီ ၂၀ အထိ တိုးမြှင့်၍လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ၁၄ နာရီမှ ၁၆ နာရီအစား ၁၆ နာရီမှ ၁၈ နာရီအထိ တိုးမြှင့်၍လည်းကောင်း အခြားပြည်နယ်/တိုင်းဒေသကြီးများအတွက် ၁၂ နာရီခန့် ဓာတ်အားဖြန့်ဖြူးနေမှုအစား အနည်းဆုံး ၁၄ နာရီ နေ့စဉ်ဖြန့်ဖြူးပေးခြင်းကို ယနေ့ညနေ ၃ နာရီမှစတင် တိုးမြှင့်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြဝတီ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၄-၂၀၂၆

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၄၇၃၅ | ၄၉၂၀ | ၄၈၆၀ | ၄၇၅၀ | ၄၉၂၀ | ၄၉၃၅ | ၄၉၈၅ | ၄၈၃၀ | ၄၉၈၅ | ၅၃၀၅ | ၄၈၅၅ | ၅၁၀၅ | ၄၉၅၅ | ၄၉၁၀ | ၄၉၁၀ | ၅၁၂၀ |
| 95 Ron | ၄၉၄၅ | ၅၁၃၅ | ၅၀၇၅ | ၄၉၆၅ | ၅၁၃၅ | ၅၁၄၅ | ၅၂၀၀ | ၅၀၄၅ | ၅၂၀၀ | ၅၅၁၅ | ၅၀၆၅ | ၅၃၂၅ | ၅၁၇၀ | ၅၁၂၅ | ၅၁၂၅ | ၅၃၃၅ |
| HSD (500 ppm) | ၆၄၈၅ | ၆၆၆၅ | ၆၆၀၅ | ၆၅၀၀ | ၆၆၆၅ | ၆၆၇၅ | ၆၇၂၅ | ၆၅၈၀ | - | ၇၀၃၀ | ၆၆၀၀ | ၇၄၅၀ | ၆၇၀၀ | ၆၆၅၅ | ၆၆၅၅ | ၆၈၆၀ |
| HSD (50 ppm) | ၇၇၅၅ | ၇၉၄၀ | ၇၈၈၀ | ၇၇၇၀ | ၇၉၄၅ | ၇၉၅၅ | ၈၀၀၅ | ၇၈၅၀ | ၈၀၀၅ | ၈၃၂၅ | ၇၈၇၅ | ၈၁၀၅ | ၇၉၈၀ | ၇၉၃၀ | ၇၉၃၀ | ၈၁၄၅ |
| HSD (10 ppm) | ၇၇၅၅ | ၇၉၄၀ | ၇၈၈၀ | ၇၇၇၀ | ၇၉၄၅ | ၇၉၅၅ | ၈၀၀၅ | ၇၈၅၀ | | ၈၃၂၅ | ၇၈၇၅ | ၈၁၀၅ | ၇၉၈၀ | ၇၉၃၀ | ၇၉၃၀ | ၈၁၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၄၄၉၂ | ၄၆၁၆ |
| 95 Ron | ၄၆၉၉ | ၄၈၂၇ |
| HSD (500 ppm) | ၆၂၀၉ | ၆၃၆၃ |
| HSD (50 ppm) | ၇၄၁၇ | ၇၅၉၆ |
| HSD (10 ppm) | ၇၄၁၇ | ၇၅၉၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၆၈၀၅၈၉၈၈၈

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မြင်းခြံမြို့နယ်၌ ဆောင်းကြက်သွန်နီကေ ၈၀၀၀ ကျော်စိုက်ပျိုးထားပြီး စိုက်ကေတစ်ဝက်ကျော် နုတ်သိမ်းပြီးဖြစ်



မြင်းခြံ ဧပြီ ၂၂

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်၌ ဆောင်းကြက်သွန်နီကေ ၈၀၀၀ ကျော် စိုက်ပျိုးထားပြီး လက်ရှိတွင် စိုက်ကေတစ်ဝက်ကျော် နုတ်သိမ်းပြီးဖြစ်ကြောင်း မြို့နယ်ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာနမှ သိရသည်။

မြင်းခြံမြို့နယ်သည် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးအချက်အချာကျသောမြို့နယ်တစ်ခုဖြစ်ပြီး ဒေသခံများက စိုက်ပျိုးရေးလုပ်ငန်းများအဖြစ် ဆေးရွက်ကြီး၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများအပြင် စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သော ကြက်သွန်နီကိုလည်း စီးပွားဖြစ်စိုက်ပျိုးကြသည်။

ကြက်သွန်နီအများဆုံးစိုက်ပျိုးသော ကျေးရွာများမှာ ဆီမီးခုံ၊ နဘူးအိုင်၊ ဇီးပင်ကန်၊ ထနောင်းတိုင်၊ ကျားတိုင်၊ သင်ပြွန်း၊ ဖက်ပင်အိုင်၊ ကတောနှင့် တလုပ်ရွာတို့ဖြစ်ပြီး ကြက်သွန်နီစိုက်ပျိုးမှုပုံစံအနေဖြင့် ပျိုးထောင်ပြီး ၄၅ ရက်သားပျိုးပင်များကို စိုက်ခင်းများသို့ ရွှေ့ပြောင်းစိုက်ပျိုးကြကြောင်း သိရသည်။

အများဆုံးစိုက်ပျိုးသော ကြက်သွန်နီမျိုးများမှာ ရွှေဖလားမျိုးနှင့် ရွှေဖလားထိပ်မောက်မျိုးတို့ဖြစ်ပြီး ကြက်သွန်နီတစ်ကေလျှင် စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်အနေဖြင့် မျိုး၊ သွင်းအားစုနှင့် လုပ်သားခအပါအဝင် စုစုပေါင်းငွေကျပ် ၂၇ သိန်းခန့် ကုန်ကျကာ တစ်ကေအထွက်နှုန်းအနေဖြင့် ပိဿာ ၃၆၀၀ ခန့် ထွက်ရှိသည်။

ထွက်ရှိလာသောကြက်သွန်နီများကို ကုန်သည်ပွဲစားများက စိုက်ခင်းထဲအထိ လာရောက်ဝယ်ယူကြသကဲ့သို့ တောင်သူများကိုယ်တိုင် မြို့ပေါ်ရှိပွဲရုံများသို့လည်း တိုက်ရိုက်တင်ပို့ရောင်းချကြကြောင်း သိရသည်။

**ဆောင်းဦး**

# မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

ရှောင် ဧပြီ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရှောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သစ်ဆိမ့်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဧပြီလ ၂၂ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ရှေးဦးစွာ ရှောင်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်လွင်မိုး၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများသည် သစ်ဆိမ့်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဦးစီးအရာရှိနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ရန်ပုံငွေ ငွေကျပ် သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ ရန်ပုံငွေ ငွေကျပ် ၅၃ ဒသမ ၃၅ သန်းကို အသင်းသား၊ အသင်းသူ ၁၇၉ ဦးအတွက် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးထားကြောင်း သိရသည်။

**ချိုသန်းညွန့်(ကျေးလက်)**

# ရေဖြူမြို့နယ် ဆင်စွယ်ကျေးရွာ၌ သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



ရေဖြူ ဧပြီ ၂၂

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆင်စွယ်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) အတိုးရငွေဖြင့် သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ဧပြီလ ၂၂ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ရေဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဦးအောင်နှင့် တာဝန်ရှိသူများသည် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဆင်စွယ်ကျေးရွာ၌ အလျား ၂၇ ပေ၊ အနံ ၁၂ ပေ၊ အမြင့် ၆ ပေရှိ သံကူကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များအား သံကူကွန်ကရစ်တံတားကို သတ်မှတ်စံချိန်စံညွှန်းအတိုင်း ဆောင်ရွက်ကြရန်မှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အဆိုပါဆင်စွယ်ကျေးရွာ၌ သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း အတိုးရငွေ ငွေကျပ် သိန်း ၁၅၀ နှင့် ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ်သိန်း ၁၅၀၊ စုစုပေါင်းငွေကျပ် သိန်း ၃၀၀ ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဧပြီလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ၉၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ ယင်းလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ဆင်စွယ်ကျေးရွာနေပြည်သူများ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် တခြားလူမှုရေးကိစ္စများကို ရာသီမရွေး လွယ်ကူစွာ သွားလာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**အိပိုးပိုး**

# ကျောက်တလုံးကြီးမြို့၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်ပြသ

ကျောက်တလုံးကြီး ဧပြီ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့၌ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်ပြသခြင်းကို ဧပြီလ ၂၂ ရက်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ဆောင်ရွက်သည်။

အဆိုပါမူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးနံရံကပ်စာစောင်တွင် မူးယစ်ဆေးဝါး၏အဓိပ္ပာယ်၊ မူးယစ်ဆေးဝါးအမျိုးအစားများ၊ မူးယစ်ဆေးသုံးစွဲသူ၏လက္ခဏာများ၊ မူးယစ်ဆေးသုံးစွဲရသည့်အကြောင်းရင်းများ၊ မူးယစ်ဆေး၏ဆိုးကျိုးများ၊ မူးယစ်ဆေးနှင့်ပတ်သက်၍ ချမှတ်နိုင်သောပြစ်မှုပြစ်ဒဏ်များ စသည်တို့ကို ထည့်သွင်းဖော်ပြထားရာ ကျောက်တလုံးကြီးမြို့ရှိ ဒေသခံပြည်သူများနှင့် ကလေးသူငယ်များ လာရောက်ဖတ်ရှုလေ့လာကြသည်။

မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူများ အသိပညာ ဗဟုသုတရရှိစေရန် အသိပညာပေးလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပြီး လူငယ်များစာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ရင့်သန်လာစေရန် စာဖတ်ရှိန်မြှင့်တင်ရေးပြပွဲများအပြင် နယ်လှည့်စာကြည့်တိုက် (Mobile Library) စနစ်ဖြင့် စာအုပ်စာစောင်များ ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။

**ဇော်နိုင်လင်း**

# ဟိုပုံးမြို့နယ်၌ ကျောင်းသား ကျောင်းသူများအတွက် အခြေခံကွန်ပျူတာသင်တန်းဖွင့်လှစ်



ဟိုပုံး ဧပြီ ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်၌ ကျောင်းသား၊ ကျောင်းသူများ နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကိုအကျိုးရှိစွာအသုံးချနိုင်စေရန်နှင့် ကွန်ပျူတာပညာရပ်များတတ်မြောက်စေရန် ရည်ရွယ်၍ ဧပြီလ ၂၁ ရက်က ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအဆင့်ရုံးရှိ လူထုအခြေပြုဗဟိုဌာန၌ အခြေခံကွန်ပျူတာသင်တန်း အမှတ်စဉ်(၁) ဖွင့်လှစ်သည်။

သင်တန်းတွင် ကွန်ပျူတာအခြေခံစနစ်များ၊ စာစီစာရိုက်နည်းပညာများ၊ Internet နှင့် E-mail အသုံးပြုနည်းများ စသည့်ဘာသာရပ်များကို စာတွေ့၊ လက်တွေ့ သင်ကြားပေးပြီး ကျောင်းသား၊ ကျောင်းသူ ၅၀ ဦး တက်ရောက်ကြသည်။

ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုရန်၊ အိုင်စီတီနည်းပညာများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိစေရန်၊ ခေတ်မီနည်းပညာရပ်များကို အသုံးချပြီး မိမိတို့၏ဘဝဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်ရန်နှင့် နွေရာသီကျောင်းပိတ်ရက်တွင် အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန် ရည်ရွယ်ချက်များဖြင့် အဆိုပါသင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းမြေ့**

**မှတ်စု**

# ရှမ်းတိုင်းရင်းသားတို့၏ မြတ်နိုးစရာသုခုမ ကိန္နရီ ကိန္နရာအက



ရှမ်းတိုင်းရင်းသားတို့၏ ဓလေ့ရိုးရာများစွာထဲတွင် ကိန္နရီ၊ ကိန္နရာအကသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ထိုအကမှာ အသွင်လှလှ ယဉ်စစဖြင့် မြတ်နိုးဖွယ်ရာကောင်းလှပေသည်။ ထို့ကြောင့် လူသိများ ထင်ရှားသလို လူတိုင်းနီးပါးသဘောကျနှစ်သက်ကြပေသည်။

ကျမ်းဂန်တို့၌ ကိန္နရီ၊ ကိန္နရာတို့သည် လူတစ်ပိုင်း၊ ငှက်တစ်ပိုင်းသတ္တဝါဖြစ်ကြောင်းနှင့် ဒေဝကိန္နရာ၊ စန္ဒကိန္နရာ၊ ဒုမကိန္ဒရာ၊ ဒဏ္ဍမာနဝိကကိန္နရာ၊ ကောန္တကိန္နရာ၊ သကုဏကိန္နရာနှင့် ကဏ္ဏာပါဝုရဏကိန္နရာ စသည်ဖြင့် အမျိုးအစားများစွာရှိကြောင်း သိရသည်။

ကိန္နရာများသည် နူးညံ့သည့်အမူအရာရှိသည်။ ပန်းဝတ်ဆံကိုသာ စားသုံးသည်။ ငါးပါးသော အဆင်းအင်္ဂါနှင့်ပြည့်စုံသည်။ ဘုရားပွင့်တော်မူသည့်နေ့တွင် ဝမ်းမြောက်ဝမ်းသာ ကခုန်မြူးထူးကြသည်ဟူသော ကောင်းခြင်းမင်္ဂလာများကြောင့် မြန်မာမင်းအချို့၏ ရာဇပလ္လင်လက်ဝဲ၊ လက်ယာတို့တွင် ကိန္နရာ ကနေသည့်ဟန် ထုလုပ်ကြကြောင်း သိရသည်။

ကိန္နရီ၊ ကိန္နရာအကဖြစ်ပေါ်လာပုံကို လေ့လာကြည့်သောအခါ မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ မယ်တော်ဖြစ်ခဲ့ဖူးသော နတ်သားအား ဝါတွင်းသုံးလပတ်လုံး အဘိဓမ္မာတရားဟောကြားတော်မူပြီး သီတင်းကျွတ်လပြည့်ညတွင် လူ့ပြည်သို့ ဆင်းသက်တော်မူသည်။ ထိုသို့ဆင်းသက်တော်မူရာတွင် လူ၊ နတ်၊ သိကြား၊ ဗြဟ္မာတို့သာမက ကြော့ရှင်းလှပနွဲ့နှောင်းပျော့ပျောင်းကာ အလွန်တင့်တယ်လှပသောကိန္နရီ၊ ကိန္နရာတို့ပါ လာရောက်၍ မြတ်စွာဘုရားရှင်အား ဦးညွှတ်ပူဇော်ကန်တော့ကြသည်။

လာရောက်ပူဇော်ကြသူအပေါင်းတို့ထဲတွင် ကိန္နရီ၊ ကိန္နရာတို့က ယဉ်ကျေးသိမ်မွေ့စွာ ကန်တော့ပြီးလျှင် စိတ်ကြည်ရွှင်လန်းဆန်းကာ ကခုန်မြူးထူး၍ ကောင်းကင်ယံသို့ ပြန်သွားကြသည်။ ထိုသို့ ကိန္နရီ၊ ကိန္နရာတို့ ပျံသန်းသွားစဉ် လှပဆန်းသစ်ပြီး တင့်တယ်သောကခုန်ဟန်တို့ကို မြတ်စွာဘုရားအား ပူဇော်ဦးညွှတ်လာသူ လူတို့အနေဖြင့် မျက်စိထဲကမထွက်နိုင်အောင် မြင်ယောင်စွဲလမ်းဖြစ်ကြရသည်။

ထို့ကြောင့် ပန်တျာနှင့်ပတ်သက်၍ ကျွမ်းကျင်သူတို့က သူတို့မြင်တွေ့လိုက်ရသည့် ကိန္နရီ၊ ကိန္နရာတို့၏ ကဟန်ကကြိုးကကွက်များကို အတုယူကာ လူဖြင့် အစားထိုးကပြခဲ့ကြသည်။ ထိုအချိန်မှစ၍ ကိန္နရီ၊ ကိန္နရာအကဖြစ်ပေါ်လာသည်ဟုဆိုသည်။

ထို့ပြင် ရှေးအခါက ကိန္နရီ၊ ကိန္နရာအက ကပြရာတွင် ကြိုးပေါင်း ၆၀ ကျော်တပ်ဆင်ပြီး မျက်နှာဖုံးလှလှစွပ်ကာ ရှမ်းဘောင်းဘီနှင့်လက်ကျပ်အင်္ကျီအပေါ်တွင် ခါးပုံ၊ ခါးစည်း၊ လက်စည်းများဆင်ယင်ဝတ်စား၍ အိုးစည်သံနှင့်လိုက်ဖက်စွာ ပျော့ပျောင်းသိမ်မွေ့စွာ ကပြလေ့ရှိသည်။ ကပြမှုပြုရာတွင် အမြီးအတောင်ကို ဖွင့်ချည်ပိတ်ချည်ပြုလုပ်၍ လက်ချောင်းလေးများတွင် ကြိုးတပ်ပြီး လက်လှုပ်ဟန်ကိုလိုက်၍ အတောင်များ ကြွကြွရွရွဖြစ်စေကြောင်းလည်းသိရသည်။

ကိန္နရီ၊ ကိန္နရာအကကို အခြားတိုင်းရင်းသားများလည်း ကလေ့ရှိကြသည်။ ဥပမာအားဖြင့် ကယားတိုင်းရင်းသားတို့မှာ ၎င်းတို့သည် ကိန္နရီ၊ ကိန္နရာမှ ဆင်းသက်ပေါက်ဖွားသည်ဟု ယူဆကြသည်။ ကယားပြည်နယ်ရှိ ငွေတောင်ပေါ်တွင် နေခဲ့ကြသည်ဟုလည်းဆိုကြသည်။ ထို့ကြောင့် ၎င်းတို့၏နှစ်သစ်ကူးပွဲတွင် ကိန္နရာအကကို ကလေ့ရှိကြောင်း သိရသည်။ သို့သော် ရှမ်းတိုင်းရင်းသားတို့က ကိန္နရီ၊ ကိန္နရာအကကို ပိုမိုနှစ်သက်ခုံမင်ကြသည်။ ထို့ကြောင့်ပင် ကိန္နရီ၊ ကိန္နရာအကကို မပျောက်ပျက်အောင် ထိန်းသိမ်းရုံသာမက တစ်ဦးတစ်ယောက်တည်း ကပြမှုမှသည် ကိန္နရီ၊ ကိန္နရာစုံတွဲအက၊ ကိန္နရီ၊ ကိန္နရာယိမ်းအကများကိုပင် ကပြနေကြသည်ကို တွေ့မြင်နေရသည်။

အချုပ်အားဖြင့်ဆိုရသော် ကိန္နရီ၊ ကိန္နရာအကကို များသောအားဖြင့် အိုးစည်သံဖြင့် တွဲဖက်ကပြကြသည်။ အိုးစည်ဆိုသည်ကလည်း ရှမ်းတိုင်းရင်းသားတို့၏ ရိုးရာတူရိယာဖြစ်သည်။ “ရှမ်းရိုးမကအိုးစည်သံ ဗေဗေထုံလို့ညံ”ဟု သီချင်းစပ်ဆိုထားသည်မှာ ရှမ်းပြည်နယ်တွင် အိုးစည်သံသည် ဆယ့်နှစ်ရာသီပတ်လုံး မကြာခဏဆိုသလို ကြားနေရသောကြောင့်ဖြစ်သည်။ ထိုသို့ကြားနေရခြင်းမှာ ရှမ်းတိုင်းရင်းသားတို့သည် နေ့ထူးနေ့မြတ်ပွဲ၊ အလှူပွဲ၊ ရိုးရာပွဲတို့တွင် ၎င်းတို့ရိုးရာအိုးစည်ကိုသာ တီးခတ်ဖျော်ဖြေကြသောကြောင့်ဖြစ်သည်။ အိုးစည်သံနှင့် ကိန္နရီ၊ ကိန္နရာအကဟန် ပေါင်းစပ်ရှုစားရသော ပသာဒသည် ရှမ်းတိုင်းရင်းသားတို့၏ ချစ်မြတ်နိုးစရာ ရိုးရာအနုသုခုမတစ်ခုပင်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။ ။

**မင်းလွင်**



## မူလတန်းပြ ဆရာ၊ ဆရာမများ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းဖွင့်

**ကျိုင်းတုံ ဧပြီ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ မူလတန်းပြဆရာ၊ ဆရာမများ အင်္ဂလိပ်စာအရည်အသွေးမြှင့် (Main Course) သင်တန်းဖွင့်ပွဲကို ဧပြီလ ၂၂ ရက်က ကျိုင်းတုံတက္ကသိုလ် ခေမာရင္ဆခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ကျိုင်းတုံတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာဖြူဖြူမြင့်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ပညာရေးမှူး ဒေါ်နော်ရှယ်က သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျိုင်းတုံတက္ကသိုလ် အင်္ဂလိပ်စာဌာနမှူးက သင်ကြားပေးမည့် အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မြို့နယ်များမှ မူလတန်းပြဆရာ၊ ဆရာမ ၂၀၀ ဦးတက်ရောက်ပြီး သင်တန်းတွင် အင်္ဂလိပ်စာဘာသာရပ်ဆိုင်ရာ အရေး၊ အပြော၊ အဖတ်နှင့် နားထောင်ခြင်း (4 Skills) ပိုမိုကျွမ်းကျင်လာစေရန်နှင့် သင်ကြားမှုအရည်အသွေးမြင့်မားလာစေရန် ဧပြီလ ၂၀ ရက်မှ မေလ ၂၂ ရက်အထိ ကျွမ်းကျင်နည်းပြဆရာ၊ ဆရာမများက သင်ကြားပို့ချကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## ကျိုင်းတုံမြို့၌ စာပေဆိုင်ရာဆွေးနွေးပွဲကျင်းပ

**ကျိုင်းတုံ ဧပြီ ၂၂**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေချစ်မြတ်နိုးသူများအသင်း (Book Club)အဖွဲ့တို့ပူးပေါင်းကျင်းပသည့် စာပေဆိုင်ရာဆွေးနွေးပွဲကို အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာနစုပေါင်းခန်းမ၌ ဧပြီလ ၂၁ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကျိုင်းတုံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ငြိမ်းငြိမ်းသန့်က ပြည်သူများ အားလပ်ချိန်များတွင် စာပေဖတ်ရှုသည့်အလေ့အထကောင်းများရရှိစေရန်၊ စာအုပ်စာပေမှ ရရှိသည့် အသိပညာဗဟုသုတများကို အပြန်အလှန်ဆွေးနွေးမျှဝေနိုင်ရန်၊ စာအုပ်စာစောင် ချစ်မြတ်နိုးသူအချင်းချင်း ချစ်ခင်စည်းလုံးမှု ပိုမိုရရှိစေရန် စသည့် ရည်ရွယ်ချက်များဖြင့် စာဖတ်ဝိုင်းကျင်းပဆောင်ရွက်ပေးလျက်ရှိကြောင်းပြောကြားသည်။

ထို့နောက် ကျိုင်းတုံမြို့နယ် စာပေချစ်မြတ်နိုးသူများအသင်း(Book Club) အဖွဲ့နာယကများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စာရေးဆရာအောင်ကိုဦး(UMK) ရေးသားသည့် လူငယ်တွေကိုလမ်းဖွင့်ပေးပါစာအုပ်၊ စာရေးဆရာခင်မောင်အေး(နှလုံး)ရေးသားသည့် လူရယ်လို့ဖြစ်လာလျှင်စာအုပ်၊ စာရေးဆရာပေါက်ပေါက်ရေးသားသည့် စာနာအလိုက်သိစွာ အတွေးအမြင်အနုပညာ စာအုပ်များဖြင့် စာဖတ်ဝိုင်းကျင်းပနိုင်ရေးနှင့် စာပေဆိုင်ရာအကြောင်းအရာများကို ဆွေးနွေးကြကြောင်း သိရသည်။ **ကျိုင်းတုံ(ပြန်/ဆက်)**



**ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

## ထူးခြားသည့်နေ့အပူချိန်များ

၂၂-၄-၂၀၂၆

| | | | | | |
|---|---|---|---|---|---|
| ချောက် | ၄၄ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၄၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၄၃ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၄၂ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ကလေးဝ | ၄၂ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၄၂ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး | ၄၂ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| (လေကြောင်းမိုးလေဝသ) | | | | |
| မကွေး | ၄၂ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| မင်းကင်း | ၄၂ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |

# ပြည်-ပုဂံရထားလမ်းပိုင်းရှိ တောင်တွင်းကြီးဘူတာ ရန်ပယ်ချောင်းတံတားပြုပြင်မှုအခြေအနေများအား ကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၂၂

ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြင့်သည် ယနေ့တွင် မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများ၊ တိုင်းတာဝန်ခံအရာရှိများနှင့်အတူ တောင်တွင်းကြီးဘူတာ၊ ပြည်-ပုဂံရထားလမ်းပိုင်းတွင် တံတားရေလယ်တိုင်နိမ့်ကျမှု ဖြစ်ပေါ်ခဲ့သည့် တံတားအမှတ်(၃၄၃) ရန်ပယ်ချောင်းကူးရထားလမ်းတံတား၏ ပြုပြင်ဆောင်ရွက်နေမှုအခြေအနေအားစစ်ဆေးသည်။

ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် တောင်တွင်းကြီးဘူတာသို့ရောက်ရှိပြီး ဝန်ထမ်းများအားတွေ့ဆုံကာ ဘူတာမှာသက်တမ်းကြာမြင့်ပြီဖြစ်သဖြင့် ပျက်စီးမှုများအား ဦးစားပေးအလိုက် ပြန်လည်ပြုပြင်ဆောင်ရွက်သွားရန်၊ ဝန်ထမ်းနေအိမ်လိုင်းခန်းများ လိုအပ်ချက်ရှိနေသဖြင့် နှစ်အလိုက်လျာထားတည်ဆောက်သွားရန်မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည်ပြည်-ပုဂံရထားလမ်းပိုင်း ဆတ်သွား-ပရပ်ကြယ်ဘူတာကြားရှိ တံတားအမှတ်(၃၄၃) ရန်ပယ်ချောင်းကူးရထားလမ်းတံတားသို့ ရောက်ရှိပြီး ရှင်းလင်းဆောင်၍ တံတားရေလယ်တိုင် အမှတ်(၂)နှင့် အမှတ်(၃)တို့ နိမ့်ကျမှုဖြစ်ပွားခဲ့သည့်တံတားပြန်လည်တည်ဆောက်နေမှုအခြေအနေများကိုလည်းကောင်း၊ ဆတ်သွားဘူတာယာဒ်ဝင်းအတွင်းရှိသံလမ်းများတွင် သတ်မှတ်ကွန်ကရစ်ဇလီဖားအရေအတွက်အတိုင်းထည့်ရန်၊ ဘူတာစကြံအတွင်းရှိ ကြမ်းခင်းများအားပြန်လည်ပြုပြင်ရန်၊ ရထားစီးခရီးသွားများစိတ်ချမ်းမြေ့စေရန် အလှပန်းပင်များစိုက်ပျိုးပြီး အမြဲသန့်ရှင်းသပ်ရပ်အောင်ဆောင်ရွက်ထားရန်မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဧပြီ ၂၂

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့်မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

(မိုး/ဇလ)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


### မန္တလေးတိုင်းဒေသကြီးမီးသတ်ဦးစီးဌာန (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)(၁/၂၀၂၆)

၁။ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် အောက်ဖော်ပြပါ မီးသတ်စခန်းတွင် (၃)ခန်းတွဲ (၅)ထပ်ဝန်ထမ်းအိမ်ရာ(၁)လုံးတည်ဆောက်ခြင်းလုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းရန်ဖိတ်ခေါ်အပ်ပါသည်-

| လုပ်ငန်းအုပ်စု | လုပ်ငန်းအမျိုးအစား | အရေအတွက် |
|---|---|---|
| Lot-1 | ချမ်းအေးသာစံမြို့နယ် မီးသတ်စခန်း(၄၈'x၅၀'x၆၀')(၃)ခန်းတွဲ (၅)ထပ် ဝန်ထမ်းအိမ်ရာ | (၁)လုံး |

၂။ တင်ဒါလျှောက်လွှာရောင်းချမည့်ရက် — (၂၃-၄-၂၀၂၆)ရက်နေ့မှ (၂၂-၅-၂၀၂၆)ရက်နေ့အထိ ရုံးချိန်အတွင်း

၃။ တင်ဒါလျှောက်လွှာတင်သွင်းရန်နောက်ဆုံးရက် — (၂၂-၅-၂၀၂၆)ရက်နေ့ (၁၆:၀၀)နာရီ

၄။ တင်ဒါလျှောက်လွှာတင်သွင်းရမည့်နေရာ — မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၊ ၂၉x၈၁ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊

၅။ သတ်မှတ်ရက်ထက်ကျော်လွန်တင်သွင်းလာသည့်လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ အသေးစိတ်သိရှိလိုပါက မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံး၊ ၀၂-၄၀၆၀၇၃၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ

### ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ အောက်ဖော်ပြပါလုပ်ငန်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်းအမျိုးအမည် |
|---|---|---|
| ၁ | ၀၄/မမ/CME | အထက်တန်းလူစီးတွဲ(၃)တွဲတွင် လေအေးပေးစနစ်တပ်ဆင်ခြင်းလုပ်ငန်းအား (Turnkey)စနစ်ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်ခြင်း |

တင်ဒါပိတ်မည့်နေ့/အချိန် - (၇-၅-၂၀၂၆)မွန်းလွဲ(၂:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် (၂၃-၄-၂၀၂၆)ရက်နေ့မှစတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း 294352, 291994

### သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ

**ပျောက်ဆုံးကြောင်း**
သန်းသန်းနွယ်(ဘ)ဦးဘိုဂျမ်း ၉/ကပတ(နိုင်)၂၂၅၀၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ရဲမင်းသိန်း(ဘ)ဦးသန်းရှိန် ၁၂/ဗဟန(နိုင်)၀၇၆၁၇၈ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
အေးအေးလွင်(ဘ)ဦးထွန်းရွှေ ၁၂/ဗဟန(နိုင်)၀၄၁၆၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
အေမီမျိုးအောင်(ဘ)ဦးစံရင် ၇/သနပ(နိုင်)၁၄၇၉၈၂ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MK 214865)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဇင်မျိုးသိန်း(ဘ)ဦးစိုးသိန်း ၇/ပခန(နိုင်)၃၄၀၁၁၅ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(MH 872260)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
နန်းစန်းမြနု(ဘ)ဦးမောင်ထွန်းသိန်း ၃/လဘန(နိုင်)၂၃၅၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 836258)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
နန်းခမ်းအေး(ဘ)ဦးထွန်းစိန် ၁၃/နခန(နိုင်)၀၁၈၈၄၅ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၂၀၁၅၄၃၅

**ပျောက်ဆုံးကြောင်း**
ဆောင်းသဇင်ထွဋ်(ဘ)ဦးရဲထွဋ် ၁၀/ကထန(နိုင်)၁၄၇၀၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 817562)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၀၄၃၂၆၃၁

**ပျောက်ဆုံးကြောင်း**
ဇော်လင်းဦး(ဘ)ဦးစိုးလင်း ၁၂/ထတပ(နိုင်)၀၀၀၀၂၃ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၀၂၁၅၁၇၆

**ပျောက်ဆုံးကြောင်း**
တင်တင်ဝင်း(ဘ)ဦးဆန်းညွန့် ၁၄/ညတန(နိုင်)၁၆၃၉၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 045401)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၈၈၃၂၁၀၂၀၈

**ပျောက်ဆုံးကြောင်း**
သိန်းရွှေ(ဘ)ဦးပန်းဖြူ ၆/မအရ(နိုင်)၀၂၆၅၉၅ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ရဲကြည်(ဘ)ဦးတိုက်ပု ၁၂/အစန(နိုင်)၀၅၆၇၃၅ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၉၃၅၈၆၇၀

**ပျောက်ဆုံးကြောင်း**
ဇော်သူရရှိန်(ဘ)ဦးဇော်မင်းရှိန် ၁၂/ကတန(နိုင်)၁၀၈၇၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၃၉၈၇၀၉၂

**ပျောက်ဆုံးကြောင်း**
ဂျင်မီဟိန်း(ဘ)ဦးတင်မောင်ဦး ၅/ဒပယ(နိုင်)၁၀၃၀၁၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၇၂၁၉၂၁၂

**ပျောက်ဆုံးကြောင်း**
မိုးဇော်ထက်(ဘ)ဦးကြင်ဆွေ ၉/မခန(နိုင်)၃၀၀၂၈၀ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
မြတ်သူရကျော်(ဘ)ဦးရဲထွန်းအောင် ၁၂/ဒဂရ(နိုင်)၀၃၀၁၄၄ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
လှိုင်မင်းခိုင်(ဘ)ဦးကြည်ဝင်း ၈/တတက(နိုင်)၁၈၉၁၂၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

○ **ကျောဖုံးမှအဆက်**

ယခုဆိုလျှင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီက လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်ရန် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ဖိတ်ခေါ်ထားပြီးဖြစ်သည်။ ထို့ကြောင့်ပင် PDF အမည်ခံအဖွဲ့အစည်းအသီးသီးတို့အနေဖြင့်လည်း လမ်းကြောင်းအမှန်ကို စဉ်းစားချိန်တန်ပြီဖြစ်သည်။ PDF အမည်ခံ အဖွဲ့အစည်းအသီးသီးတို့သည် နိုင်ငံတော်အစိုးရ၏ ကမ်းလှမ်းဖိတ်ခေါ်သည့်အတိုင်း ဥပဒေဘောင်အတွင်း အမြန်ဆုံးပြန်လည်ခိုလှုံဝင်ရောက်ဖို့ နှိုးဆော်တိုက်တွန်းထားကြောင်း သိရှိရသည်။

မြဝတီ

# ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

တောင်ကြီး ဧပြီ ၂၂

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ယနေ့ညနေပိုင်းတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ တောင်ကြီးမြို့ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် ရှမ်းပြည်နယ် ပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် အမျိုးသား၊ အမျိုးသမီးဘော်လီဘောပြိုင်ပွဲ



ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆို၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကာ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ဘင်ခရာတပ်ဖွဲ့ကို ဂုဏ်ပြုဆုချီးမြှင့်ပေးအပ်၍ အမျိုးသားပွဲစဉ်အဖြစ် တောင်ကြီးခရိုင်အသင်းနှင့် ကလောခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား အသက် ၂၅ နှစ်အောက် ဘော်လီဘောပြိုင်ပွဲတွင် အမျိုးသား ခုနစ်သင်း၊ အမျိုးသမီး ကိုးသင်းပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဧပြီလ ၂၂ ရက်မှ ၂၆ ရက်အထိယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

# မော်လမြိုင်မြို့ရှိ စက်သုံးဆီအရောင်းဆိုင်များ၌ QR ကုတ်၊ ဘားကုတ်များဖတ်၍ စက်သုံးဆီရောင်းချမှုအခြေအနေများအား စစ်ဆေး

မော်လမြိုင် ဧပြီ ၂၂

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ စက်သုံးဆီအရောင်းဆိုင်များ၌ QR ကုတ်၊ ဘားကုတ်များဖြင့် စက်သုံးဆီရောင်းချနေမှုများအား မွန်ပြည်နယ်အစိုးရအဖွဲ့ လျှပ်စစ်၊ စွမ်းအင်၊စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဇေယျာဦး၊ မွန်ပြည်နယ် ရေနံနှင့်ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးအရာရှိ ဦးအောင်ဇော်ချစ်နှင့် တာဝန်ရှိသူများသည် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များကို ယနေ့နံနက် ၈ နာရီခွဲတွင် သွားရောက်စစ်ဆေးခြင်းများဆောင်ရွက်ခဲ့သည်။

ထိုသို့စစ်ဆေးရာတွင် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးဇေယျာဦးနှင့်အဖွဲ့သည် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက်ရှိစက်သုံးဆီအရောင်းဆိုင်တို့တွင် မော်တော်ယာဉ်များအား စက်သုံးဆီရောင်းချရာ၌ QR ကုတ်၊ ဘားကုတ်များ ဖတ်၍ ရောင်းချမှုရှိ/မရှိ၊ သတ်မှတ်ထားသောဈေးနှုန်းများအတိုင်း ရောင်းချမှုရှိ/မရှိ၊ စက်သုံးဆီဝယ်ယူနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၄၀၆)

# ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီးအား လွိုင်လင်မြို့၌ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂၂

မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူ၍ နိုင်ငံတစ်ဝန်း မူးယစ်ဆေးဝါးထုတ်လုပ်မှုနှင့် တရားမဝင်ရောင်းဝယ်မှု တားဆီးကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက်စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးများအား ကုန်ပစ္စည်းများနှင့် ရောနှောသယ်ဆောင်လာသည့် ၁၂ ဘီးယာဉ်တစ်စီးအား ဧပြီလ ၂၀ ရက် ညပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လွိုင်လင်မြို့ရှိ နေမင်းရောင်တိုးဂိတ်၌ စစ်ဆေးတွေ့ရှိဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

လွိုင်လင်မြို့၊ အမှတ်(၂)ရပ်ကွက်ရှိ နေမင်းရောင်တိုးဂိတ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့က လုံခြုံရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိစဉ် ဧပြီလ ၂၀ ရက်ည ၈ နာရီ ၅၅ မိနစ်ခန့်တွင် လွိုင်လင်ဘက်မှ တောင်ကြီးဘက်သို့ ယာဉ်မောင်းဖြိုးဝေထွန်း(ဘ) ဦးမောင်သိန်း (၂၃)နှစ် မောင်းနှင်၍ ယာဉ်နောက်လိုက် ခန့်ကျော်ထက်(ဘ) ဦးခင်မောင်လွင် (၂၁) နှစ် လိုက်ပါလာသည့် Nissan Diesel အစိမ်းရောင် ၁၂ ဘီးမော်တော်ယာဉ်အမှတ် MDY-20/4H----- အား စစ်ဆေးရာ ယာဉ်ပေါ်မှ အဝါရောင်ပြောင်းအိတ်များဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် တရုတ်စာတန်းနှင့် GUAN YIN WAN စာတန်းပါ ICE အဖြူရောင်ပုံဆောင်ခဲများ ထည့်ထားသည့် အဝါရောင်ဆာလာအိတ် ၄၈ အိတ် (ICE အဖြူရောင်ပုံဆောင်ခဲ ၁၂၀၀ ကီလိုဂရမ်ခန့်)၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆ ဒသမ ၈ ဘီလီယံခန့်ကို တွေ့ရှိဖမ်းဆီးရမိခဲ့









ရှမ်းပြည်နယ်(တောင်ပိုင်း)လွိုင်လင်မြို့ အမှတ်(၂)ရပ်ကွက် နေမင်းရောင်တိုးဂိတ်၌ မူးယစ်ဆေးဝါးများသယ်ဆောင်လာသည့် ဖမ်းဆီးရမိ တရားခံ ယာဉ်မောင်းဖြိုးဝေထွန်း၊ ယာဉ်နောက်လိုက် ခန့်ကျော်ထက်နှင့် မူးယစ်ဆေးဝါးများကိုတွေ့ရစဉ်။

သည်။

ဖမ်းဆီးရမိ ယာဉ်မောင်း၏ပြောကြားချက်အရ ၎င်းတို့သည် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ချောင်းဦးမြို့မှ မိုင်းလားမြို့အထိ မောင်းနှင်ရသည့် ယာဉ်မောင်းအလုပ်ကို ယာဉ်နောက်လိုက်ခန့်ကျော်ထက်နှင့်အတူလုပ်ကိုင်ခဲ့ကြောင်း၊ ဧပြီလ ၁၈ ရက်တွင် မိုင်းလားမြို့မှ ချောင်းဦးမြို့သို့ ပြန်လည်ထွက်ခွာလာစဉ် ကုန်ပစ္စည်းများ မပါဝင်သဖြင့် ကုန်များရရှိရေး ချိတ်ဆက်ခဲ့ရာ နမ့်စန်မြို့၊ အမှတ်(၉)ကျေးရွာအကျော်ရှိ ပြည့်ဖြိုးကျော်ပြောင်းပွဲရုံနှင့် ချိတ်ဆက်မိပြီး ဧပြီလ ၂၀ ရက်တွင် ပွဲရုံပိုင်ရှင် ဝင်းဇော်ညွန့်နှင့် ခင်ဝင်းဆွေတို့က ကြက်စာအိတ် ၄၈ အိတ်နှင့် ပြောင်းအိတ် ၂၅၀ အိတ်တို့ကို တင်ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့ကြောင့် ပြည့်ဖြိုးကျော်ပွဲရုံပိုင်ရှင် ဝင်းဇော်ညွန့်နှင့်ခင်ဝင်းဆွေတို့အား ပူးပေါင်းအဖွဲ့က နေအိမ်၌သွားရောက်ဖမ်းဆီးပြီး စစ်ဆေးရာ ၎င်းတို့ပွဲရုံသို့ ဧပြီလ ၁၄ ရက်တွင် AD Van အမျိုးအစားမော်တော်ယာဉ်ဖြင့် အမျိုးသား ၅ ဦးရောက်ရှိလာပြီး ပြောင်း ၂၅၀ အိတ် ဝယ်ယူခဲ့ကြောင်း၊ ဧပြီလ ၁၉ ရက်တွင် လင်းလင်းဆိုသူက အဆိုပါ ပြောင်းစာအိတ်များနှင့်အတူ ကြက်စာအိတ် ၄၈ အိတ်ကိုပါတင်ဆောင်မည်ဟု ဖုန်းဆက်ကာ လာရောက်ပို့ဆောင်ခဲ့ကြောင်းနှင့် ဧပြီလ ၂၀ ရက်တွင် ယခုဖမ်းဆီးရမိသည့် မော်တော်ယာဉ်ရောက်ရှိလာပြီး ကုန်များ တင်ဆောင်ပေးလိုက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများ၊ ဖမ်းဆီးရမိ မော်တော်ယာဉ်တို့ကို သက်ဆိုင်ရာဌာနများသို့ လွှဲပြောင်းအပ်နှံ၍ လုပ်ထုံးလုပ်နည်းများနှင့်အတူ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာကို ထိခိုက်ကျဆင်းစေပြီး လူသားမျိုးနွယ်တစ်ခုလုံးကို လူညွန့်တုံးပျက်စီးစေသည့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ပြည်သူလူထုနှင့်ပူးပေါင်း၍ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့်လည်း မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် သတင်းများရရှိပါက တာဝန်ရှိသူများထံ အချိန်မီသတင်းပေးပို့ကြရန် လိုအပ်ကြောင်းနှင့် ဖမ်းဆီးရမိ မူးယစ်ဆေးဝါးဖြစ်စဉ်များတွင် အဓိကပါဝင်ပတ်သက်လျက်ရှိသည့်မည်သည့် အဖွဲ့အစည်းကိုမဆို ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# လီဗာပူးအသင်း ချန်ပီယံလိဂ်ဝင်ခွင့်ရရှိပါက လာမည့်ဘောလုံးရာသီတွင် နည်းပြ အာနီဆလော့အား ဆက်လက်တာဝန်ပေးရန်ဆုံးဖြတ်ထား



**လန်ဒန် မေ ၂၂**

လီဗာပူးအသင်းက ယခုဘောလုံးရာသီအကုန်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိမည်ဆိုပါက လာမည့်ဘောလုံးရာသီတွင် နည်းပြ အာနီဆလော့အား ဆက်လက်တာဝန်ပေးရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

နည်းပြ အာနီဆလော့သည် ပြီးခဲ့သည့်ဘောလုံးရာသီက အသင်းကို ပထမဆုံးဘောလုံးရာသီတွင်ပင် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးနိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့သော်လည်း ယခုဘောလုံးရာသီတွင် ရလဒ်များဆိုးရွားကာ ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်မှပင် ထွက်ခွာခဲ့ရသကဲ့သို့ အက်ဖ်အေဖလားပြိုင်ပွဲနှင့် ကာရာဘောင်းဖလားပြိုင်ပွဲတို့မှထွက်ခွာခဲ့ရသည့်အပြင် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင်လည်း လာမည့်ရာသီအတွက် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိရန် ကြိုးပမ်းရမည်ဖြစ်သည်။

လီဗာပူးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ ၃၃ ပွဲကစားပြီးချိန်တွင် ရမှတ် ၅၅ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၅)နေရာ၌ ရပ်တည်နေသော်လည်း ရာသီအကုန်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိရန် နီးစပ်လျက်ရှိသည်။

အစောပိုင်းတွင် လီဗာပူးအသင်းက ရလဒ်များဆိုးရွားနေသည့်အတွက် ရာသီအကုန်တွင် နည်းပြအပြောင်းအလဲလုပ်ဆောင်ရန်ပြင်ဆင်နေပြီး နည်းပြအာနီဆလော့၏နေရာ၌ ရီးယဲလ်မက်ဒရစ်အသင်းမှ နည်းပြဟောင်းတစ်ဦးဖြစ်ပြီး အသင်းမှကစားသမားဟောင်းတစ်ဦးဖြစ်သည့် အလွန်ဆိုကို ခန့်အပ်ရန် သတင်းများထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

သို့သော် ယခုအခါ လီဗာပူးအသင်းဘုတ်အဖွဲ့ဝင်များက ရာသီအကုန်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့်ရရှိမည်ဆိုပါက လာမည့်ဘောလုံးရာသီတွင် နည်းပြအပြောင်းအလဲလုပ်ဆောင်မည်မဟုတ်ဘဲ နည်းပြအာနီဆလော့ကိုသာ ဆက်လက်တာဝန်ပေးအပ်ရန် ဆုံးဖြတ်ထားသည်။

လီဗာပူးအသင်းသည် ယခုဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၃၃ ပွဲကစားပြီးချိန်တွင် ၁၆ ပွဲနိုင်၊ ခုနစ်ပွဲသရေ၊ ၁၀ ပွဲရှုံး ရမှတ် ၅၅ မှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၅)နေရာ၌ ရပ်တည်နေပြီး လက်ကျန်ပွဲစဉ်များအဖြစ် ပဲလေ့စ်၊ မန်ယူ၊ ချယ်လ်ဆီး၊ အက်စ်တွန်ဗီလာနှင့် ဘရန့်ဖို့ဒ်အသင်းတို့နှင့်ကစားရမည်ဖြစ်ကြောင်း သိရသည်။ *Ref;Sky Sports*

# ထိပ်တန်းကစားသမားခေါ်ယူရန် အစီအစဉ်မရှိကြောင်း ရီးယဲလ်မက်ဒရစ်အသင်း ဥက္ကဋ္ဌ ပီရက်ဇ်အတည်ပြု

**မက်ဒရစ် မေ ၂၂**

ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌ ပီရက်ဇ်က မိမိတို့အသင်းအနေဖြင့် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ထိပ်တန်းကစားသမားခေါ်ယူရန် အစီအစဉ်မရှိကြောင်း အတည်ပြုပြောကြားသည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် ယခုဘောလုံးရာသီတွင် ဆုဖလားလက်မဲ့ရာသီတွေ့ကြုံရန် နီးစပ်နေသည့်အတွက် လာမည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် အသင်းကစားသမားစာရင်းကို အပြောင်းအလဲလုပ်ဆောင်မည်ဖြစ်သော်လည်း ထိပ်တန်းကစားသမားခေါ်ယူရန်အစီအစဉ်မရှိဟု ပီရက်ဇ်က အတည်ပြုထားခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် လိုင်ယွန်အသင်းထံအငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် အန်းဒရစ်အားအသင်းထံ ပြန်လည်ခေါ်ယူမည်ဖြစ်သည့်အတွက် အချိန်မရွေး ပြန်လည်ခေါ်ယူနိုင်မည့်အချက်ဖြင့် ရောင်းချထားသည့် ကိုမိုအသင်းမှ ကွင်းလယ်ကစားသမား နီကိုပက်နှင့် အိုဆာဆူနာအသင်းမှ တောင်ပံကစားသမား ဗစ်တာမူနို့တို့ကို အသင်းထံ ပြန်လည်ခေါ်ယူမည်ဟု ပီရက်ဇ်က အတည်ပြုပြောကြားထားကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ဘာစီလိုနာအသင်းက အငှားစာချုပ်ဖြင့်ခေါ်ယူထားသည့် တိုက်စစ်ကစားသမားရက်ရှ်ဖို့ဒ်အား အပြီးသတ်ခေါ်ယူမည်မဟုတ်

**ဘာစီလိုနာ မေ ၂၂**

ဘာစီလိုနာအသင်းက ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက မန်ယူအသင်းထံမှ အငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် တိုက်စစ်ကစားသမားရက်ရှ်ဖို့ဒ်အား အပြီးသတ်ခေါ်ယူမည်မဟုတ်ဘဲ ရာသီအကုန်တွင် မန်ယူအသင်းထံ ပြန်လည်စေလွှတ်ရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ဘာစီလိုနာအသင်းသည် ရက်ရှ်ဖို့ဒ်အား တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူထားသော်လည်း အငှားစာချုပ်သက်တမ်းကုန်ဆုံးချိန်တွင် ပြောင်းရွှေ့ကြေးစတာလင်ပေါင် ၂၆ သန်းဖြင့်ခေါ်ယူနိုင်မည့်အချက်ကို အငှားစာချုပ်တွင် ထည့်သွင်းချုပ်ဆိုထားခြင်းဖြစ်သည်။

ရက်ရှ်ဖို့ဒ်သည် ယခုဘောလုံးရာသီတွင် ဘာစီလိုနာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၃ ပွဲအထိပါဝင်ကစားထားပြီး ၁၂ ဂိုးသွင်းယူနိုင်ကာ ဂိုးဖန်တီးမှု ၁၀ ကြိမ်ပြုလုပ်နိုင်သည်အထိ အကောင်းဆုံးခြေစွမ်းပြလျက်ရှိသည့်အတွက် ဘာစီလိုနာအသင်းက အစောပိုင်းက အပြီးသတ်စာချုပ်ဖြင့် ခေါ်ယူလိုနေခြင်းဖြစ်သည်။

သို့သော် ဘာစီလိုနာအသင်းသည် ငွေကြေးပိုင်းအခက်အခဲတွေ့ကြုံနေရပြီး ရက်ရှ်ဖို့ဒ်၏မြင့်မားသည့်လုပ်ခလစာပေးချေရန် ခက်ခဲနေသည့်အတွက် အပြီးသတ်စာချုပ်ဖြင့် မခေါ်ယူဘဲ မန်ယူအသင်းထံ ပြန်လည်စေလွှတ်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် ရက်ရှ်ဖို့ဒ်အပြင် မြင့်မားသည့်လုပ်ခလစာပေးချေနေရသည့် ဒီဂျောင်း၊ လီဝန်ဒေါစကီး၊ ခရစ္စတန်ဆန်၊ ကာဆာဒိုတို့နှင့်လည်း လမ်းခွဲရန် ဆုံးဖြတ်ထားကြောင်း သိရသည်။

*Ref;Fabrizio Romano*



# အဲဗာတန်အသင်း အဓိကခံစစ်ကစားသမား ဘရိတ်ဝိတ် တံကောက်ကြောဒဏ်ရာကြောင့် ယခုဘောလုံးရာသီကုန်အထိ အနားယူရမည်

**လန်ဒန် မေ ၂၂**

အဲဗာတန်အသင်း အဓိကခံစစ်ကစားသမား ဘရိတ်ဝိတ်သည် မာဆေးလ်ဆိုက်ဒါဘီပွဲစဉ်အဖြစ်ကစားသည့် လီဗာပူးအသင်းနှင့်ပွဲစဉ်တွင်ရရှိသည့် တံကောက်ကြောဒဏ်ရာကြောင့် ယခုဘောလုံးရာသီကုန်အထိ အနားယူရမည်ဖြစ်ကြောင်း သိရသည်။

လီဗာပူးအသင်းက အဲဗာတန်အသင်းကို ၂ ဂိုး-၁ ဂိုးဖြင့် အနိုင်ရရှိသည့်ပွဲစဉ်တွင် ဘရိတ်ဝိတ်သည် ပွဲချိန် ၈၇ မိနစ်တွင် တံကောက်ကြောဒဏ်ရာရရှိပြီးနောက် ဆက်လက်ကစားနိုင်ခြင်းမရှိသည့်အတွက် လူစားလဲထွက်ခွာခဲ့ရခြင်းဖြစ်သည်။

ဘရိတ်ဝိတ်၏ တံကောက်ကြောဒဏ်ရာနှင့်ပတ်သက်ပြီး အသေးစိတ်စစ်ဆေးမှုများလုပ်ဆောင်ပြီးနောက် ဒဏ်ရာမှာ ပြင်းထန်နေသည့်အတွက် အနည်းဆုံး နှစ်လခန့်အနားယူရမည်ဖြစ်သောကြောင့် အဲဗာတန်အသင်းနှင့်အတူ ယခုဘောလုံးရာသီလက်ကျန်ပွဲစဉ်များအားလုံးကို လွဲချော်ရမည်ဖြစ်သည်။

ဘရိတ်ဝိတ်အနေဖြင့် ဒဏ်ရာကြောင့် အနည်းဆုံးနှစ်လခန့် အနားယူရမည်ဖြစ်သည့်အတွက် အဲဗာတန်အသင်းနှင့် ရာသီကုန်အထိအနားယူရမည်ဖြစ်သည့်အပြင် အင်္ဂလန်အသင်းနှင့်လည်း ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲကိုလည်း ပါဝင်ကစားနိုင်ရန်မသေချာတော့ဘဲ လွဲချော်ရမည့်အရေးနှင့်ရင်ဆိုင်နေရသည်။

ဘရိတ်ဝိတ်အနေဖြင့် ဒဏ်ရာကြောင့် ရာသီကုန်အထိအနားယူရမည်ဖြစ်သည့်အတွက် ဥရောပဝင်ခွင့်တစ်နေရာရရှိရန် ကြိုးပမ်းလျက်ရှိသည့် အဲဗာတန်အသင်းခံစစ်ပိုင်းအတွက် ထိုးနှက်ချက်ဖြစ်လာဖွယ်ရှိနေသည်။

ဘရိတ်ဝိတ်သည် ယခုဘောလုံးရာသီအစပိုင်းကလည်း တံကောက်ကြောဒဏ်ရာကြောင့် ကာလအတန်ကြာအနားယူခဲ့ရပြီး ယခုအခါ ဒုတိယအကြိမ်ထပ်မံအနားယူရမည်ဖြစ်ကြောင်း သိရသည်။

*Ref;Fotmob*

# ဆန်၊ ဆီ၊ ဆား၊ ဆေးနှင့် လှူဖွယ်ဝတ္ထု ပစ္စည်းများပေးအပ်လှူဒါန်း



တာချီလိတ် ဧပြီ ၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ခရိုင်/မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များ ကကြီးမှူး၍ ဆန်၊ ဆီ၊ ဆား၊ ဆေးနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဧပြီလ ၂၁ ရက် နံနက်ပိုင်းတွင် လွယ်တော်ခမ်းကျေးရွာအုပ်စုရှိ နဂါးရုံဓမ္မရိပ်သာကျောင်းတိုက်၊ ပုန်းထွန်ရပ်ကွက်ရှိ ငြိမ်းချမ်းရွှေပြည်သာ သာသနာပြုသီလရှင်စာသင်တိုက်တို့၌ ကျင်းပသည်။

ရှေးဦးစွာ လွယ်တော်ခမ်းကျေးရွာအုပ်စု နဂါးရုံကျောင်းတိုက်ဆရာတော် သာသနဓဇဓမ္မာစရိယ ဝိနယဝိဒူ ဦးတေဇောဘာသထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှဌေး၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန္ဒာထွန်းနှင့် ခရိုင်/မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဝင်များက ဆန်၊ ဆီ၊ ဆား၊ ဆေးနှင့်အတူ လှူဖွယ်ဝတ္ထုများဆက်ကပ်ပြီး ကျောင်းထိုင်ဆရာတော်ထံမှ ရေစက်ချအနုမောဒနာ တရားနာယူကြည်ညို၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ပုန်းထွန်ရပ်ကွက် ငြိမ်းချမ်းရွှေပြည်သာ သာသနာပြုသီလရှင်စာသင်တိုက် ဆရာကြီး ဒေါ်ဘဒ္ဒဥာဏီနှင့် သီလရှင်ဆရာလေးများအား ဆန်၊ ဆီ၊ ဆား၊ ဆေးနှင့်အတူ လှူဖွယ်ဝတ္ထုများဆက်ကပ်ပြီး သီလရှင်စာသင်တိုက် ဆရာကြီးထံမှ ရေစက်ချအနုမောဒနာ တရားနာယူကြည်ညို၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ဆက်လက်၍ ခရိုင်/မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဝမ်ကောင်းရပ်ကွက်ရှိဘိုးဘွားရိပ်သာနေအိမ်လိုင်းခန်းသို့သွားရောက်ကာ ပိုလီယိုဝေဒနာရှင်ကလေးနှစ်ဦးအား ဆန်၊ ဆီ၊ ဆား၊ ဆေး၊ စားသောက်ဖွယ်ရာများနှင့် ပံ့ပိုးငွေများကို ပေးအပ်ကြောင်း သိရသည်။

မြင့်မိုရ်(တာချီလိတ်)

# မိုင်းဆတ်မြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးစည်းဝေး

မိုင်းဆတ် ဧပြီ ၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား လွှတ်တော်ကိုယ်စားလှယ်များနှင့် ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီလ ၂၁ ရက် မွန်းလွဲပိုင်းတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညီညီထွေး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမိုးဇော်ဦးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းခတ္တိယတို့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးပြောကြားပြီး ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုနှင့်ပြည်နယ်ခွင့်ပြုရန်ပုံငွေများဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်မည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်မည့် အခြေအနေတို့ကို ဆွေးနွေးကြကြောင်း သိရသည်။

ယဉ်ယဉ်ဝင်း

# ကုန်းမွန်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းဆောင်ရွက်



မိုင်းခတ် ဧပြီ ၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ကုန်းမွန်ကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) မိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီလ ၂၁ ရက် နံနက်ပိုင်းတွင် ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းထွန်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်ပုံအဆင့်ဆင့်နှင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် ရှောင်ကြဉ်ရမည့် အချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မိုင်းခတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်ခုနစ်ဦးကိုကျေးရွာနေပြည်သူလူထုအများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးကြောင်းသိရသည်။

မင်းလွင်

# မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းများကွင်းဆင်းကြည့်ရှု

မိုင်းပျဉ်း ဧပြီ ၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့နယ် ခုန်နားကျောင်း (လားဟူ-အာခါ) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ အရင်းမပျောက်လည်ပတ်ရန်ပုံငွေစီမံကိန်းဖြင့် ဆောင်ရွက်လျက်ရှိသော မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများကို ဧပြီလ ၂၁ ရက် နံနက်ပိုင်းတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှတာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုကြသည်။

ထိုသို့ကြည့်ရှုရာတွင် မိုင်းပျဉ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းလောင်မိုင်းနှင့် ဝန်ထမ်းများက မွေးမြူရေးနှင့်အရောင်းအဝယ်လုပ်ငန်းများကို လိုက်လံကြည့်ရှုပြီး လုပ်ငန်းများပိုမိုအောင်မြင်အောင် ဆောင်ရွက်ရန်နည်းလမ်းများဆွေးနွေးပြောကြားသည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ အရင်းမပျောက်လည်ပတ်ရန်ပုံငွေစီမံကိန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး မွေးမြူရေးလုပ်ကိုင်သူ ၅၀ ဦးအား ငွေကျပ် ၆၃၄ သိန်း၊ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူတစ်ဦးအား ငွေကျပ် သိန်း ၂၀ နှင့်အရောင်းအဝယ်လုပ်ကိုင်သူ ငါးဦးအား ငွေကျပ် ၉၆ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၆ ဦးအား ငွေကျပ်သိန်း ၇၅၀ ထုတ်ချေးပေးထားကြောင်းသိရသည်။

မောင်အိုးစည်

# တာချီလိတ်မြို့၌ ရေကြီး၊ ရေလျှံမှုအန္တရာယ် ကြိုတင်ကာကွယ်တားဆီးနိုင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

တာချီလိတ် ဧပြီ ၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ရေကြီး၊ ရေလျှံမှုအန္တရာယ် ကြိုတင်ကာကွယ်တားဆီးနိုင်ရေးနှင့် ထိခိုက်ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီလ ၂၁ ရက် နံနက်ပိုင်းတွင် မကာဟိုခမ်းရပ်ကွက်ရှိ အောင်မြတ်ခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာမျိုးက လာမည့်မိုးရာသီကာလအတွင်း ရေကြီးရေလျှံမှုဖြစ်ပေါ်နိုင်သည့်နေရာများတွင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လိုအပ်ချက်များအား ဝိုင်းဝန်းအကြံပြုဆွေးနွေးသွားရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ရေလမ်းကြောင်းများရှင်းလင်းရေး၊ ရေစီးဆင်းမှုကောင်းမွန်စေရေးအတွက် မြောင်းများပြုပြင်ထိန်းသိမ်းရေး၊ မြေထိန်းနံရံ၊ ရေထိန်းတံခါးများဆောင်ရွက်ထားရှိမှုနှင့် မြို့တွင်းစီးဆင်းနေသည့် ရေချောင်း၊ ရေမြောင်းများမှ သဲ၊ နုန်း၊ အမှိုက်များ ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပြီးစီးမှုများနှင့် ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများအား ဆွေးနွေးပြောကြားသည်။ ဆက်လက်၍ တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများက သက်ဆိုင်ရာ ကျေးရွာရပ်ကွက်အလိုက် လိုအပ်ချက်များအား ဝိုင်းဝန်းအကြံပြုဆွေးနွေးကြကြောင်း သိရသည်။

မြင့်မိုရ်၊ နေမင်း(တာချီလိတ်)

အိမ်ပြင်ပ၌ မီးများကို
နေ့အလင်းရောင်ရှိချိန်တွင်
ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ။

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနရှိ ကောလိပ်၊ သိပ္ပံ၊ ကျောင်းများတွင်ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် နိုင်ငံသားပိုင်ကုမ္ပဏီများအား ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အစိုးရနည်းပညာကောလိပ်(မန္တလေး)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်၊ နေပြည်တော်)တို့တွင် ၂၁-၄-၂၀၂၆ ရက်နေ့မှ ၅-၅-၂၀၂၆ ရက်နေ့အထိ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို ၄-၅-၂၀၂၆ ရက်နေ့မှ ၇-၅-၂၀၂၆ ရက်နေ့အထိ ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောကျောင်းများတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးဖွင့်ရက်၊ ရုံးချိန်အတွင်း ၀၆၇၃-၄၀၄၀၂၀၊ ၀၆၇၃-၄၀၄၄၈၂(ဦးစီးဌာန၊ ရုံးချုပ်)၊ ၀၉-၇၇၆၆၈၀၂၃၈(အစိုးရနည်းပညာကောလိပ်၊ မန္တလေး)၊ ၀၉-၄၀၁၀၈၄၀၉၃(အစိုးရစက်မှုလက်မှုသိပ္ပံ၊ အင်းစိန်)၊ ၀၉-၇၅၇၂၀၄၁၀၇၊ ၀၉-၈၈၇၆၄၅၅၈၀(အစိုးရစက်မှုလက်မှုသိပ္ပံ၊ နေပြည်တော်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website များဖြစ်သော www.most.gov.mm နှင့် www.dtvet.gov.mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ငွေလုံးငွေရင်းအသုံးစရိတ်မှ စက်ကိရိယာပစ္စည်း(၂၈)မျိုးနှင့် သာမန်အသုံးစရိတ်မှ ရုံးအသုံးအဆောင်ပစ္စည်း(၂၆)မျိုးနှင့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုးတို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်းတို့အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပြီး တင်ဒါပုံစံများကို **ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၂၉) နေပြည်တော်**တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

**စက်ကိရိယာပစ္စည်း(၂၈)မျိုး**

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက် | - | ၂၇-၄-၂၀၂၆ ရက်မှ ၈-၅-၂၀၂၆ ရက်အထိ |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - | ၈-၅-၂၀၂၆ ရက်(သောကြာနေ့)(၁၅:၀၀)နာရီ |
| တင်ဒါဖွင့်ဖောက်မည့်ရက် | - | ၁၄-၅-၂၀၂၆ ရက်(ကြာသပတေးနေ့) |

**ရုံးအသုံးအဆောင်ပစ္စည်း(၂၆)မျိုးနှင့် လုပ်ငန်းသုံးပစ္စည်း(၁)မျိုး**

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက် | - | ၂၇-၄-၂၀၂၆ ရက်မှ ၈-၅-၂၀၂၆ ရက်အထိ |
| တင်ဒါပိတ်မည့်ရက်နှင့်အချိန် | - | ၈-၅-၂၀၂၆ ရက်(သောကြာနေ့)(၁၅:၀၀)နာရီ |
| တင်ဒါဖွင့်ဖောက်မည့်ရက် | - | ၂၁-၅-၂၀၂၆ ရက်(ကြာသပတေးနေ့) |

၃။ တင်ဒါတင်သွင်းရန် တင်ဒါလျှောက်လွှာပုံစံဝယ်ယူသည့်နေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပြီး ပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(အစည်းအဝေးခန်းမ)၊ ရုံးအမှတ်(၂၉)၊ နေပြည်တော်တွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

၄။ ပို့ဆောင်ရေးဝန်ကြီးဌာန၏ Website www.motc.gov.mm နှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ Website www.rtad.gov.mm၊ www.myanmarrtad.com တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**
**ပို့ဆောင်ရေးဝန်ကြီးဌာန**
ဖုန်း- ၀၆၇-၄၀၅၀၉၈၊ ၀၆၇-၄၀၅၃၆၀

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်(စက်ပစ္စည်း)ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဝယ်ယူရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ Polytechnic University များတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်(စက်ပစ္စည်း) ခွင့်ပြုရန်ပုံငွေဖြင့် သင်ထောက်ကူပစ္စည်းများ၊ စက်ပစ္စည်းများ၊ ရုံးသုံးစက်ပစ္စည်းများနှင့် ပရိဘောဂပစ္စည်းများအား ဝယ်ယူဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်(မန္တလေး)တို့တွင် (၂၁-၄-၂၀၂၆)ရက်နေ့မှ(၅-၅-၂၀၂၆)ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို (၄-၅-၂၀၂၆)ရက်နေ့မှ (၇-၅-၂၀၂၆)ရက်နေ့အထိ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀(ဦးစီးဌာန၊ ရုံးချုပ်)၊ ဖုန်း-၀၁-၈၆၅၁၇၂၁(ရန်ကုန်နည်းပညာတက္ကသိုလ်)၊ ဖုန်း-၀၉-၆၇၂၈၂၆၇၇(နည်းပညာတက္ကသိုလ်(မန္တလေး))တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော https://dast.edu.mm/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## ကျန်းမာရေးဝန်ကြီးဌာန
## ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၆-၂၀၂၇)ဘဏ္ဍာရေးနှစ်၊ သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများနှင့် စက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက်ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့်စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

| | | |
|---|---|---|
| တင်ဒါအမှတ် | - | Tender.3.Med & Med Supplies and Reagents(2026–2027) |
| | - | Tender.4.Equipment(2026–2027) |
| တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - | ၂၃-၄-၂၀၂၆ ရက်နေ့ |
| တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် | - | ၇-၅-၂၀၂၆ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ |

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅/၀၆၇-၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
ပြည်သူ့ကျန်းမာရေးဦးစီးဌာန


**ဖခင်အမည်မှန်**
အထက ရှောပြာ၊ ပုသိမ်၏ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ Grade-6 မှ မောင်အောင်ခင်ဖေ၏ဖခင် ဦးချမ်းငြိမ်း၏အမည်မှန်မှာ ဦးချမ်းငြိမ်းကျော်ကျော် ၁၄/ပသန(နိုင်) ၂၇၁၈၀၂ ဖြစ်ပါကြောင်း။
**ဦးချမ်းငြိမ်းကျော်ကျော်**

**ပျောက်ဆုံးကြောင်း**
မျိုးချစ်(ဘ)ဦးချစ်တင် ၁၂/ဒဂဆ(နိုင်) ၀၀၃၃၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
မြင့်ဇော်မိုး(ဘ)ဦးမြင့်စိုး ၁၄/မအန(နိုင်) ၁၇၃၇၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ကျိန်ရှင်းလွန်(ဘ)ဦးကျင်ခိုထန် ၅/ကလထ(နိုင်)၂၀၉၅၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
လာလ်ဟရွယ်ဖဲလ်(ဘ)ဦးမွန်ထန်း ၅/ကလထ(နိုင်)၃၃၂၀၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
မာရိယာကော်ရင်းရှ(ဘ)ဦးအောင်ယု ၁၃/ဖလန(နိုင်)၀၅၀၆၁၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံး ကြောင်း**
သော်လင်းဝင်း(ဘ)ဦးဝင်းမောင် ၇/ဒဥန(နိုင်)၁၁၈၉၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံး ကြောင်း**
ချစ်ရအောင်(ဘ)ဦးတင့်နိုင် ၁၂/ကမရ(နိုင်)၁၄၆၇၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံး ကြောင်း**
အောင်မျိုးဦး(ဘ)ဦးခင်ဝင်း ၁၂/ကမတ(နိုင်)၀၆၆၂၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## ၂၀၂၆-၂၀၂၇ ခုနှစ်၊ ဘဏ္ဍာရေးနှစ်အတွက်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာအထက်တန်းကျောင်းများ၊ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများနှင့် သက်မွေးပညာသင်တန်းကျောင်းများအတွက် လိုအပ်သောသင်ကြားရေးသုံးသင်ထောက်ကူစက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၁-၄-၂၀၂၆ ရက်နေ့မှစ၍ ၄-၅-၂၀၂၆ ရက်နေ့အထိ ရုံးချိန်အတွင်း အစိုးရနည်းပညာကောလိပ်(မန္တလေး)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)တို့တွင် ဝယ်ယူနိုင်ပြီး ၄-၅-၂၀၂၆ ရက်နေ့မှ ၅-၅-၂၀၂၆ ရက်နေ့ထိ ညနေ (၄:၀၀)နာရီနောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပုံစံဝယ်ယူခဲ့သောကျောင်းသို့ တင်ဒါများတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အဆိုပါသင်ကြားရေးသုံးသင်ထောက်ကူစက်ပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ပရိဘောဂများအား သက်ဆိုင်ရာဌာနနှင့် ကျောင်းများသို့ အရောက်ပေးပို့တပ်ဆင်ပေးနိုင်ရမည်။ လိုအပ်ပါက နည်းပညာဆိုင်ရာ သင်တန်းပေးဆောင်ရွက်နိုင်ရမည်။

၄။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်းနံပါတ်-၀၆၇-၃၄၀၄၅၀၅(ဦးစီးဌာန၊ ရုံးချုပ်)၊ ၀၉-၈၉၇၆၅၃၃၇၅ အစိုးရနည်းပညာကောလိပ်(မန္တလေး)၊ ၀၉-၈၈၇၆၄၅၅၈၀/ ၀၉-၇၅၇၂၀၄၁၀၇ အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)နှင့် ၀၉-၄၀၁၀၈၄၀၉၃ အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး website ဖြစ်သော www.most.gov.mm နှင့် www.dtvet.gov.mm တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဏုမြူစွမ်းအင်ဦးစီးဌာန
## ဆောက်လုပ်ရေးလုပ်ငန်း၊သုတေသနလုပ်ငန်းသုံးပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာပစ္စည်းများနှင့် ရုံးသုံးပရိဘောဂများဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွက် အဏုမြူစွမ်းအင်ဦးစီးဌာနတွင် အသုံးပြုမည့် အောက်ဖော်ပြပါဆောက်လုပ်ရေးလုပ်ငန်း၊ သုတေသနလုပ်ငန်းသုံးပစ္စည်းများ၊ ရုံးသုံးစက်ကိရိယာများနှင့် ရုံးသုံးပရိဘောဂများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| Lot | ဆောက်လုပ်ရေးလုပ်ငန်းများ | အရေအတွက် |
|---|---|---|
| Lot-1 | မော်ဘီမြို့၊ စမ်းသပ်စက်ရုံဝင်း အုတ်တံတိုင်း(ခြံစည်းရိုး) ကာရံခြင်း(ဘရိတ်ဆူးကြိုး ၁' ၆"အပါ) | ၁ မျိုး |
| Lot-2 | မော်ဘီရုံးခွဲရှိ SSDL အဆောက်အဦအားအမိုးမိုးခြင်းနှင့် Steel Structure ရေစင် ၁၉ ပေအမြင့်ဆောက်လုပ်ခြင်း | ၁မျိုး |
| Lot-3 | နတ်မောက်ရုံးခွဲတွင် 30 KW Solar Installation တပ်ဆင်ခြင်း | ၁ မျိုး |

| Lot | စက်ပစ္စည်းများ | အရေအတွက် |
|---|---|---|
| Lot-1 | သုတေသနလုပ်ငန်းသုံးပစ္စည်းများ | ၅ မျိုး |
| Lot-2 | ရုံးသုံးစက်ပစ္စည်းနှင့်ပရိဘောဂ | ၃ မျိုး |

၂။ အိတ်ဖွင့်တင်ဒါခေါ်ယူသည့်ပစ္စည်းနှင့်ပတ်သက်သောအသေးစိတ်အချက်အလက်များအား အဏုမြူစွမ်းအင်ဦးစီးဌာန၊ ရုံးအမှတ်(၂၁)၊နေပြည်တော် ကြော်ငြာသင်ပုန်းနှင့် www.daemyanmar.com တွင်ကြေညာထားမည်ဖြစ်ပါသည်။

၃။ တင်ဒါပုံစံရောင်းချမည့်ရက် - (၂၃-၄-၂၀၂၆)ရက်မှ (၇-၅-၂၀၂၆)ရက် (၁၆:၀၀)နာရီထိ

၄။ အိတ်ဖွင့်တင်ဒါနောက်ဆုံး တင်သွင်းရမည့်ရက် - (၇-၅-၂၀၂၆)ရက်(၁၆:၀၀)နာရီထိ

၅။ တင်ဒါပုံစံဝယ်ယူ/တင်သွင်း ရမည့်နေရာ - အဏုမြူစွမ်းအင်ဦးစီးဌာန၊ ရုံးအမှတ်(၂၁)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နေပြည်တော်

၆။ ဆက်သွယ်ရန်ဖုန်း- ဖုန်း-၀၆၇-၃၄၀၄၅၀၁၁၊ ၀၆၇- ၃၄၀၄၅၀၁၂

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး)ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနအောက်ရှိ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်များ၊ Polytechnic University များတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး) ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်း(၂၀၉)ခု ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)၊ ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်(မန္တလေး)တို့တွင် (၂၁-၄-၂၀၂၆)ရက်နေ့မှ(၅-၅-၂၀၂၆)ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို(၄-၅-၂၀၂၆)ရက်နေ့မှ (၇-၅-၂၀၂၆)ရက်နေ့အထိ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၃၄၀၄၆၅၀(ဦးစီးဌာန၊ ရုံးချုပ်)၊ ဖုန်း-၀၁-၈၆၅၁၇၂၁(ရန်ကုန်နည်းပညာတက္ကသိုလ်)၊ ဖုန်း-၀၉-၆၇၂ ၈၂၂၆၇၇(နည်းပညာတက္ကသိုလ်(မန္တလေး))တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး ဦးစီးဌာန၏ Website ဖြစ်သော https://dast.edu.mm/ တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းအသုံးစရိတ်(ဆောက်လုပ်ရေး)ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများတွင် QA/QC လုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဆောင်ရွက်မည့် တည်ဆောက်ရေးလုပ်ငန်းများတွင် QA/QC လုပ်ငန်းများဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန(ရုံးချုပ်)တွင် (၂၁-၄-၂၀၂၆)ရက်နေ့မှ (၅-၅-၂၀၂၆)ရက်နေ့အထိ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ပြန်လည်တင်သွင်းလာမည့် တင်ဒါပုံစံများကို(၄-၅-၂၀၂၆)ရက်နေ့မှ (၇-၅-၂၀၂၆)ရက်နေ့အထိ ရုံးချိန်အတွင်း တင်ဒါပုံစံဝယ်ယူခဲ့သောနေရာတွင် ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးဖွင့်ရက် ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၆၇-၃၄၀၄၆၅၀(ဦးစီးဌာန၊ ရုံးချုပ်)တွင် ဆက်သွယ်စုံစမ်းနိုင်ပြီး Website ဖြစ်သော https://dast.edu.mm/ တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မြင်းခြံမြို့၊ အမှတ်(၄)ရပ်ကွက်၊ အကွက်အမှတ်(၂၂)၊ ဦးပိုင်အမှတ်(၃၃)၊ ဦးပျော့အမည်ပေါက် (အလျား ၂၄'-၆"x အနံ ၃၂'-၀")အတိုင်းအတာရှိသောဝိုင်းမြေပေါ်တွင် ဦးဇော်မျိုးထွန်း(၉/ မခန(နိုင်)၂၆၂၀၆၅)ကိုင်ဆောင်သူမှ(အလျား ၂၀'-၀"x အနံ ၂၀'-၀")Iron Frame (၂)ထပ် အဆောက်အဦ ဆောက်လုပ်ခွင့်ပြုပါရန်လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦ ဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ပျောက်ဆုံးကြောင်း

ဆောမြို့နယ်၊ လယ်ရင်းရွာနေ ချစ်ချစ်ဇော်(ဘ)ဦးခင်ထွေးမောင် ၈/ဆမန(နိုင်)၀၆၀၅၉၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

သုံးခွမြို့၊ ပုလဲကျေးရွာနေ အေးလဲ့မွန်ကျော်(ဘ)ဦးကျော်အေး ၁၂/သခန(နိုင်)၁၂၇၂၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

### ပျောက်ဆုံးကြောင်း

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ လှာကမြင်ကျေးရွာနေ မနုနုလှိုင်(ဘ) ဦးတင်မောင် ၁၀/သထန(နိုင်)၀၃၈၇၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၂၇၉၅၇၀၅

### ပျောက်ဆုံးကြောင်း

နတ်တလင်းမြို့၊ သာဇီရပ်ကွက်၊ ရန်အောင်မာရ်အောင်လမ်းနေ ပန်းအိဖြူ(ဘ)ဦးရဲနိုင် ၇/နတလ(နိုင်)၁၅၂၉၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၈၀၇၀၅၆၁


သွားဆရာဝန်များ၏
ထောက်ခံချက်ရရှိထားပါသည်။
Dentist Recommended
ကာဝရလှပသော အပြုံးအတွက်
DENTOMEC
FDA အမှတ်-2212 PCE 0013
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
ပင်ရင်းအရောင်း-ဖုန်း - ၀၉ ၆၉၅၀၉၆၉၄၃၊ ၀၉ ၇၉၀၉၀၃၄၃၁
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


အရည်အသွေးမြင့်မား တာယာ မှာ
TRISTAR
TYRE
TBB,TBR,PCR တာယာအရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။
CYCLE TYRE
LIGHT TRUCK TYRE
သုံးဘီးဆိုင်ကယ် တာယာ
CAR TYRE
ပင်ရင်းအရောင်း
ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉၄၅၃၂၅၅၅၄၅
STARMART NINE MILE Showroom
(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART
မဂ်လာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale
၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့
ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw
ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား
ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇


ကြံတောင်သူစီးပွား ၊ ပြည်တွင်းသကြား ၊
ဝယ်ယူအားပေးကြပါစို့။
FDA- ၈၅/ ၂၁၃၄၉/ ထလ
canesugarokt7 @gmail.com
အုတ်တွင်းသကြားစက်


အရည်အသွေးမှာထိပ် ဆင်မင်းတံဆိပ် ဘိလပ်မြေ
SIN MINN
ISO 9001
BUREAU VERITAS
Certification
BEST QUALITY
CEMENT
ASTM.C150 TYPE I (42.5)
ဆင်မင်းဘိလပ်မြေ
BEST QUALITY
CEMENT
ASTM.C150 TYPE II (32.5)
ဆင်မင်းဘိလပ်မြေ
ဆက်သွယ်ရန် - ဖုန်း ၀၉ ၆၈၆၉၉၃၅၈၁၃၊ ၀၉ ၇၉၆၁၁၁၅၅၉၊ email : scfg.kyaukse@gmail.com

# ဒုတိယသမ္မတ ဦးညိုစော ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Sihasak Phuangketkaew ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံရှိရင်းစွဲ သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာလာစေရေးဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Sihasak Phuangketkaew ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို လက်ခံတွေ့ဆုံစဉ်။

**နေပြည်တော် ဧပြီ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဒုတိယသမ္မတ ဦးညိုစောသည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Sihasak Phuangketkaew ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ဧည့်တွေ့ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ ➲**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး မကွေးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား**

စာ - ၁၆ သို့

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး ဒေါ်နီလာ မကွေးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံတွင်တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေး**

စာ - ၁၅ သို့

**အီရန်နှင့်နှစ်နိုင်ငံအကြား အပစ်အခတ်ရပ်စဲရေးကို ထရမ့်ထပ်မံသက်တမ်းတိုး**

စာ - ၂၃ သို့

**တောင်အာဖရိကတွင် ရေကြီးမှုဖြစ်ပွားပြီးနောက် ငှက်ဖျားရောဂါ ဖြစ်ပွားမှုနှုန်းမှာ စိုးရိမ်ဖွယ်ရာမြင့်တက်**

စာ - ၂၃ သို့

## PDF အမည်ခံအဖွဲ့များ ဥပဒေဘောင်အတွင်းခိုလှုံဝင်ရောက်ရန် ဖိတ်ခေါ်နှိုးဆော်တိုက်တွန်း

**နေပြည်တော် ဧပြီ ၂၂**

နိုင်ငံတော်အတွင်း အကြမ်းဖက်မှုများဖြစ်ပွားစေရန် သွေးထိုးလှုံ့ဆော်ပြီး ပြည်ပသို့ ထွက်ပြေးသွားခဲ့ကြသူများက ဥပဒေအခြေခံမရှိဘဲ ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ (CRPH) နှင့် အမျိုးသားညီညွတ်ရေးအစိုးရ (NUG ) တို့ကို တရားမဝင်ဖွဲ့စည်းဆောင်ရွက်ခဲ့ကြကာ အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်အတွက် PDF အမည်ခံအဖွဲ့များကိုဖွဲ့စည်းပြီး နိုင်ငံတော်ကို ဆန့်ကျင်တိုက်ခိုက်စေခဲ့ကြသည်။

CRPH နှင့် NUG တို့သည် နိုင်ငံရေးအရ မှန်ကန်ခိုင်မာသည့် ရပ်တည်ချက်မရှိဘဲ ရှေ့နောက်မညီသည့် ထုတ်ပြန်ပြောဆိုမှုများကို ပြုလုပ်ခဲ့သည်။ CRPH က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ဖျက်သိမ်းကြောင်း ကြေညာခဲ့ပြီး NUG ကို ဖွဲ့စည်းခဲ့သည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ကျင်းပခဲ့ခြင်းဖြစ်ပြီး ယင်းအခြေခံဥပဒေပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအရ ဆက်လက်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ CRPH က ကြေညာသည့်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပျက်ပြယ်သွားပြီဆိုပါလျှင် ၎င်းတို့လွှတ်တော်ကိုယ်စားလှယ်များဆိုသည်မှာလည်း အလိုအလျောက် ပျက်ပြယ်သွားမည်ဖြစ်ပြီး ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြု ကော်မတီဆိုသည်မှာလည်း ရှိတော့မည်မဟုတ်သကဲ့သို့ NUG ကို ဖွဲ့စည်း၍ပင်မရတော့ပေ။

အခြားတစ်ဖက်တွင်လည်း CRPH နှင့် NUG တို့က ၎င်းတို့သည်သာ ပြည်သူရွေးကောက်တင်မြှောက်ထားသည့် တရားဝင်အစိုးရဟုဆိုပြန်သည်။ ထိုသို့ဆိုလျှင် ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)ကို အသိအမှတ်ပြုနေခြင်းပင်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိတော့ဟု ဆိုပါလျှင်၎င်းတို့လည်းရှိတော့မည်မဟုတ်ပေ။ ၎င်းတို့ တရားဝင်တည်ရှိနေသည်ဆိုပြန်လျှင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)က တည်ရှိဆဲဖြစ်သည်ကို အသိအမှတ်ပြုသကဲ့သို့ ဖြစ်နေသည်။ CRPH နှင့် NUG တို့သည် လမ်းပေါ်လျှောက်ရင်း လမ်းပျောက်နေသူများပင်ဖြစ်သည်။

၎င်းတို့သာ ရွေးကောက်ခံအစိုးရဆိုပြီး NUG ကို ဖွဲ့စည်းကြသူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အရ သက်တမ်းကကုန်ပြီဖြစ်သည်။ ၎င်းတို့သည် မည်သို့ပင်တရားဝင်သည်ပြောနေသော်လည်း အခြေခံဥပဒေဖျက်သည်ဆိုလျှင်လည်း ပျက်သည့်အဖွဲ့အစည်း၊ အခြေခံဥပဒေတည်ဆဲပါဆိုလျှင်လည်း သက်တမ်းကုန်သည့် အဖွဲ့အစည်းအဖြစ် ရုပ်လုံးသဏ္ဌာန်မှာ ပီပြင်လာခဲ့ပြီဖြစ်သည်။

**စာမျက်နှာ ၂၇ ကော်လံ ၁ ❍**